
www.burmeseclassic.com

SPW

# စောပြည့်ရတနာ

## ပြောင်းလဲပယ်လိုက်ရခြင်း၏ အကြောင်းရင်း



Graphic Design Aung Hlaing Bwa

www.burmeseclassic.com

www.burmeseclassic.com

စာမူခွင့်ပြုချက်အမှတ် ၅၀၀၂၆၃၀၅၀၃
မျက်နှာဖုံးခွင့်ပြုချက်အမှတ် ၅၀၀၄၂၀၀၅၀၄
ကွန်ပျူတာစာစီ ဒွန်း
ဒီဇိုင်း AUNG HLAING BWA
ထုတ်ဝေခြင်း ပထမအကြိမ်၊
၂၀၀၅၊ ဇွန်လ
တန်ဖိုး (၂၀၀)ကျပ်
စာအုပ်ရေ (၅၀၀)အုပ်
ထုတ်ဝေသူ ဒေါ်စိန်လှလှသန်းရင်(၃၆၆၀)
ဇော်ပြည့်ဝန်းစာပေ၊ အမှတ်(၁)၊
(၂၂၇/၂၂၉)၊ ၁၅၁လမ်းနှင့်ကျိုက္ကဆံလမ်း၊
ဖိုင်းရွာမရပ်ကွက်၊ ကျောက်မြောင်း၊
တာမွေမြို့နယ်၊ ရန်ကုန်မြို့။

မျက်နှာဖုံးနှင့်
အတွင်းပုံနှိပ်သူ ဒေါ်ခင်ခင်ဝင်း (ကလျာပုံနှိပ်တိုက်)(၀၂၆၇၀)
(၁၅၂)ကျွန်းရွှေမြိုင်လမ်း၊
စုပေါင်းအိမ်ယာရပ်ကွက်၊
သဃ်န်းကျွန်းမြို့နယ်၊ ရန်ကုန်မြို့။

ဖြန့်ချိရေး ဇော်ပြည့်ဝန်းစာပေ၊ အမှတ်(၁)၊
(၂၂၇/၂၂၉)၊ ၁၅၁လမ်းနှင့်ကျိုက္ကဆံလမ်း၊
ဖိုင်းရွာမရပ်ကွက်၊ ကျောက်မြောင်း၊
တာမွေမြို့နယ်၊ ရန်ကုန်မြို့။
၀၁-၅၄၉၂၇၀

BURMESE CLASSIC

SPW

# ဇော်ပြည့်ဝန်းစာပေ

အမှတ်(၁)၊ (၂၂၇/၂၂၉)၊
၁၅၁လမ်းနှင့်ကျိုက္ကဆံလမ်း၊
ဖိုင်းရွာမရပ်ကွက်၊
ကျောက်မြောင်း၊ တာမွေမြို့နယ်
ရန်ကုန်မြို့။
ဖုန်း−၅၄၉၂၇၀

www.burmeseclassic.com

www.burmeseclassic.com

## - တစ် -

အချစ်ဆိုသည်မှာ လောင်းကြေးထပ်ပြီး ကစားစရာပလာဝ် စတစ်အရုပ်ကလေးတစ်ရုပ် မဟုတ်မှန်းသိထားပါရက်နှင့် ကစားခဲ့မိတာ အမှားတစ်ခုရယ်...။

လောကတွင်အမှားတစ်ခုကို ကျူးလွန်မိဖို့အတွက် ထိုအမှားက မိမိထံရောက်ရှိလာခြင်းမျိုးမဟုတ်...။

မိမိကသာ အမှားကိုတောင်းယန်ဖိတ်ခေါ်လိုက်ခြင်းဖြစ်ပေ၏။



www.burmeseclassic.com

www.burmeseclassic.com



ထိုအများအတွက် ကြေကွဲမှုတွေ၊ ပူဆွေးမှုတွေနှင့်ဝမ်းနည်းသောက အတွေတွေရောက်လာမှ မှားမှန်းသိခဲ့ရသည်။

ထိုအများအတွက် နောင်တရနေလို့လည်း ဘာတစ်ခုမှ ထူးခြားလာမှာမဟုတ်တော့၊ ရင်ကော့၍သာ ခံလိုက်ရုံသာရှိပေတော့၏။

BURMESE CLASSIC

အခုဖြင့် ရွှေစင်ဆိုသည့် ခပ်ချောချောမိန်းမလှလေး ကြေကြေကွဲကွဲ ခံစားနေရပါပြီ…။

ရွှေစင်သည် အရပ်မြင့်မြင့်၊ အသားဖြူဖြူ၊ မျက်ခုံးကောင်းကောင်း၊ မျက်တောင်ကော့ကော့၊ နှာတံပေါ်ပေါ်၊ မျက်နှာသွယ်သွယ်နှင့်ပြည့်တင်မို့မောက်သည့် ကိုယ်ခန္ဓာအလှပိုင်ရှင် မိန်းမချောလေးတစ်ယောက်ဖြစ်၏။

ဤမျှလောက် ချောမောလှပသည့် မိန်းကလေးကို စိတ်မဝင်စားသည့်ယောကျ်ားလေး မရှိသလောက်ရှားပါပေ၏။

ရွှေစင်သည် ယောကျ်ားလေးများ စိတ်ဝင်စားလောက်အောင် ပြင်ဆင်ထားတတ်သလို၊ အမြဲတမ်းတက်ကြွလန်းဆန်းနေ





…သည်။

ယခုတော့…

ရွှေစင်သည် မိမိနေထိုင်သည့်အခန်းတွင်းမှာ ကြေကြေ…ကွဲကွဲ ခံစားနေရသည်။

မျက်ဝန်းအိမ်မှဖိတ်စင်ထွက်ကျလာသည့် မျက်ရည်များ…သည် တားဆီးမရအောင်ဖြစ်နေပါ၏။

မိမိ၏လုပ်ရပ်ကြောင့် ရှက်လည်းရှက်၊ သံယောဇဉ်က…ည်ဖြတ်မရသည့်အတွက် ရှေ့ဆက်ဘာလုပ်ရမည်ကိုသာ စဉ်း…ရဖြစ်နေရ၏။

စာရေးစားပွဲပေါ်ရှိ စားပွဲတင်နာရီလေးနှင့်ဟန်းဖုန်းလေး…သည် ရွှေစင်ကို လှောင်နေကြသလိုလိုရှိယ်ပါ…။

နာရီလေး၏ မျက်နှာစာမှန်ထက်တွင် အသဲပုံလေးရှိနေပြီး…တွင်းရှိလက်တံအရင်းတွင် ဓာတ်ပုံလေးတစ်ပုံရှိနေ၏။

ဓာတ်ပုံပိုင်ရှင်၏ မျက်နှာလေးသည် ပြုံးရွှင်နေသည့်…တ် ရွှေစင်ကို လှောင်နေသလိုဖြစ်နေသည်။



www.burmeseclassic.com

www.burmeseclassic.com



ရွှေဇင်သည် နာရီလေးကို မျက်တောင်မခတ်၊ စိုက်ကြည့်နေသည်။

ကြေကွဲမှုလေးများသည် တရွေ့ရွေ့မေ့ပျောက်စပြုနေ၏။

စိတ်ထဲတွင် ပျော်ရွှင်ကြည်နူးမှုလေးတွေ အလိပ်လိပ်ပေါ်ထွက်လာသည်။

မိမိနားထဲတွင်လည်း သာယာလှသည့်အသံတစ်ခုခုကိုကြားနေရသည်။

ထိုအသံသည် ရွှေဇင်အတွက် ဘယ်လိုမှမေ့ပျောက်မရသည့်အသံဟု ဆိုကမမှားနိုင်ပေ…။

တစ်ချိန်တစ်ခါသော အချိန်ကာလက ထိုအသံလေးတွေနှင့် ပျော်ရွှင်ကြည်နူးနေမိခဲ့သည်။

ယခုတော့ ထိုအသံတွေသည် ရွှေဇင်အနားမှာ မရှိတော့ကြက်ပျောက်၊ ငှက်ပျောက်သလို ပျောက်ကွယ်သွားပေပြီ…။

ထိုအတွက် ရွှေဇင် ဘာဆက်လုပ်ရမည်နည်း၊ လုပ်စရာတစ်ခု သာကျန်တော့သည်။





"အဲဒီအတွက် ဘာဆက်လုပ်ဖို့စိတ်ကူးထားလဲ မိရွှေဇင်၊ နင် စဉ်းစားစမ်း…စဉ်းစားစမ်း၊ ဒီလိုပုံစံနဲ့ နင် နောက်ဆုတ်ပြီးအရှုံးပေးလိုက်တော့မှာလား၊ ပြောစမ်း…ပြောစမ်း…မိရွှေဇင်…"

ရွှေဇင်သည် ငုံ့နေသည့်ခေါင်းလေး အပေါ်သို့မော့လာသည်။ တုတ်တုတ်မျှမလုပ်သည့် ခြေလက်တွေ စတင်လှုပ်ရှားလာသည်။

ဟုတ်တယ်…ငါ အရှုံးပေးလို့မဖြစ်ဘူး၊ အရှုံးပေးရင် ငါညံ့ရာကျသွားမှာပေါ့၊ ငါ တစ်ခုခုလုပ်မှရမယ်၊ လုပ်ရမယ်…

ငါ ဒီလိုငိုနေလို့မဖြစ်ဘူး၊ ဘယ်လိုနည်းနဲ့မှ မဖြစ်နိုင်ဘူး၊ အဲဒီတော့ ဒါတွေကိုသံယောဇဉ်တွယ်နေလို့ မရတော့ဘူး၊ သွားစမ်း၊ ကဲ…ဒီပစ္စည်း…

ဒုန်း…

ချွင်း…ချွမ်း…

ရွှေဇင်သည် စားပွဲပေါ်တင်ထားသည့် နာရီလေးကိုယူပြီး နံရံကိုပစ်ပေါက်လိုက်၏။



www.burmeseclassic.com

www.burmeseclassic.com



နာရီလေးသည် နံရံကိုထိမှန်ပြီး အောက်သို့ပြုကျသွား သည်။

မှန်ကွဲစလေးများသည် အောက်ခြေကြမ်းထက်၌ ကြေမွ ပြန့်ကျဲနေတော့၏။

တစ်..တစ်..တစ်..တစ်...

မည်သို့ပင်ဖြစ်စေကာမူ နာရီလေးသည် စက်ရပ်သွားခြင်း မရှိ ဆက်သွားနေဆဲရှိနေ၏။

ရွှေစင်သည် တတစ်တစ်နှင့်စက္ကန့်တံလေး ရွေ့နေသည် ကို ငုံ့ကြည့်ပြီး ဘာလုပ်ရမှန်းမသိအောင် ဖြစ်နေရတော့၏။

ØØØ ØØØ ØØØ



- နှစ် -

"ဟင်..သမီး ရွှေစင်၊ ဘာလို့ငိုနေတာရတာလဲကွယ်.."

ထွက်ပေါ်လာသည့်အသံသည် ဂရုဏာသံတွေလွှမ်းမိုးနေ သည်။

အသံပိုင်ရှင်မှာ တစ်ခြားသူတစ်ဦးတစ်ယောက်မဟုတ်၊ ရွှေစင်၏မိခင် ဒေါ်နွယ်နွယ်၏ အသံပင်ဖြစ်သည်။

ဒေါ်နွယ်နွယ်သည် တကယ်အေးဆေးသည့်အမျိုးသမီး တစ်ယောက်ဖြစ်သလို မွေးထားသည့်သားသမီးတွေကိုလည်း ဂရု စိုက်နိုင်လွန်းသည့် မိခင်တစ်ယောက်ပါ...။

"မမငွေစင်ကို သတိရလို့ပါ မာမီ..."



www.burmeseclassic.com

www.burmeseclassic.com



ထိုစကားကြောင့် မိခင် ဒေါ်နွယ်နွယ်၏မျက်နှာသည် သေိသောဖျက်သွားရရင်း…

"ဘာတတ်နိုင်မှာလဲ သမီးလေးရယ်၊ သေခြင်းတရားဆိုတာ ကြီးတယ်ငယ်တယ်၊ ဖိုတယ်အိတယ်ဆိုတာ မရှိပါဘူးကွယ်"

ဖြေသိပ်စကားကို ပြောလိုက်ရပေမယ့် ရင်ထဲမှာတော့ သောကမီးတွေ တောက်လောင်နေသည်။

"မဟုတ်ဘူး မာမီ၊ အခု မမငွေဇင် သေရတာရိုးရိုးသားသားမဖြစ်နိုင်ဘူး မာမီ…"

"ဘယ်လို..ဘယ်လို သမီးငယ်၊ ပြန်ပြောပါဦး မာမီ နားမရှင်းဘူး…"

ဒေါ်နွယ်နွယ်သည် ရွှေဇင်ကို နားမလည်စွာဖြင့် ကြည့်ရင်းဆိုလာ၍…

"ရွှေဇင်ကတော့ အဲဒီလိုပဲထင်တယ် မာမီ၊ မမငွေဇင် ဘာကြောင့်သေရတယ်ဆိုတာကိုပဲ စုံစမ်းနေတာပါ…

တကယ်တော့ မမငွေဇင် မရှိတော့တာ ရွှေဇင့်ဘဝ





တစ်ခုလုံး သေဆုံးသွားရသလို ပဲ မာမီ…"

ထိုသို့ပြောပြီးနောက် ရွှေဇင်သည် ထွက်ကျလာသည့် မျက်ရည်စီးကြောင်းလေးနှစ်ကြောင်းကို လေးတွဲစွာသုတ်လိုက်၏။

"ပြီးခဲ့တာတွေလည်းပြီးခဲ့ပါပြီ သမီးလေးရယ်၊ အဲဒီအကြောင်းတွေကို မပြောပါနဲ့တော့ကွယ်၊ မာမီ ဘာမှမကြားနိုင်တော့လို့ပါ…"

"မာမီ ပြောတာ သမီး လက်ခံပါတယ်၊ တကယ်တော့ ဒယ်ဒီမရှိတော့တဲ့နောက်ပိုင်းမှာ မာမီရယ်၊ မမငွေဇင်ရယ်၊ သမီးရွှေဇင်ရယ် ကျွန်မိသားစုသုံးယောက် စည်းစည်းလုံးလုံးနဲ့ပျော်ပျော်ရွှင်ရွှင်နေကြမယ်လို့ စိတ်ကူးထားမိခဲ့တယ် မာမီ…"

ရွှေဇင် တစ်ချက်ရှိုက်လိုက်ပြီး မျက်ရည်တွေကို သုတ်လိုက်သည်။

"အခုတော့ ရွှေဇင်ရဲ့စိတ်ကူးတွေအားလုံး ပျက်စီးသွားခဲ့ပြီ မာမီ…

သမီး ဘယ်လောက်အထိ ခံစားနေရတယ်ဆိုတာ ပြောပြ



www.burmeseclassic.com

www.burmeseclassic.com



လို့ရရင် ပြောပြချင်ပါတယ် မာမီရယ်…”

“မာမီ သိပါတယ် သမီးငယ်၊ ဘာပဲဖြစ်ဖြစ် တရားနဲ့သာဖြေပါတော့ သမီးငယ်၊ မာမီလည်း အဲဒီလိုပဲဖြေနိုင်ဖို့ ကြိုးစားနေရတာပဲ…”

ဒေါ်နွယ်နွယ်သည် တပ်ထားသည့်မျက်မှန်ကို အပေါ်ကိုတင်လိုက်ပြီး ထွက်ကျနေသည့်မျက်ရည်တွေကို သုတ်လိုက်သည်။

ထို့နောက် သက်မမောကြီးတစ်ချက်ကို လေးတွဲစွာချလိုက်ပြီး…

“သမီး စဉ်းစားလေ မာမီ ဘယ်လောက်ခံစားရမလဲဆိုတာ၊ မကြာခင်ကပဲ သမီးရဲ့ဒယ်ဒီက ကားအက်စီဒန့်နဲ့ဆုံးတယ်..

လပိုင်းမှာပဲ သမီးကြီး ဆုံးတယ်၊ ဘယ်လောက်အထိခံစားရမလဲဆိုတာ မာမီ ရှုးမတတ်ပါပဲ သမီးရယ်…

မာမီ ဖြေလိုက်ပါတယ် သမီး၊ မာမီ အဲဒီလိုခံစားနေလို့အိုပဲ၊ ဘာဖြစ်လို့လဲဆိုတော့ သမီးလေးရှိသေးတယ်…

အဲဒီအတွက် စိတ်ကိုတင်းထားတယ်၊ သမီးငယ်ရဲ့ နောင်





ရေးရှိနေသေးတယ်လေ…

အဲဒီအတွက် မာမီဟာ အလုပ်တွေလုပ်ရဦးမယ်၊ သမီးဒယ်ဒီရဲ့ ကုမ္ပဏီလုပ်ငန်းတွေကို ဆက်လက်ဦးစီးရဦးမယ်ဆိုပြီး ကိုယ့်ကိုယ်ကိုအားတင်းထားတယ် သမီးငယ်…”

မှန်သည်။

ဒေါ်နွယ်နွယ်သည် မုဆိုးမတစ်ယောက်ဖြစ်သော်လည်း ယောက်ျားလုပ်သူဦးစီးခဲ့သည့် ကုမ္ပဏီလုပ်ငန်းတွေကို ဆက်လက်အုပ်ချုပ်လုပ်ကိုင်သလို၊ လုပ်ငန်းတွေကိုလည်း တိုးချဲ့သင့်သလောက် တိုးချဲ့နိုင်ဖို့ ကြိုးစားနေသည်။

ထို့အတူ ရွှေစင်ကိုလည်း ပြုစုစောင့်ရှောက်ရှာသည်။ ရွှေစင်သည် မိခင် ဒေါ်နွယ်နွယ်၏ စကားကိုမြေဝယ်မကျ နားထောင်တတ်သူပါ…။

နာကြည်းမှုတစ်ခုကိုတော့ ပြန်လည်ခြေပရန် အမြဲကြိုးစားနေသည်။

ထိုနာကြည်းမှုကို ရွှေစင်မှတစ်ပါး မိခင်ဖြစ်သူ ဒေါ်နွယ



www.burmeseclassic.com

www.burmeseclassic.com



နွယ်ဝင် သေသည်ကလည်း အမှန်ဖြစ်၏။

အချိန်တွေကုန်လွန်လာသည်နှင့်မျှ…

ယခုသော် ရွှေဇင်သည် တက္ကသိုလ်ကျောင်းသူတစ်ယောက်အဖြစ် ဒုတိယနှစ်စီးပွားရေးပညာကို တက်နေပေပြီ…။

ရွှေဇင်သည် ကျောင်းကပြန်ရောက်လာသည်နှင့် မိခင် ဒေါ်နွယ်နွယ်ကို ကူညီတတ်သည်။

ရွှေဇင်သည် ဒေါ်နွယ်နွယ်၏ အားကိုးရဆုံးသမီးကောင်းတစ်ယောက်ဖြစ်သလို၊ ကုမ္ပဏီလုပ်ငန်းတချို့ကိုလည်း ကျွမ်းကျင်နေပြီဖြစ်၏။

"တကယ်တော့ သမီးရယ်၊ မာမီဟာ မုဆိုးမတစ်ယောက်ဖြစ်ပေမယ့် ယောကျ်ားတွေနဲ့ရင်ဘောင်တန်းပြီး ကုမ္ပဏီလုပ်ငန်းကို ဦးစီးနေရတာ သမီးငယ် အသိဆုံးပါ…

အဲဒီလောက် ပင်ပန်းတဲ့အလုပ်ကိုလုပ်နေရပေမယ့် မာမီ မပင်ပန်းဘူး၊ မမောပါဘူး၊ အဲဒါ ဘာဖြစ်လို့လဲသိလား သမီးငယ်…"





ဒေါ်နွယ်နွယ်သည် ရွှေဇင်ကို ကြည့်လိုက်သည်။

ရွှေဇင်သည် မိခင် ဒေါ်နွယ်နွယ်ကို ငေးကြည့်နေမိပြီး မိခင်ပြောစကားကို သချာနားထောင်ရင်းက မိခင်ကို ကျေးဇူးတွေတင်နေမိသည်။

တကယ်တော့ ဒေါ်နွယ်နွယ်သည် ငွေဇင်နှင့်ရွှေဇင်တို့ ညီအစ်မနှစ်ယောက်စလုံးကို ထပ်တူချစ်သည်။

အားလည်းကိုးသည်။

သမီးနှစ်ယောက်သည် အထက်အောက်ဆိုပေမယ့် ခြောက်နှစ်ခြားသည်။ ငွေဇင်က ရွှေဇင်ထက် အသက်ခြောက်နှစ်ကြီးသည်။

"သမီးငယ် ရှိနေလို့ပဲ၊ ဒါကြောင့် သမီးငယ်ကို မာမီက အားပေးနေတာ…

သမီးငယ် တစ်ခုခုဖြစ်သွားမှာကို မာမီ စိုးရိမ်တယ်၊ သမီးငယ်တစ်ယောက် ဘာမှမဖြစ်ပါစေနဲ့လို့ပဲ မာမီ အမြဲဆုတောင်းနေရတယ်…



www.burmeseclassic.com

www.burmeseclassic.com



သမီးငယ်သာ တစ်ခုခုဖြစ်သွားမယ်ဆိုရင် မာမီ ဖြေနိုင်မှာ မဟုတ်တော့ဘူး…"

"မာမီ ဆိုလိုတာကို သမီး ရွှေဇင် သဘောပေါက်ပါ တယ်၊ စိတ်ချပါ မာမီ…"

"သမီးငယ်ဆီက ဒီစကားကြားရတာ မာမီ အရမ်းဝမ်း သာပါတယ်…

မနက်ကျောင်းသွားရဦးမယ်မဟုတ်လား၊ သမီးငယ် နားတော့၊ မာမီလည်း ဘုရားဝတ်ပြုလိုက်ဦးမယ်…"

"ဟုတ်ကဲ့ပါ မာမီ…"

စကားအဆုံး၌ မိခင်သည် ရွှေဇင်အနားမှ လှမ်းထွက် သွားလေပြီဖြစ်၏။

ညှို့ခန်းအတွင်းဝယ် တိုင်ကပ်နာရီစက်သံမှလွဲပြီး တစ် ခြားဘာသံမျှ ကြားရခြင်းမရှိတော့ပါ…။

တကယ်တော့ ရွှေဇင်တို့နေထိုင်သည့် တိုက်အိမ်ကြီး သည် ကြီးကျယ်ခန့်ညားခြင်းနှင့်အမျှ ခေတ်မီလှပသည့်တိုက်အိမ်





ကြီးတစ်လုံးပါ…။

ခြံကြီးသည်လည်း ကျယ်ဝန်းလွန်းသည်။ လူကုံထံများ သာနေထိုင်သည့် ရပ်ကွက်ဖြစ်သည့်အတွက် တိတ်ဆိတ်ငြိမ်သက် ၏။

အားလုံးထက် တိတ်ဆိတ်ငြိမ်သက်သည်က ရွှေဇင်တို့ မိသားစုနေထိုင်သည့် တိုက်ကြီးပင်ဖြစ်သတည်း…။

ØØØ ØØØ ØØØ



www.burmeseclassic.com

www.burmeseclassic.com

## - သုံး -

တိတ်ဆိတ်ခြင်းများနှင့် ကားထက်တွင် ရွှေဇင်တစ်ယောက် လိုက်ပါလာခဲ့သည်။

ကားလေးသည် အရှိန်ပြင်းစွာနှင့်အတူ အင်းလျားလမ်းမအတိုင်း ပြေးလွှားနေပေ၏။

ကားလေး၏နောက်ဘက်တွင် တိတ်ဆိတ်စွာပါလာရင်းမှ စိတ်ထဲမတော့ တတွတ်တွတ်နှင့်စာတွေကို ရွတ်နေမြဲဖြစ်ခြင်းပါ။

စာအုပ်နှင့်မျက်နှာမခွာ၊ တတွတ်တွတ်နှင့်ရွတ်ဖတ်လာသူက ရွှေဇင်တစ်ယောက်၊ စာကိုတကယ်ကြိုးစားသည့် မိန်းကလေးလည်းဖြစ်သည်။





ကားလေးသည် တက္ကသိုလ်ကျောင်းဝင်းအတွင်းသို့ ဝင်ရောက်ကာ ကျောင်းဝင်းရှိကားရပ်ရာနေရာတွင် ကားလေးကိုရပ်လိုက်သည်။

ရွှေဇင်သည် ကားပေါ်ကဆင်းလိုက်သည်။

“သမီးရွှေဇင်··သမီးမာမီကို ဘာမှာဦးမလဲ···”

“မမှာတော့ဘူး ဘဘသိန်း···”

ဘဘသိန်းသည် ဖခင်ကြီးရှိသည့်လက်ထက်ကတည်းက ခန့်ထားသည့် လူယုံဒရိုင်ဘာတစ်ဦးဖြစ်သည်။

ရွှေဇင်တို့နှင့်မိသားစုဝင်တွေလို ဖြစ်နေကြပြီဖြစ်သည်။

မိခင် ဒေါ်နွယ်နွယ်သည် ရွှေဇင်အတွက် ကျောင်းတက်ကျောင်းပြန် ဘဘသိန်းကို တာဝန်တွေပေးထားသလို၊ ဘဘသိန်းကလည်း တာဝန်ကျေသည်။

ရွှေဇင် စီးလာသည့်ကားလေးသည် ရပ်ထားနေရာမှ မောင်းထွက်သွားလေပြီ···။

ရွှေဇင်သည် ကျောင်းအတွင်းကို ခပ်သွက်သွက်လေး

www.burmeseclassic.com

www.burmeseclassic.com



ခင်လိုက်ရခိုက်၊ အံ့သြစရာဖြစ်ရပ်တစ်ခုနှင့် ကြုံတွေ့လိုက်ရ၏။

ရွှေဇင်သည် ကျောင်းစာသင်ဆောင်အတွင်းသို့ ခပ်သွက်သွက်လေး ဝင်လိုက်ရာမှ ရုတ်တရက်တွေ့လိုက်ချိန်တွင်...

"အို..."

"ဟင်..."

ရွှေဇင် လက်ထဲမှကိုင်ထားသည့် စာအုပ်တွေလွှင့်ကျကုန်သည်။

ဒေါသများ ဖိတ်စင်ထွက်လာသည်။

တိုက်မိသူကို ကြည့်လိုက်သည်။

တွေ့လိုက်ရသည့်မြင်ကွင်းကို ဒေါသဖြစ်သွား၏။

အမျိုး သားတစ်ယောက်၊ ထိုအမျိုးသားသည် ရှေ့တွင် ရပ်ရင်း ခပ်ကြောင်ကြောင်နဲ့ကြည့်နေ၏။

ထိုအမျိုးသားသည် အသက်အားဖြင့် ရွှေဇင်တို့နှင့်မတိမ်းမယိမ်း၊ သူ့အသွင်ကဖြင့် ကိုယ်လုံးခပ်တောင့်တောင့်ရှိပြီး၊ ဆံပင်ကိုသပ်ရပ်စွာဖြီးထား၏။





ဝတ်စားထားသည်မှာလည်း သေသပ်၊ သပ်ရပ်လွန်းသည်။ သူသည်လည်း ရွှေဇင်ကို ခပ်ကြောင်ကြောင်နှင့်ကြည့်နေ၏။

သူ့အသွင်ကိုကြည့်ပြီး ရွှေဇင့်ဒေါသတွေ ထောင်းထောင်းထွက်နေတော့၏။

"ရှင်..လူကိုမမြင်ဘူးလား..."

"မမြင်လို့ပေါ့ဗျာ၊ ကိုယ် မြင်ရင် ဒီလောက်လှတဲ့ မိန်းကလေးကို ဘယ်တိုက်မိရက်ပါ့မလဲ..."

"ဘာပြောတယ်၊ ရှင် စော်ကားလှချည်လား..."

ရွှေဇင်၏အသံသည် ပတ်ဝန်းကျင်ကို လွှမ်းမိုးသလိုဖြစ်သွားသည်။

ရွှေဇင်သည် မီးဟုန်းဟုန်းတောက်သည့် အကြည့်နှင့် ကြည့်လိုက်သည်။

"မှန်တဲ့အတိုင်း ပြောတာပဲဗျာ၊ စော်ကားချင်စိတ်နဲ့ပြောတာမှမဟုတ်ဘဲ..."



www.burmeseclassic.com

www.burmeseclassic.com



"ပြောလို့မရဘူးလား၊ ရှင် ဘယ်လိုလူစားလဲ…"

"ကျွန်တော် လူသားစားတဲ့ဘီလူးမဟုတ်ပါဘူး အမိ၊ လူထဲကလူတစ်ယောက်ပါ၊ မယုံရင်အမေ့ကို သွားမေးကြည့်ပါလား…"

"စကားပိုတွေမပြောနဲ့…"

မှန်းလွန်း၍ကြမ်းတမ်းစွာပင် ရွှေဇင် ပြောပစ်လိုက်သည်။ စိုက်ကြည့်နေစဉ် ရွှေဇင်သည် လူငယ်၏ပြောသံကို မခံချင်စိတ်တွေဖြစ်ပေါ်နေရ၏။

စကားကို ထိုနေရာမှာရပ်ထားလိုက်လျှင် ကောင်းမည်။ ဆက်စကားပြောလျှင် တစ်ခုခုလုပ်မိမှာ သေချာသည်။

ရွှေဇင်ကို ဘယ်လိုလူစားမျိုး ထင်နေသလဲဟု တွေးတောနေမိသည်။

ထိုအခိုက်…

"ဟာ…ခင်ဗျား ဆဲတတ်တယ်နော်၊ ထင်တောင်မထင်ဘူးဗျာ၊ အံ့ရောဗျာ…တကယ့်အမေကြမ်းနဲ့လာတွေ့တာပဲ…"





"ရှင်…ပြောလေကဲလေပါလား၊ ယောကျ်ားမပီသတဲ့လူ၊ ကိုယ့်အမှားကို ဝန်ခံရမှာကြောက်တဲ့လူ…"

အခြေအနေက ပို၍ပြင်းထန်နေသည်။

မှန်သည်။

ရွှေဇင်ကလည်း ဒေါသကကြီး…။

ကိုလူချောကလည်း ခပ်ပြတ်ပြတ်…။

"အဲဒီလိုလူတွေထဲမှာ ကိုယ် မပါဘူး၊ အခုကိစ္စမှာ ကျွန်တော် မမှားဘူး၊ အဲဒီအတွက်ကတော့သေချာတယ်…

မှားခြင်းမှား ခင်ဗျားပဲမှားလိမ့်မယ်၊ အဲဒီအတွက် ကျွန်တော့်ကို တောင်းပန်ပါ…"

"ဟင်…ရှင်၊ ဘာပြောတယ်…"

"ရွှေဇင်၊ ဟင်…သောင်းထိုက်…"

ဒေါသနှင့်ကိုလူချောအား ရိုက်ရန်လက်ကိုအရွယ်…

ရုတ်တရက်ထွက်ပေါ်လာသည့် အသံကြောင့် ရွှေဇင်၏ မြှောက်ထားသည့်လက်သည် လမ်းတစ်ဝက်နှင့်ရပ်သွားလိုက်ပြီး…



www.burmeseclassic.com

www.burmeseclassic.com



ရွှေဇင်တို့နှစ်ဦးစလုံး အသံလာရာသို့ကြည့်လိုက်သည် မတော့၊ မိန်းကလေးတစ်ယောက် မိမိတို့ထံသို့ ဦးတည်၍လာနေသည်။

ထိုမိန်းကလေးသည် တခြားသူမဟုတ်၊ ရွှေဇင်နှင့်ရောကိုလှူချောနှင့်ပါ သိကျွမ်းခင်မင်နေသည့် ခွာညို ဖြစ်နေလေ၏။

"ဘယ်လိုဖြစ်တာလဲ ရွှေဇင်၊ ဟဲ့..ကိုထိုက် ဘာဖြစ်နေကြတာလဲ..."

"ဘယ်လိုဖြစ်ရမှာလဲ ခွာညိုရယ်၊ ငါ့ကိုဝင်တိုက်ပြီးသူက တောင်းပန်ခိုင်းတယ်၊ အာဂယောကျ်ားပဲ..."

"သူပြောတာ မဟုတ်ဘူး ခွာညို..."

"တော်ကြပါတော့ဟာ..."

ခွာညို ဝင်ရောက်တားလိုက်သည့်အတွက် သောင်းထိုက်၏စကားသည် လမ်းတစ်ဝက်တွင် ရပ်သွားသည်။

မည်သို့ပင်ဖြစ်စေကာမူ ရွှေဇင်သည် ဒေါသတွေဖုံးလွှမ်းနေဆဲပင်ရှိ၏။





"ငါ နည်းနည်းနောက်ကျသွားတယ် ရွှေဇင်၊ နင့်ကိုငါ မိတ်ဆက်ပေးမယ်လို့ပြောနေတာ သူပဲ..."

"မိတ်မဆက်ပေးနဲ့တော့ ခွာညို၊ နင့်သူငယ်ချင်းကို ပြောလိုက်၊ ခေါက်ရိုးလေးကျိုးအောင် ပြင်လိုက်ပါလို့..."

စကားအဆုံး ရွှေဇင်သည် လွင့်ကျနေသည့်စာအုပ်လေးတွေကို ကောက်ယူပြီး ထွက်သွားလေ၏။

သောင်းထိုက်နှင့်ခွာညိုတို့သာ ကြည့်ရင်းကျန်နေခဲ့သည်။ သောင်းထိုက်သည် ရွှေဇင်ကိုကြည့်ပြီး ပခုံးလေးနှစ်ဖက်ကိုအပေါ်မြှင့်တင်ပြီး လှောင်ပြုံးလေးပြုံးရင်း မဲ့ပြလိုက်သည်။

သောင်းထိုက်၏ လှုပ်ရှားမှုကို ရွှေဇင် မသိလိုက်ပေ၊ သိလိုက်ပါက နောက်ဆက်တွဲပြဿနာတစ်ခု ထပ်မံပေးလာဖွယ်အရာများရှိသေးသည်ကို ခွာညိုမှလွဲ၍ မည်သူမှမသိပေ...။

တကယ်တော့ ရွှေဇင်သည် ရုပ်ရည်လှပချောမောသလောက်၊ မာနလည်း တကယ်ပင်ကြီးသူတစ်ယောက်ပါ...။

ခွာညိုသည် သောင်းထိုက်ကို ကြည့်လိုက်ပြီး...



www.burmeseclassic.com

www.burmeseclassic.com



"ဘယ်လိုဖြစ်တာလဲ ကိုထိုက်…"

"မမျှော်လင့်ဘဲ တိုက်မိတယ်လို့ပဲ ပြောရမှာပေါ့ ခွာညို"

သောင်းထိုက်သည် အကြောင်းစုံကို ရှင်းပြလိုက်သည်။

တကယ်တော့ သောင်းထိုက်သည်လည်း ဥက္ကကျကျနှင့်ဂျစ်ကန်ကန် လူသားတစ်ယောက်ပါ…။

သူသည် ဘယ်လိုအရာဝတ္ထုကိုမှ စွဲလမ်းတတ်သူမဟုတ်။ လူတကာကို နောက်ပြောင်ကျီစယ်တာကလွဲရင် တခြားကိစ္စ သူတွင်ဘာမှမရှိ…။

ထို့အတူ…

ယနေ့အချိန်ထိ ဘယ်လိုမိန်းကလေးကိုမှ စိတ်ဝင်စားမှု မရှိသလို၊ စိတ်ဝင်စားသည့်အကြောင်းလည်း ပြောတတ်သူမဟုတ်။

သောင်းထိုက်ကိုတော့ စိတ်ဝင်စားသည့် မိန်းကလေးတွေ များစွာရှိသည်။

ကျောင်း၏စာသင်ခန်းမှအပ တခြားစာသင်ခန်းရှိ မိန်းကလေးတွေသည်လည်း သောင်းထိုက်ကို စိတ်ဝင်စားကြသည်။





ကျောင်းတွင် သောင်းထိုက်က စတားဖြစ်နေသည်။ သူ့ကို ခင်တဲ့သူကို သူက ပြန်၍ခင်တတ်သည်။

ထိုသူတွေနှင့်အတူ လက်ဖက်ရည်ဆိုင်ထိုင်ဆိုလည်း ကျောင်းစာသင်ချိန်ကလွဲ၍ ကြိုက်တဲ့အချိန်လာခေါ် သူ ပိုက်ဖြစ်သည်။

ကျောင်းရှိ ကျောင်းသားကျောင်းသူတွေနှင့် သောင်းထိုက်သည် ဘယ်တုန်းကမှ ပြဿနာတက်သည်ဆိုတာမရှိ…။

ယခု ရွှေဇင်နှင့် ပြဿနာတက်ခြင်းသည် ပထမဆုံး အကြိမ်သာဖြစ်သည်။

"ခက်တာပါပဲ ကိုထိုက်ရယ်၊ ရွှေဇင်နဲ့မှပြဿနာတက်ရတယ်လို့ဟာ…"

"ဟ…ငါက ပြဿနာရှာတာမှမဟုတ်တာပဲ၊ ရုတ်တရက်ဖြစ်သွားတာပဲ၊ ဒါက ကြီးကျယ်တဲ့ပြဿနာမှ မဟုတ်တာ…

အဲဒါကိုပုံကြီးချဲ့ရင်တော့ ငါလည်း မတတ်နိုင်ဘူး ခွာညို၊ လူဆိုတာ မမှားဘူးဆိုတာတော့ဘယ်ရှိပါ့မလဲ၊ အနည်းနဲ့အများ



www.burmeseclassic.com

www.burmeseclassic.com



"ဘော့ မှားတတ်ပါတယ်...

အဲဒီထဲမှာ အခုဖြစ်တဲ့ကိစ္စက ကြီးကျယ်တဲ့ကိစ္စမှ မဟုတ်တာပဲ..."

"စကားတတ်တိုင်း မပြောနဲ့ဟာ၊ အခုကိစ္စက နင့်အတွက် ပြောနေတာ ကိုထိုက်ရဲ့..."

သောင်းထိုက်သည် ခွာညိုကို ကြည့်နေလိုက်သည်။ ထို အကြည့်သည် အထင်သေးသည့်အကြည့်သာဖြစ်သည်။

"ငါ့အတွက် မိတ်ဆွေကောင်းတစ်ယောက် လျော့သွားတယ်လို့ ဆိုလိုတာလား ခွာညို၊ မစိုးရိမ်ပါနဲ့ဟာ ငါ့အတွက် မိတ်ဆွေကောင်းဆိုတာ ပေါ်ပါတယ်..."

"တော်ပြီဟာ၊ နင်နဲ့စကားပြောရတာ မောတယ်..."

"ဘာ..နင့်မှာရောဂါရှိနေတယ် ဟုတ်..ဟုတ်လား ခွာညို၊ အဲဒါဆိုလည်း ဆေးရုံတက်၊ ကုန်ကျစရိတ်အတွက်မပူနဲ့ ကျောင်းသားတွေဆီ တစ်ယောက်တစ်ရာစီ ရန်ပုံငွေအဖြစ်ကောက် ပေးမယ်..."





"ကဲ..သေနာကောင်ရယ်..."

ခွာညိုသည် သောင်းထိုက်ကို လွယ်အိတ်နဲ့လိုက်ရိုက်သည်။

အဟွန်း..ဟွန်း..ဟွန်း...

ခွာညို လိုက်ရိုက်သည်ကိုကာရင်း သောင်းထိုက် သဘောကျစွာရယ်သည်။

သောင်းထိုက်က ပျော်ပျော်လည်းနေတတ်သည်။ ဆရာကြီးလိုလည်း နေတတ်သည်။

မှန်သည်။

သောင်းထိုက်သည် ပျိုတိုင်းကြိုက်သည့်နှင်းဆီနိုင်ကြီးပီပီ၊ အားလုံးနှင့်သင့်တင့်လျောက်ပတ်စွာ ပေါင်းသင်းဆက်ဆံတတ်သူပါတည်း...။ ။

ØØØ ØØØ ØØØ



www.burmeseclassic.com

www.burmeseclassic.com

- လေး -

ဟား..ဟား..ဟား…

"ဖြစ်ရလေ သောင်းထိုက်ရာ၊ နဂါးကိုမှ တုတ်ထိုးပြီး ရန်စရတယ်လို့…"

သောင်းထိုက်ကို ပြောပြီး သူငယ်ချင်းတွေ လွှတ်လပ်စွာ ရယ်မောဖြစ်ကြ၏။

သောင်းထိုက်တို့ သူငယ်ချင်းများသည် မုန့်စားကျောင်း လွှတ်ချိန်တွင် ကင်တင်းတွင်ထိုင်ပြီး ပွဲကျနေကြ…။

ဝိုင်းတွင် သောင်းထိုက်၏သူငယ်ချင်းများဖြစ်သည့် သီဟ၊ စိုးဝင်းနှင့်ကျော်ရဲဦးတို့သည် သောင်းထိုက်၏အခင်ဆုံးသူငယ်ချင်း





တွေ…။

ထိုသူငယ်ချင်းလေးယောက်သည် အတွဲညီသလို၊ စိတ် ဓာတ်ခြင်းလည်း တူညီချေ၏။

ကျောင်းစာသင်ခန်းတွင် သူတို့လေးယောက်က စတား၊ အချို့က ပရုတ်ညီနောင်များဟု တင်စားပြောဆိုတတ်သလို၊ သူတို့ ကို ခင်မင်ကြသည်။

ယခုလည်း ရွှေဇင်၏ အကြောင်းကိုပြောပြီး ဟားတိုက် ရယ်ဖြစ်ကြ၏။

"တုတ်နဲ့ထိုးပြီးစတာမဟုတ်ဘူး စိုးဝင်းရေ၊ အမှတ်တမဲ့ ဖြစ်သွားတာ…"

သောင်းထိုက်သည် ခေါင်းကိုတစ်ချက်မျှ ကုတ်လိုက်ပြီး..

"အဲဒါတော့ ဝန်ခံရမလိုပဲ စိုးဝင်းရ၊ သူ့ရဲ့ရန်တွေပုံ ဟာ တကယ်ချစ်စရာကောင်းတယ်ကွ၊ သိလား…"

"ဘယ်သိမလဲ၊ နေပါဦး၊ အခု..သံမဏိစိတ်ကြီး အရည် ပျော်သွားပြီဆိုပါတော့၊ ဟုတ်လား သောင်းထိုက်…"



www.burmeseclassic.com

www.burmeseclassic.com



ကျော်ရဲဦးက ပြုံးစစနှယ်ဖြင့် ဝင်ဆိုသည်။

ထိုအထဲတွင် ကျော်ရဲဦးက လှပြောင်တစ်ယောက်၊ သူ့ရှေ့မှာစကားတွေများသွားလျှင် အမြဲတမ်းလျောင်တတ်သည်။

အားလုံးထဲမှာ သူကတစ်မျိုး၊ ရည်းစားများသည်။ ရည်းစားအတွက်နဲ့ ခံစားတတ်သူမဟုတ်…။

ရည်းစားတစ်ယောက်ကို သုံးလအပြင် ပိုမထားတတ်၊ သုံးလပြည့်တဲ့နေ့မှာ နောက်တစ်ယောက်ကို ပြောင်းပြီးသား…။

သူငယ်ချင်းတွေက ကျော်ရဲဦးကို ဆူးလှည်းကြီးဟု ခေါ်ကြသည်။

ကျော်ရဲဦး ရှုပ်ခဲ့တာတွေကို စိုးဝင်းနှင့်သီဟက ရှင်းရတာများသည်။

"အေး‥မင်း ပြောသလိုဖြစ်နေပြီ ဖိုးကျော်ရေ၊ သူငါ့ကို ရန်တွေ့လိုက်တဲ့မျက်နှာလှလှလေးက ငါ့နှလုံးသားထဲမှာ ဓာတ်ပုံရိုက်ထားသလိုပဲ ပေါ်နေတယ်ကွာ…"

"အလဲ‥တယ်ဆိုတဲ့စာပါလား၊ ဘယ်သူ့ဝတ္ထုထဲကစ





…တွေကို မိတ္တူကူးလိုက်တာလဲ သောင်းထိုက်…"

သောင်းထိုက်ကို ကြည့်လိုက်ကြသည်။

သောင်းထိုက်ထံမှ ချေပစကားသည် ချက်ချင်းထွက်ပေါ်…ခြင်းမရှိ…။

စဉ်းစားသည့်သဘောနှင့် ရေနွေးကြမ်းကို အေးဆေးစွာ…သောက်လိုက်သည်။

စိုးဝင်း၏စကား ကြားဖြတ်ထွက်ပေါ်လာ၏။

"မင်းအတွက်တော့ ခက်သေးတယ် သောင်းထိုက်၊ …ခြားလူနဲ့ဆို ငါတို့မပြောပါဘူးကွာ၊ ရွှေဇင်နဲ့ကြမှဖြစ်တယ်လို့"

"ဟုတ်တယ် သောင်းထိုက်၊ စိုးဝင်းပြောတာမှန်တယ်၊ …ရွှေဇင်ဆိုတာ မင်းတို့ငါတို့ ထင်နေတဲ့မိန်းကလေးမျိုးမဟုတ်ဘူး"

သူငယ်ချင်းတွေ၏ အပြစ်တင်စကားကို ကြားလိုက်ချိန်…တွင် သောင်းထိုက်သည် ချေပရန်ရည်ရွယ်ထားသည့်စကားတွေ…တွေမှုပျက်စီးသွားကုန်၏။

"တယ်ဆိုတဲ့စာပါလား၊ သူက ဘာသားနဲ့ထုထားတာမို့



www.burmeseclassic.com

www.burmeseclassic.com



ဆိုးလဲ···”

“အဲဒါကိုပြောတာမဟုတ်ဘူး သောင်းထိုက်၊ တကယ်တော့ ရွှေစင်ဆိုတဲ့မိန်းကလေးဟာ တကယ်အေးတဲ့မိန်းကလေး···

ဘယ်လိုလူတွေနဲ့မှ ရောရောယှက်ယှက်နေတာမဟုတ်ဘူး၊ သူ့ဖာသာနေတတ်တယ်၊ မာနကြီးတယ်လို့ပြောတာမဟုတ်ဘူးနော် သောင်းထိုက်···”

“မင်းတို့က ဘာလို့ ရွှေစင်ကို အထင်ကြီးနေရတာလဲကွာ၊ ငါက တမင်လုပ်တာမှမဟုတ်တာ၊ မတော်လို့ဖြစ်တဲ့ကိစ္စပဲ”

“ဒါကို ငါတို့ သဘောပေါက်တယ် သောင်းထိုက်၊ မင်း ထင်နေတာက ငါတို့က ရွှေစင်ဘက်က ပါနေတယ်လို့ထင်နေတယ်···

အဲဒါကိုကမှားနေတာ၊ ငါတို့က မင်းရဲ့သူငယ်ချင်းတွေပါကွာ၊ မင်းဘက်က ပါရမှာပေါ့၊ ခုကိစ္စက မင်းရဲ့မှားယွင်းမှုလေးကို ထောက်ပြနေတာ သောင်းထိုက်···”

သုံးယောက်တစ်ယောက် ဖြစ်နေသည့်အတွက် သောင်း





ထိုက် ဘာပြောရမှန်းမသိအောင် ဖြစ်နေ၏။

သောင်းထိုက်သည် ရွှေစင်နှင့်ပြဿနာဖြစ်သည်ကို ဤမျှကြီးကျယ်သည့်ကိစ္စမဟုတ်ဟု ထင်ထားသော်လည်း စိုးဝင်းတို့နှင့်တွေ့မှ ကြီးကျယ်သလိုဖြစ်နေတော့၏။

ထို့အတွက် စိတ်ဆိုး၍မရ၊ သူငယ်ချင်းတွေ၏အကြောင်းကို သိနေခြင်းကြောင့်ပါ···။

“တော်ပြီကွာ မင်းတို့နဲ့တွေ့မှ ငါ့ရင်ထဲမှရည်မှန်းချက်တွေ အယ်ကိုထွက်ပြေးသွားမှန်းတောင် မသိတော့ဘူး···”

စိုးဝင်းတို့အဖွဲ့ သဘောကျစွာ ရယ်လိုက်ကြသည်။

“ကဲ··ကျောင်းတက်ချိန်နီးပြီ၊ သွားကြမယ်ကွာ၊ နောက်မှ အတူတိုင်ပင်ပြီးဆွေးနွေးကြမယ်၊ ရွှေစင်နဲ့ပတ်သက်တဲ့အကြောင်းပေါ့”

ကျော်ရဲဦးကို ကျေးဇူးတင်မိသည်။ စိတ်ထဲတွင် ထိုင်ပြီး စကားပြောချင်သည့်စိတ်တွေ မရှိတော့၊ လက်ဖက်ရည်ဖို့ရှင်းနေချိန်တွင်···

“ဟော့ကောင် သောင်းထိုက်၊ ဟိုမှာတွေ့လား···”



www.burmeseclassic.com

www.burmeseclassic.com



သီဟက ကြားဖြတ်၍ပြလိုက်သည်။ သူ ကြည့်လိုက်သည်။ မြင်ကွင်းထဲမှာ ရွှေဇင်နှင့်ခွာညိုတို့ကို တွေ့လိုက်ရသည်။

"ရွှေဇင်တို့ပါလား…"

"ငါတို့လိုက်တွန်းကြရင် ကောင်းမလား…"

"အရေးထဲရောဂါထနေပြန်ပြီ၊ ဒီတစ်ခါဆိုရင်တော့ မော်ကွန်းထိန်းအခန်းထဲ ရောက်တော့မယ်…"

"ဟား…ကောင်းတာပေါ့ကွာ…"

"ဘာတွေကောင်းတာလဲ သောင်းထိုက်…"

ကျော်ရဲဦး မေးသည်။ တကယ်တော့ သောင်းထိုက်၏စကားကို ကျော်ရဲဦးတင်မဟုတ် သီဟနှင့်စိုးဝင်းပါ သိချင်နေကြသည်။ သူတို့အားလုံး၏ကိုယ်စား ကျော်ရဲဦးက မေးလိုက်ခြင်းသာ ဖြစ်သည်။

"စတားဖြစ်သွားတာပေါ့ကွာ၊ မော်ကွန်းထိန်းဆီကိုရောက်သွားရင် သတင်းကပြန့်သွားရော၊ ဒီတော့ ငါတို့အားလုံးအမည်ကြီးသွားမယ်…





သူများတွေဆို နာမည်ကြီးချင်လို့ သရုပ်ဆောင်တွေကို ဈေးကြီးကြီးပေးပြီး ငှားရသေးတာပဲကွာ…"

"ဟင်…တကယ့်အကြံကောင်းကြီးပဲကိုး…"

"မင်း တော်တော်ရူးတာပဲ သောင်းထိုက်၊ သူတို့နာမည်ကြီးတာက ကောင်းသောနာမည်ကြီးခြင်း၊ မင်းနာမည်ကြီးတာက မှင်နီကြီးနဲ့ကြီးမှာကွ အရူးရ…"

ရှုံ့မဲ့ကာဆိုလိုက်ကြသည့် သူငယ်ချင်းတွေစကားကြောင့် သူ ရယ်ကျဲကျဲဖြစ်နေလိုက်ရ၏။

"ကဲ…သွားမယ်…သွားမယ်၊ ဆက်ပြောနေရင် ဆက်ရူးနေမယ်၊ လာ…ထ…သွားမယ်…"

သောင်းထိုက်ဆိုရင်း နေရာမှထတော့ အားလုံးလိုက်ထလိုက်ကြပြီး စာသင်ဆောင်သို့လှမ်းထွက်ခဲ့လိုက်ကြလေတော့၏။

ØØØ ØØØ ØØØ



www.burmeseclassic.com

\- ခြောက် -

ပြင်းထန်သည့်နေလုံးကြီးသည် တဖြည်းဖြည်းနှင့်အပူရှိ
လျော့ကာနေပေပြီ…။

ဘဝ၏အနာဂတ်အတွက် ပညာသင်ကြားနေသည့် တက္က
သိုလ်ကျောင်းသားကျောင်းသူများသည် စာသင်ချိန်တွေပြီးဆုံးသွား
သည့်အတွက် မိမိတို့နေထိုင်ရာအသိုက်တွေဆီသို့ ပြန်ကုန်ကြလေ
ပြီဖြစ်၏။

တစ်နေ့တာ ကျောင်းကသင်ကြားပေးလိုက်သည့် စာများ
ကို အပြန်ပြန်အလှန်လှန် ဆွေးနွေးပြောကြသည်။

ထိုအထဲတွင် ရွှေစင်နှင့်နွာညိုတို့လည်း ပါဝင်ကြသည်။





"ဘာလို့အခဲမကျေဖြစ်နေရတာလဲ ရွှေစင်…"

"နင်ကကော ဘာလို့အစဖော်ပြီးပြောနေရတာလဲ နွာညို၊ ဒီအကြောင်းတွေကို ငါ ဘာမှမစဉ်းစားတော့ဘူး၊ မပြောပါနဲ့လို့ ပြောထားတယ်မဟုတ်လား…"

နွာညိုသည် ဖားလျားကျနေသည့်ဆံပင်လေးတွေကို ခါလိုက်သည့်ဆံပင်လေးတွေသည် အနောက်ကိုဝဲပြီးလွင့်ကျသွားသည်။

နွာညို၏မျက်နှာသည် တင်းမာနေသည်။ ချောမောလှပသည့်မိန်းကလေးဖြစ်နေသည့်အတွက် ပြုံးနေသရောင်ပင်ထင်တော့၏

"ဘာလို့ အဲဒီလောက်ထိ ဒေါသထွက်နေရတာလဲ ရွှေစင်ရယ်…

နင်တို့ကိစ္စက အဲဒီလောက်မှမကြီးကျယ်တာပဲဟာ၊ သောင်းထိုက်ကတော့ မေ့တောင်နေပြီထင်တယ်…"

"ငါက ခံလိုက်ရတဲ့လူပဲ နွာညိုရဲ့၊ ဘယ်လိုလုပ်ပြီး

www.burmeseclassic.com



ခုမျောက်လို့ရမှာလဲ၊ နောက်တစ်ခါတွေ့ရင် ငါ ဘာလုပ်မယ်ဆို တာကြည့်နေ…"

ခွာညိုသည် သက်မမောကိုချလိုက်ပြီး ခေါင်းကိုဘယ်ညာ ခါရမ်းလိုက်သည်။

ခွာညိုသည် ရုတ်တရက်ဘာပြောရမှန်းမသိ အောင် ဖြစ်နေပြီးမှ…

"ငါ့အထင်ပြောရင် ဒါဟာ အနိုက်အတန့်လို့ပဲထင် တယ်…"

"အဲဒါဆိုလည်း ငါ့ကိုတောင်းပန်ရမှာပေ့ါ၊ အခုဟာက ငါကပဲ သူ့ကိုတောင်းပန်ရမယ့်ပုံဖြစ်နေတယ်၊ ဒီလိုပုံစံတော့ လာမချိုးနဲ့ လက်မခံဘူး…"

"နင်က မမငွေဇင်နဲ့စိတ်ခတ်ခြင်းမတူဘူးနော်၊ မမငွေ ဇင်က သိပ်ပြီးသိမ်မွေ့တာ…"

ရေမီးနှင့်အပက်ခံရသလို ဖြစ်သွားသည်။ ကြေကွဲမှု လှိုင်း လုံးလေးတွေအလိပ်လိုက် တက်လာသည်။





မမငွေဇင်ဆိုသည့်အသံကို ကြားလိုက်တာနှင့် ရွှေဇင်၏ စိတ်တွေသည် ပုဏ္ဏသင်ညိုလိုအရောင်ပြောင်းသွားသည်။ ကြက် သီးမွေးများထောင်တက်လာသည်။

တကယ်တော့ ရွှေဇင်သည် မမငွေဇင်ကို ချစ်သည်။ မမငွေဇင်သည် ရွှေဇင်ကို ချစ်သည်။

အလိုလိုက်သည်။ ရွှေဇင် ဘာပြောချင်လဲ၊ ဘာလုပ်ချင် လဲ၊ ဘာစားချင်လဲ၊ အားလုံးတာဝန် ယူပေးသည်။

လူတွေအပေါ် သဘောကောင်းနားလည်ပေးသလို၊ အမြဲ တမ်းခွင့်လွှတ်တတ်တဲ့စိတ်တွေရှိသည်။

သနားတတ်သည်။

လူချစ်လူခင်ပေါသည်။

အဲဒီလောက်သဘောကောင်းမယ့် သူတစ်ယောက် လူ့ လောကကို ငယ်ငယ်ရွယ်ရွယ်နဲ့ကျောခိုင်းပြီး ထွက်သွားတာကို မကျေနပ်နိုင်သူက ရွှေဇင်…

"ငါ့ကိုအနှောင့်အယှက်ပေးတဲ့ စကားပဲ၊ နင် ဘာသ



www.burmeseclassic.com

www.burmeseclassic.com



ဒီစကားပြောရတာလဲ ခွာညို…”

ရွှေစင်၏မျက်နှာသည် ညှိုးကျသွားသည်။

မျက်ရည်များ ရစ်ဝိုင်းကျလာသည်။

ခွာညိုသည် ရွှေစင်ကိုကြည့်ပြီး သဘော ပေါက်သွားသည်။

စကားပြောမှားသွားပြီဆိုတာ သိလိုက်၏။

တကယ်တော့ သူမ လိုက်တိုင်းလည်း စားချင်လှသည်မဟုတ်၊ ရွှေစင်၏စိတ်တွေ ပြောင်းသွားအောင်လုပ်ခြင်းသာဖြစ်သည်။

ရွှေစင်သည် စိတ်မပါပေမယ့် မသွားချင်ဟုပြောဆိုခြင်းမရှိ၊ ခွာညိုသည် တစ်ချက်ကြည့်ပြီး လက်ဖက်ရည်ဆိုင် အတွင်းသို့ လှမ်းခဲ့လိုက်၏။

ဆိုင်အတွင်းမှစားသောက်သူတွေနှင့် ပြည့်နေသည်။ ခွာညိုသည် နေရာလွတ်ကို ကြည့်လိုက်သည်။ နေရာလွတ်ကမရှိ၊

ထိုင်ခုံအလွတ်မရှိလျှင် ရွှေစင်သည် ပြန်ထွက်သွားနိုင်





သည်။

ရွှေစင် ပြန်ထွက်သွားမှာကို စိုးရိမ်နေဆဲ…

ခွာညို၏ဆုတောင်းသည် ပြည့်သည်ဟုဆိုရမည်။

လူရှင်းသည့်နေရာတွင် ရှိနေသည့်ကျောင်းသားနှစ်ယောက်က ထ,သွားသည်။ ခွာညိုသည် ရွှေစင်ကိုခေါ်ပြီး ထိုနေရာသို့လှမ်းခဲ့လိုက်၏။

“လာ..ရွှေစင်…”

ထိုစဉ် ခွာညိုသည်လည်း ထိုထိုင်ခုံတွင်ဦးစွာ ဝင်ထိုင်လိုက်သည်။

ခွာညိုသည် ရွှေစင်အတွက် နေရာပေးသည်။

ရွှေစင် ဝင်ထိုင်လိုက်သည့်အချိန်တွင် စားစရာနှစ်ခု လာသောက်ရောက်ချပေးသည်မှာ ရေနွေးမဟုတ်သလို လက်ဖက်ရည်လည်းမဟုတ်…။

ရွှေစင် ကြိုက်သည့် နန်းကြီးသုတ်သာဖြစ်သည်။

“ဟဲ့..မမှာရသေးဘူးလေ…”



www.burmeseclassic.com

www.burmeseclassic.com



ရွှေဇင် အော်လိုက်သည်။ စားပွဲထိုးလေးသည် နားမလည် [illegible]ကြည့်နေသည်။

ခွာညိုသည် ရွှေဇင်၏ရှေ့ကို နန်းကြီးသုတ်ပန်းကန်ချပေးရင်း…

"ငါ မှာလိုက်တာပါ…"

"ဟင်..နင် မှာတာ ငါလည်း မကြားပါလား…"

ခွာညို တစ်ချက်ပြုံးလိုက်သည်။ ပြီးတော့ ရွှေဇင်ကိုပါ တစ်ချက်ကြည့်လိုက်ပြီး…

"စားပါ ရွှေဇင်ရာ၊ တစ်နေကုန်ပင်ပန်းနေတယ်ဆိုတော့ ဗိုက်ဆာနေမှာပေါ့၊ အဲဒါကိုတော့ နင် ညာလို့မရဘူး…"

ခွာညို ပြောတာမှန်နေသည်။ မိမိတို့သည် ကျောင်းပြီးကတည်းက ကျူရှင်တွေကိုတစ်ကျောင်းပြီးတစ်ကျောင်း ပြောင်းပြီးတက်နေရသည်။

အဲဒါကို ဗိုက်ကမဆာဘူးဆိုတော့ မယုံစရာဖြစ်နေသည်။ ရွှေဇင်သည် မိခင်က စားစရာတွေထည့်ပေးတတ်သော်လည်း၊





သည်နေ့အဖို့ စားစရာတစ်ခုမှပါလာခြင်းမရှိ…။

အိမ်ကလိုက်ပို့ပေးခြင်းမရှိ၊ အခါတိုင်းရက်တွေသည် ရွှေဇင် စားစရာတွေထည့်မလာလျှင် လိုက်ပို့ပေးတတ်သည်။

ဗိုက်ကဆာသည်မရှိ၊ ဝယ်စားခြင်းလည်းမရှိ၊ ဒါကိုအခုမှ ခွာညို သတိထားမိလိုက်သည်။

ရွှေဇင်သည် နန်းကြီးသုတ်ကို စားနေလိုက်သည်။ ခွာညိုသည် ရွှေဇင်နည်းတူ နန်းကြီးသုတ်ကိုသာ စားလိုက်သည်။

တကယ်တော့ ခွာညိုသည် နန်းကြီးသုတ်ကို ကြိုက်သူမဟုတ်၊ ရွှေဇင်အတွက် အဖော်အဖြစ်သာ စားနေခြင်းဖြစ်သည်။

ခွာညို တကယ်ကြိုက်တာက ကောက်ညှင်းနှင့်လုပ်ထားသည့်မုန့်တွေသာဖြစ်သည်။

တကယ်တော့ ခွာညိုသည် ရန်ကုန်မြို့တွင်မွေးဖွားလာသူမဟုတ်၊ ရှစ်တန်းကျောင်းသူအရွယ်ရောက်မှ ရန်ကုန်မြို့သို့ ပြောင်းရွှေ့လာကြခြင်းဖြစ်သည်။

"ထပ်ယူဦးမလား ရွှေဇင်…"



www.burmeseclassic.com

www.burmeseclassic.com



"တော်ပြီဟာ..."

"ကော်ဖီနှစ်ခွက်..."

ခွာညိုသည် ကော်ဖီနှစ်ခွက် မှာလိုက်သည်။

"နင် ဗိုက်ဆာနေတယ်မဟုတ်လား ရွှေဇင်..."

"အမှန်အတိုင်းပြောရရင် ငါ ဗိုက်တကယ်ဆာတယ်၊ စားဖို့လည်းစိတ်ကူးမိတယ်..."

"ဒါဆို ဘာလို့ငြင်းတာလဲ..."

ခွာညိုကို ကြည့်လိုက်သည်။

"အဆာလွန်သွားတာနေမှာပေါ့ဟာ၊ မာမီကတော့ လိုက်ပို့ပေးမယ်ပြောတယ်၊ အဲဒီလိုလိုက်ပို့ရင် ပင်ပန်းမှာကြောက်လို့ လိုက်မပို့ခိုင်းတာ..."

ခွာညိုကို တစ်ချက်ကြည့်လိုက်ပြီး သက်မဓောကို ချမြဲ လိုက်သည်။

"ငါ မာမီကို အရမ်းသနားတယ် ခွာညို၊ စိတ်လည်းမချ ဘူး၊ မာမီဟာ အသက်ကြီးပြီး ယောကျ်ားတွေနဲ့ရင်ပေါင်တန်းပြီး





စာပွဲဘူလုပ်ငန်းကို ဦးစီးနေရတယ်၊ အရှင်းဆုံးပြောရရင် ငါ ကျောင်းပြီးချင်ပြီဟယ်..."

"နင့်စိတ်ထဲမှာ အဲဒီလိုဖြစ်နေတာကိုက ကောင်းမြတ်တဲ့ သက္ကဏာပဲ ရွှေဇင်...

ဒါပေမဲ့ အဲဒီလိုတွေးပြီး စိတ်မကောင်းဖြစ် နေရင် နင်ပဲ ဆောကရောက်ရမှာပေါ့...

ငါ့အထင်ပြောရရင်တော့ မသိသလိုသာနေလိုက်ရင် နင့်အတွက် စိတ်ချမ်းသာမယ်ထင်တယ်..."

လေးတွဲစွာ ခေါင်းတစ်ချက်ညိတ်လိုက်၏။ ရွှေဇင်သည် ခွာညိုကို တစ်ချက်ကြည့်လိုက်၏။

သူမ၏အကြည့်သည် သဘောပေါက်နေသည့်အကြည့် သာ ဖြစ်သည်။

"နင် ပြောတာ ငါ သဘောပေါက်တယ် ခွာညို၊ ငါ အဲဒီစိတ်တွေကို ဖျောက်ကြည့်တယ်၊ မရဘူး၊ အိမ်ပြန်ရောက်လို့ မာမီမျက်နှာကိုမြင်ရရင် စိတ်ထဲမှာပျော်ရွှင်နေတယ်...



www.burmeseclassic.com

www.burmeseclassic.com



တွေ့နပ်မှုတွေလည်းရှိတယ်၊ ကျောင်းစာကျက်ရတာကို အည်း ပျော်ရွှင်တယ်၊ မာမီကိုကျော့ခိုင်းပြီး ကျောင်းသွားရတာ ကိုလည်း ငါ ဝမ်းနည်းတယ်…”

“ရွှေဇင် ပြန်ကြမယ်…”

“ကောင်းတယ်၊ ဒါနဲ့ နင့်အိမ်ကကား လာခေါ်မလား မလာရင်လည်း ငါနဲ့လိုက်ခဲ့ပါ၊ ငါ လိုက်ပို့ပေးမယ်…”

“အေး…လိုက်ခဲ့မယ်၊ ငါ အိမ်ကိုဖုန်းဆက်လိုက်မယ်…”

နှစ်ယောက်သားဆိုရင်း အပြင်သို့ထွက်ခဲ့ကြသည်။ နွှာညို သည် အိမ်ကိုဖုန်းဆက်လိုက်သည်။

ရွှေဇင်သည် လာကြိုမည့်ကားကိုမျှော်နေသည်။ နွှာညို သည် လူသံတွေနှင့်ဆူနေ၍ တခြားနေရာကိုထွက်သွားသော ကြောင့် ရွှေဇင်တစ်ယောက်တည်းသာ ရပ်နေဆဲရှိ၏။

အိမ်မှကားကိုလှမ်းမျှော်ကြည့်ဆဲ ရွှေဇင် မျက်မှောင်လေး တွန့်သွားသည်။

ပြီးတော့ သွားလေးတွေစေ့လိုက်သည်။





မှန်သည်။

ရွှေဇင် တွေ့လိုက်ရသူက သောင်းထိုက်နှင့်စိုးဝင်း…။

ထိုအခိုက်…

“ရွှေဇင်တစ်ယောက်တည်းလား…”

သောင်းထိုက်က မေးသည်။ သောင်းထိုက်အသွင်က ရေယ်၊ မတည်…။

ထိုအတွက်ကြောင့် ရွှေဇင် ဒေါသထွက်သည်။ မီးဟုန်း ဟုန်းတောက်သည့် မျက်လုံးနှင့်ကြည့်လိုက်၏။

သောင်းထိုက်နှင့်စိုးဝင်းတို့က သူတို့ကို ရွှေဇင်က ချိုသော အကြည့်လေးတွေနှင့် ကြည့်နေသလိုပင်ရှိသည်။

“ရှင့်အပူပါလို့လား၊ ရှင်နဲ့မပတ်သက်ပါဘူး…”

“စိတ်မဆိုးရဘူး ရွှေဇင်ရဲ့၊ အကျည်းတန်ဖြစ်တတ်တယ်၊ တကယ်ပြောတာ…”

“ရှင် စကားပြောတာ ဆင်ခြင်ပြောပါ၊ လူကို ဘာလို အတန်းစားထဲကထင်လို့လဲ…”



www.burmeseclassic.com

www.burmeseclassic.com



ရွှေဇင်၏အသံသည် သတိမှတ်ထားသည်ထက် ကျယ်နေသလိုထင်ရသည်။

တချို့ကကြည့်နေကြသည်။

"ဘာလို့အဲဒီလောက်တောင် စိတ်ဆိုးနေရတာလဲဗျာ၊ စေတနာနဲ့မေးတာပါ ရွှေဇင်…

ကျွန်တော့်ရဲ့စေတနာကို အသိအမှတ် မပြုရင်တောင် နားလည်မှုလေးတစ်ခုပေးရင် ကျေနပ်မိမှာပါ…"

ရင်ခုန်သံတစ်ခု ထွက်ပေါ်လာသည်။

သောင်းထိုက်၏စကားသည် ရွှေဇင်အတွက် စိတ်ဝင်စားသလိုဖြစ်သွား၏။

တင်းထားသည့်စိတ်တွေသည် အလိုအလျောက်ပျော့ကျသွားသည်၏။

ရွှေဇင်သည် သောင်းထိုက်ကို ကြည့်လိုက်သည်။ သူ၏အကြည့်မျက်ဝန်းလေးတစ်စုံသည် တစ်မျိုးတစ်မည် အရိပ်တစ်ခုဖြတ်သလိုရှိ၏။





"ရှင် ဘာတွေလာပြောနေတာလဲ…"

ရွှေဇင်သည် ဟန်ဆောင်၍ပြောလိုက်ရပေမယ့်၊ စိတ်ထဲမှာတော့ တင်းမာမှုတွေလျော့ပါးစပြုပြီဖြစ်၏။

"အဲဒီလိုသူစိမ်းဆန်တဲ့စကားတွေ မပြောပါနဲ့ ရွှေဇင်၊ အကယ်တော့ ကျွန်တော်တို့ဟာ လူမျိုးစုကပေါက်ဖွားလာတဲ့ လူသားတွေဖြစ်သလို…

ကျောင်းစာဘာသာရပ်ချင်းလည်းတူတဲ့ အတန်းတူ ညီအစ်ကိုမောင်နှမ၊ သူငယ်ချင်းတွေပါ…

ကျွန်တော်က ငြိမ်းချမ်းစွာပြောနေရင် ရွှေဇင်လည်း ငြိမ်းချမ်းစွာပြောသင့်ပါတယ်ဗျာ…"

"ကောင်းပြီ၊ ဒါဆို ရှင် ပြန်တော့…"

"အဲဒီလိုတော့ မနှင်လွှတ်ပါနဲ့ ရွှေဇင်၊ သူငယ်ချင်းကောင်းတစ်ယောက်အနေနဲ့တော့ အဖော်နေပေးပါရစေ…

စိတ်ချ၊ ရွှေဇင်တို့အိမ်က လာကြိုတဲ့အခါ ကျွန်တော်ပြန်ပါ့မယ်၊ အဲဒီအချိန်ကျရင် ကျွန်တော် ရွှေဇင်ကို နှောင့်မဆက်ဘဲ



www.burmeseclassic.com

www.burmeseclassic.com



ပြန်သွားပါမယ်၊ ဘယ့်နှယ့်လဲ ရွှေစင် အဲဒါဆိုကျေနပ်တယ်မဟုတ်လား…”

ကြားလိုက်ရသည့်စကားသည် ရင်အားပရမ်းပတာဖြစ်သွားလိုက်ရသလိုပါ…။

အနားမှာအဖော်အဖြစ် စောင့်ပေးတဲ့သူတစ်ယောက်က နှုတ်မဆက်ဘူးဆိုတော့ စိုးတထင့်ထင့်ဖြစ်ချင်သလိုလို…။

ရွှေစင်သည် သောင်းထိုက်ကိုကြည့်လိုက်သည်တွင် ဘာစကားဆက်ပြောရမှန်းမသိအောင် ဖြစ်နေကြသည်။

“ဟဲ့…ကိုထိုက် ဘယ်ကလာတာလဲ…”

ခွာညို၏စကားကိုသာ နားထောင်ဖြစ်သည်။ ခွာညိုသည် သောင်းထိုက်အနား ကပ်လိုက်လာသည်။

“ဘယ်သူလဲလို့ဟယ်၊ ရွှေစင်ကို စိတ်ပူလိုက်ရတာ…”

“ငါလည်း နင့်လိုပဲပေါ့ဟာ၊ ဒါကြောင့်ရန်တွေခံပြီးတော့ အဖော်အဖြစ်စောင့်ပေးနေတာ…”

“ကျေးဇူးတင်ပါတယ်ဟယ်…”





ခွာညို ပြောနေချိန်တွင် သောင်းထိုက်နှင့်စိုးဝင်းတို့ ကျောင်းထွက်ရန် ဟန်ပြင်လိုက်၏။ ခြေလှမ်းတွေသည် ရွှေလျားစပြုနေပြီဖြစ်၍…

“ကဲ…ဒါက ဘယ်လဲ သောင်းထိုက်ရဲ့…”

“ငါ တာဝန်ကျေပြီလေဟာ၊ နင် ရောက်လာပြီဆိုတော့ ငါ စိတ်ချသွားပြီပေါ့…”

“နင်တို့ကလဲဟာ…”

သောင်းထိုက်နှင့်စိုးဝင်းတို့ ထွက်သွားကြပြီဖြစ်သည်။ ခွာညိုနှင့်ရွှေစင်တို့သည် သောင်းထိုက်နှင့်စိုးဝင်းတို့၏ ကျောတွေဆီလှမ်းကြည့်ရင်း…

ခွာညိုက…

“နင်တို့နှစ်ယောက် စကားများသေးလား ရွှေစင်…”

“အဲဒီလိုတော့မများပါဘူးဟာ၊ သူ့စကားနဲ့သူ လုပ်သွားတာပါ…”

ငါ့နားမှာစိတ်ချရတဲ့အဖော်တစ်ယောက် ရှိလို့ထွက်သွား



www.burmeseclassic.com

www.burmeseclassic.com



ခဲသ်တဲ့ အဲဒီအချိန်ကျရင် နှုတ်မဆက်သွားဘူးလို့ပြောသွားတယ်”

ခွာညို ဘာပြောရမှန်းမသိအောင် ဖြစ်သွား၏။ ထို့ကြောင့် ထိုတဲ့သို့လုပ်သွားသည်ကိုသာ သဘောပေါက်သွားသည်။

“တကယ်တော့ ကိုထိုက်က စိတ်သဘောကောင်းတဲ့ သူပါ၊ စကားပြောတာကို ရိုင်းတယ်ထင်ကြတယ်…”

သူတို့စကားပြောဆဲ၊ လာကြိုသည့်ကားလေးသည် ရောက်ရှိလာပြီဖြစ်၏။

နှစ်ယောက်သား ကားပေါ်တက်လိုက်ကြသည်။ ထို့နောက် ကားလေးသည် နေရာမှမောင်းထွက်ခဲ့ပြီဖြစ်၏။

ပထမဆုံး ခွာညို၏အိမ်သို့ ဦးတည်မောင်းနှင်နေဖြစ်၏။

× × × × ×

“ကျွန်တော့်ရဲ့စေတာနကို အသိအမှတ်မပြုရင်တောင်မှ နားလည်မှုလေးနည်းနည်းထားရင် ကျေနပ်ပါတယ် ရွှေဇင်…”

ဘာသဘောနှင့် သောင်းထိုက်စကားသံကို ကြားနေရ





သည်ဆိုတာတွေ မတွေးတတ်အောင်ပင်…။

တိတ်ဆိတ်သည့်အခန်းတွင်းရှိ ခုတင်ပေါ်တွင် ရွှေဇင်သည် တစ်ယောက်တည်းရှိနေသည်။

တစ်နေ့တာဖြတ်သန်းလာခဲ့သမျှလေးတွေသည် ခေါင်းထဲမှာပြန်လည်၍ ဝင်ရောက်လာသည်။

မျက်ဝန်းအိမ်ထဲတွင် သောင်းထိုက်၏ရုပ်ပုံလွှာလေးကို အထင်းသားမြင်နေသည်။

သောင်းထိုက်သည် ကြည့်နေပေမဲ့၊ သူ့မျက်နှာချောချော မှုံရှင်စွာနေတတ်သည်။

သူ၏အကြည့်သည် ကြင်နာမှုတွေအလိပ်လိုက် ထွက်ပေါ်လာသလို ရွှေဇင်၏အပေါ် စိတ်ဝင်စားမှုတွေ လွှမ်းမိုးနေသည်။

တကယ်တော့ သောင်းထိုက်သည် တွေ့စနှင့်မတူ…။

သောင်းထိုက်သည် တွေ့စအချိန်တုန်းက ခပ်မာမာ၊ ခပ်ဆော့ဆော့ပုံ ယောက်ျားလေးတစ်ယောက်…။

လွန်ခဲ့သည့်နှစ်နာရီကျော်လောက်က တွေ့တုန်းကမျက်နှာ



www.burmeseclassic.com

www.burmeseclassic.com



လေးသည် ပြုံးရွှင်သလိုပြောလိုက်သည့် စကားလုံးများသည် ချိုသာလွန်း၏။

တကယ်ဆို ရွှေဇင်ကို လာရောက်နှုတ်မဆက်ဘဲ ရှောင်ထွက်သွားလို့ရသည်။

ရှောင်မသွားဘဲ လာရောက်နှုတ်ဆက်သည်ကို အံ့ဩမိသည်။

ရွှေဇင်သည် ဒေါသနှင့်အော်ထုတ်တောင်မှ စိတ်ဆိုးသည့် အမူအရာပြခြင်းမရှိ၊ ပြုံးရွှင်သည့်မျက်နှာအမူအရာနှင့်အတူ…

"ရွှေဇင်ကို စိုးရိမ်လို့ပါ၊ ရွှေဇင် တစ်ခုခုဖြစ်သွားရင် တစ်သက်လုံး ကျွန်တော် စိတ်ကောင်းမှာမဟုတ်ဘူး…

ရွှေဇင်ရဲ့ အနားမှာ ကျွန်တော် စိတ်ချရတဲ့လူတစ်ယောက် ရောက်လာမှ နှုတ်မဆက်ဘဲထွက်သွားမှာပါ၊ အဲဒါတော့ စိတ်ချပါ…"

သောင်းထိုက်၏ စကားသည် ရွှေဇင်၏နားထဲတွင် စွဲထင်နေသည်။





တင်းမာသည့်စိတ်တွေသည် အရည်ပျော်ကျသွားသလို သောင်းထိုက်အပေါ် လွှမ်းမိုးနေသည့်ဒေါသတွေ ပျောက်ကွယ်သွားနှ၏။

ရွှေဇင်သည် စာရေးစာပွဲသို့ ပြောင်း၍ထိုင်လိုက်ပြီးနောက် တစ်ရွေ့ရွေ့သွားနေသည့်နာရီလက်တံလေးကို စိုက်ကြည့်နေလိုက်သည်။

တမေ့တမောပင် ကြည့်နေဖြစ်သည်။ ကြည့်ဆဲ၊ နာရီလက်တံလေးများနှင့်ဂဏန်းများသည် ပျောက်သွားသည်။

ထိုနေရာတွင် သောင်းထိုက်၏မျက်နှာချောချောသည် ပေါ်လာသည်။

သူ့မျက်နှာသည် ပြုံးရယ်နေ၏။

"ကိုသောင်းထိုက် ရှင် ကျွန်မကို ဘာသဘောနဲ့ပြုံးပြနေသလဲ၊ ရှင်ကိုကြည့်ရတာ ကျွန်မကို တစ်ခုခုပြောချင်သလိုပဲ၊ ပြောမှာလဲပြောပါ၊ ကျွန်မ နားထောင်နေပါတယ်…"

ရွှေဇင် နှုတ်မှတီးတိုးဆိုဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



သောင်းထိုက်သည် ကျေနပ်စွာပြုံး၍ ကြည့်နေဆဲပင်…။

“ဘယ်လို..ရှင် ဘာတွေပြောနေတာလဲ၊ ဘယ်လိုပြောလိုက်တယ် ကိုသောင်းထိုက်၊ ရှင်က ကျွန်မကို အရမ်းချစ်တယ်ဟုတ်လား၊ အိုး..ရှင် မနောက်ပါနဲ့၊ လျှာအရိုးမရှိတိုင်း သူ ပြောတာ၊ ကျွန်မ ရှက်တယ်နော်၊ သွား..မချစ်ဘူး၊ ဟင်..ဟယ်တော်သူ..ဟင်း…”

ရင်မောသွားရသည်။

ရင်တွေခုန်နေရသည့်ဖြစ်ခြင်း…။

စိတ်ထဲတွင် တစ်မျိုးလည်းဖြစ်သွားရသည်။

စိုးရိမ်စိတ်တွေနှင့်အတူ နှမြောစိတ်တွေလည်း ထပ်ဆင့်ပေါ်လာသည်။

မှန်သည်။

နာရီအတွင်းထဲမှရှိနေသည့် သောင်းထိုက်သည် ဘယ်အချိန်ကတည်းက ပျောက်သွားသည်မသိသောကြောင့်ပါတည်း။

ရွှေဇင် မှတ်မိသည်မှာ ရှင့်ကိုမချစ်နိုင်ပါဘူးဟုသော





…တားကြောင့်ပင်လား…။

သောင်းထိုက် ရှိနေသည့်နေရာတွင် နာရီလက်တံလေး…တွေနှင့်အတူ ဂဏန်းလေးတွေ ပြန်လည်ရောက်ရှိလာသည်။

…စိတ်ထဲတွင် တစ်မျိုးဖြစ်နေသည်။

ရွှေဇင်သည် အနီးရှိကရင်မ်ပတ်ကိုယူပြီး မျက်နှာမှာသာ…သာလေးတို့လိုက်သည်။

နုနယ်ဝင်းဖန့်သည့် ရွှေဇင်၏မျက်နှာလေးသည် မိတ်ကပ်…ပါးပါးလေးလူးရုံနဲ့တင် အလှကြီးလှပနေရလေ၏။

လှပသည့်မျက်နှာလေးကို မှန်ထဲကြည့်နေဖြစ်ရင်း မိမိ…အလှသည် သောင်းထိုက်၏နှလုံးသားကို အရည်ပျော်အောင်ဆုပ်…ကိုင်နိုင်လိမ့်မှာ ထင်နေသည်။

ရွှေဇင်၏မျက်နှာသည် သောင်းထိုက်အကြောင်းကိုတွေး…ပြီး ပြုံးရွှင်နေသလို၊ သောင်းထိုက်၏ရုပ်ပုံလေးသည် မျက်ဝန်းအိမ်…ထပ်၍မြင်ယောင်လိုက်ရပြန်၏။

တစ်ဆက်တည်းပင်…



www.burmeseclassic.com

www.burmeseclassic.com



တုန်လှုပ်ခြင်းတစ်ခုဖြင့် ရွှေဇင်၏လှပသည့် ကိုယ်လုံးလေးပင် တွန့်သွားသည်။

စိုးရိမ်စိတ်တွေလည်း ထွက်ပေါ်လာသည်။ စိတ်တွေလည်း ပြောင်းလဲသွားသလိုရှိ၏။

“မာမီ့ဆန္ဒကတော့ သမီးလေးကို အိမ်ထောင်မပြုစေချင်ဘူး၊ ဘာဖြစ်လို့ဒီလိုစကားမျိုး ပြောရတာလဲဆိုတာသိလား သမီး…

ကမ္ဘာလောကမှာ သမီးဒယ်ဒီလောက် သစ္စာရှိတဲ့ယောကျ်ားမျိုးမရှိဘူး သမီးငယ်…

တကယ်တော့ သမီးရဲ့ဒယ်ဒီဟာ မိသားစုအပေါ် ကျ စိုက်သလို၊ မာမီ့အပေါ်မှာလည်း သစ္စာရှိတယ်…

တကယ်လို့ သမီး အိမ်ထောင်ပြုမယ်ဆိုရင်တောင် သမီးရဲ့အကြိုက်ကိုမရွေးပါနဲ့….

သမီး အကြိုက်တွေ့လို့ ရွေးချယ်တယ်ဆိုရင်တောင် မာမီ့ကိုပြပါ၊ သမီးရဲ့မမ ငွေဇင်လိုဖြစ်မှာစိုးရိမ်လို့ပါ…”

မိခင် ဒေါ်နွယ်နွယ်၏ စကားများပါ…။





ဒေါ်နွယ်နွယ်သည် ရွှေဇင်ကို အိမ်ထောင်ပြုမှာစိုးရိမ်သလို၊ တစ်ခုခုဖြစ်သွားမှာကိုလည်း ကြောက်လန့်နေသည်။ မှန်ပါသည်။

ဒေါ်နွယ်နွယ်သည် ရှားရှားပါးပါး သမီးနှစ်ယောက်သာ မွေးထားသည်။

သမီးနှစ်ယောက်နှယ် သမီးကြီး ငွေဇင်က စောစီးစွာပင် မိသားစုကိုကျောခိုင်းထွက်သွားလေပြီ…။

ငွေဇင် သေဆုံးချိန်တွင် ဒေါ်နွယ်နွယ်မှာ အရူးမီးပိုင်းသလို ဖြစ်ခဲ့ရသည်။

ယခု ရွှေဇင်ကို ရင်ခွင်အထဲကစောစီး ထွက်သွားမှာကို စိုးရိမ်နေရပြန်သည်။

ထို့အတွက်ကြောင့် ဒေါ်နွယ်နွယ်သည် သမီးငယ် ရွှေဇင် ကို ရင်ခွင်ပိုက်ကလေးငယ်တစ်ယောက်ကဲ့သို့ ဂရုစိုက်သလို၊ စည်းကမ်းများလည်း ထုတ်ထားသည်။

ရွှေဇင်သည် ကျောင်းကပြန်ရောက်လာလျှင် မိခင်၏



www.burmeseclassic.com

www.burmeseclassic.com



[illegible]ခန်းသို့ တန်းသွားရသည်။ ပြီးမှ မိခင်နှင့်အတူ အိမ်သို့ ပြန်ကြရသည်။

ယခု မိမိသည် မိခင်ဒေါ်နွယ်နွယ်၏ စိုးရိမ်မှုကိုတွန်းလှန်နေသလို ဖြစ်နေသည်။

ဒေါ်နွယ်နွယ်သည် ချစ်သူရည်းစားမထားရ၊ ယောကျ်ားလေးတွေကို စိတ်မဝင်စားရဟု ပြင်းထန်စွာတားမြစ်ထားသည် မဟုတ်ပါလား…။

ယခုတော့ ရွှေဇင်သည် တစ်ခန်းထဲနေအမျိုးသားလေးတစ်ယောက်ကို စိတ်ဝင်စားနေလေပြီ…။

ထိုကိစ္စကို မိခင် ဒေါ်နွယ်နွယ် သိသွားလျှင် ကြီးမားသည့်ပြဿနာတစ်ခု တက်သွားနိုင်ပေသည်။

ရွှေဇင်သည် သက်မဓောတစ်ခုကို လေးတွဲစွာချဖြစ်လိုက်သည်။

"သမီးငယ် မအိပ်သေးဘူးလား…"

အသံနှင့်အတူ အခန်းထဲဝင်ရောက်လာရင်း မိခင်သည်





ရွှေဇင်၏ဘေးတွင် ထိုင်လိုက်သည်။

ရွှေဇင်သည်လည်း ထထိုင်လိုက်ပြီး မိခင်ထံ ကြည့်လိုက်သည်။

ရွှေဇင်သည် မေမေ့အမေးအတွက် ဖြေရခက်သွား၏။ မှန်သည်။

အဘယ်ကြောင့်ဆိုသော်…

ရွှေဇင်သည် မိခင် ဒေါ်နွယ်နွယ်အား စာမကျက်တော့ဘဲ စောစောအိပ်ရန်ပြောထား၍ မိခင်သည် သဘောတူခွင့်ပြုခဲ့ခြင်းပါ။ ခုဖြင့် မိမိကအိပ်၍မပျော်၊ အိပ်ပျော်ရန်ကြိုးစားသော်လည်း ရ…။

အိပ်ရာပေါ်ရောက်ချိန်တွင် သောင်းထိုက်၏အကြောင်း ခေါင်းထဲရောက်ရှိလာသည့်အတွက် အိပ်မရအောင်ဖြစ်နေရသည် မဟုတ်ပါလား…။

ရွှေဇင်သည် မိခင်ကိုတစ်ချက်ကြည့်လိုက်ပြီး ကောင်း ဆီထင်သည့်စကားလုံးတွေကို ရွေးထုတ်လိုက်ပြီး…

www.burmeseclassic.com

www.burmeseclassic.com



"တစ်ရေးနိုးသလို ဖြစ်လာတာပါ မာမီ..."

"သမီးလေးက တစ်ရေးနိုးလာတာလား၊ မာမီက သမီးလေးမအိပ်ရသေးဘူးထင်နေတာကွယ်..."

ဒေါ်နွယ်နွယ်သည် ပြုံးရွှင်နေသည့်မျက်နှာထားနှင့်အတူ သမီးငယ် ရွှေဇင်ကို ကြည့်လိုက်သည်။

ရွှေဇင်သည် မိမိစကားအတွက် စိတ်ထဲရယ်ချင်နေရလေ၏...။

မိမိ၏ကျေနပ်မှုကို မိခင်ဖြစ်သူမှာ မသိလိုက်ရှာ...၊

သို့မဟုတ် မသိချင်ယောင်ဆောင်နေသည်လားဟု ရွှေဇင် မရဲတရဲတွေးဖြစ်ရ၏။

မည်သို့ပင်ဖြစ်စေကာမူ ဒေါ်နွယ်နွယ်၏အမူအရာသည် ပြောင်းလဲခြင်းမရှိ...။

"အဟင်း..သမီးက ကျောင်းမှာကတည်းက အိပ်ချင်နေတာ မာမီ၊ စိတ်ကိုမနည်းထိန်းနေရတာ..."

"သမီးက စာကြိုးစားလွန်းပါတယ်၊ အဲဒါကြောင့်ပဲ မာမီ



ရှုစိုက်နေရတာ၊ သမီး ကော်ဖီသောက်မလား၊ မာမီ ဖျော်ပေးလိုက်မယ်လေ..."

"မသောက်တော့ဘူး မာမီ၊ အိပ်မပျော်ဘဲမျက်စိတွေကြောင်သွားမှာစိုးရိမ်လို့ပါ..."

"ဒါဆိုလည်း သမီး သဘောပဲလေ၊ မာမီက သမီး ပင်ပန်းနေမှာစိုးလို့၊ ဩော်..သမီးကို မာမီ ပြောထားရဦးမယ်...

အဲဒါက တခြားမဟုတ်ဘူး၊ သမီးကိုကျောင်းပြီးတဲ့အခါ အိမ်ထောင်ထပ်ပေးဖို့ ရည်ရွယ်ထားသူရှိတယ်..."

"ရှင်..မာမီ..."

မျှော်လင့်မထားသည့်စကားတစ်ခွန်းကို ရုတ်တရက်ကြားလိုက်ရသည့်အတွက် ရွှေဇင်မှာ အတော် သြသွားသည်။

မိခင် ဒေါ်နွယ်နွယ်သည် ရွှေဇင်ကို အိမ်ထောင်ပြုဖို့အတွက် ဘယ်သောအခါမှပြောလာမှာမဟုတ်ဟု ထင်မှတ်ထားခဲ့သည်။

အဘယ်ကြောင့်ဆိုသော် မိခင်အတွက် မိမိသည် တစ်ဦး

www.burmeseclassic.com

www.burmeseclassic.com



အညာသောသမီးလေးအဖြစ် ရှားရှားပါးပါးရှိနေရမည်မဟုတ်…
လား…။

သည့်အတွက် ရွှေဇင် ရည်စားထားရင် ရက်ရက်စ…
စက်တားမြစ်လိမ့်မည်ဟု ထင်မှတ်ထားသည်။

ယခုတော့ ထိုသို့မဟုတ်၊ မိခင် ဒေါ်နွယ်နွယ်သည်…
သူကိုယ်တိုင်က စတင်ပြောလာသည်။

"ဟုတ်တယ် သမီး၊ တကယ်တော့ မာမီ့ဆန္ဒက သ…
လေးကိုအပျိုကြီးဘဝနဲ့ နေသွားစေချင်တာ…

ဒါပေမဲ့ မဖြစ်နိုင်တဲ့ အကြောင်းတရားတွေက အများ…
ရှိနေတယ် သမီး…

မာမီ မရှိတော့တဲ့အခါ လူ့လောကထဲမှာ သမီးဟာ မျက်…
ငယ်နေရမယ်၊ အဲဒါကို မာမီ မလိုလားဘူး၊ အသေလည်းဖြော…
မှာမဟုတ်ဘူး…

အဲဒီအတွက် မာမီ မသေခင်မှာ သမီးကို အိမ်ထောင်…
စေချင်တယ်၊ အခုတော့မဟုတ်သေးပါဘူး သမီး ကျောင်းပြီးမှ…





…ဒီအခါဆိုရင် မောင်မောင်နိုင်လည်း မြန်မာပြည်ကို ပြန်ရောက်
…ပြီ…"

"အဲဒီ မောင်မောင်နိုင်ဆိုတာ ဘယ်သူလဲ မာမီ…"

ရွှေဇင်သည် ထိုလူကိုစိတ်မဝင်စားပေမယ့်၊ သိထားသင့်
…ထင်ပြီး မေးလိုက်ခြင်းပင်…။

ထိုသူ၏အကြောင်းကို ပြောခြင်းသည် ပထမဆုံးအကြိမ်
…။

"သမီးဒယ်ဒီ့မိတ်ဆွေရဲ့သားပေါ့၊ သမီးနဲ့မောင်မောင်နိုင်
…လက်ထပ်ပေးဖို့ သမီးဒယ်ဒီနဲ့ မောင်မောင်နိုင်ရဲ့မိဘတွေက
…တင်ဆွေးနွေးထားခဲ့ဖူးတယ်…"

"စဉ်းစားပါရစေလား မာမီရယ်…"

ရွှေဇင်၏ စကားသံလေးသည် တိုးတိုးတိမ်တိမ်လေးဆို
…လေ၏။ မျက်နှာလေးသည်ပါ ညိုရော်သွားသည်။

မိခင်ကိုကြည့်တော့ မိခင်က မိမိအတွက် ကျေနပ်နေဟန်
…ရှိလေ၏။



www.burmeseclassic.com

မှန်သည်။

မိခင်တစ်ယောက်အနေနှင့် စိတ်ထဲကျေနပ်နေသည်

အမှန်ပါ။

ချစ်သမီးချောအား မောင်မောင်နိုင်နှင့်လက်ထပ်ပေး

လျှင် မိမိအနေနှင့်စိတ်အေးရပြီမဟုတ်ပါလား...။

"မာမီ့စကားထဲမှာ သမီးကို စဉ်းစားပါဦးလို့မပြော

ဘူးလေ သမီး၊ အဲဒီအတွက် စဉ်းစားမယ်ဆိုတဲ့စကားကို မပြော

နဲ့ သမီး..."

"အဲဒီလိုအကျပ်တော့မကိုင်ပါနဲ့ မာမီ၊ သမီးမှာ ဦးနှော

ရှိပါတယ်၊ စဉ်းစားခွင့်တော့ပေးပါ၊ မာမီ ပေးစားတဲ့သူကို လ

မထပ်နိုင်ဘူးလို့ပြောတာ မဟုတ်ဘူးနော် မာမီ၊ အဲဒီလောက်

မာမီ သဘောပေါက်မယ်ထင်တယ်..."

"ကောင်းပြီလေ..စဉ်းစားပေါ့ သမီး၊ တစ်ခုပဲပြောမယ်

ရည်းစားတော့မထားရဘူးနော်..."

ရွှေစင်သည် မိခင်ဖြစ်သူကို တစ်ချက်ကြည့်မိလိုက်ပြီး



နောက်ကျသွားပြီ မာမီ၊ သမီးမှာချစ်ရတဲ့သူတစ်ယောက်

ရှိလာပြီ...ဟု စိတ်ထဲတွင်ပြောကြားနေဖြစ်လေ၏။

ထိုစကားသည် မိခင်နားသို့ အောင်မြင်စွာကြားနိုင်သည့်

အမ်းအားမရှိ၊ ရင်းတွင်းမှာတင် ပျောက်ကွယ်သွားသည်။

သားအမိနှစ်ယောက် စကားပြောနေကြသည်မှာ အချိန်

တော်တော်ကြာသွားသည်။

"ကဲ..ကြည့်စမ်း၊ စကားကောင်းနေလိုက်တာ၊ အချိန်

တွေတောင်လွန်ကုန်ပြီ၊ ကဲ..သမီးအိပ်တော့နော်..."

"ဟုတ်ကဲ့ မာမီ..."

သားအမိနှစ်ယောက် အိပ်ရာဝင်ချိန်တွင် ဝန်းကျင်သည်

တိတ်ဆိတ်ငြိမ်သက်နေပြီဖြစ်သတည်း...။ ။

ØØØ ØØØ ØØØ



www.burmeseclassic.com

www.burmeseclassic.com

www.burmeseclassic.com

## - ငါး -

နံနက်ကျောင်းတက်ရန်အချိန်သည် တဖြည်းဖြည်းနှင့် နီးကပ်လာပြီဖြစ်၏။

ကျောင်း၏ကင်တင်းတွင် လက်ဖက်ရည်သောက်၊ မုန့်စား နေသူတွေနှင့်ပြည့်နေသည်။

ထိုအထဲတွင် ရွှေဇင်နှင့်ခွာညိုတို့လည်း ပါဝင်နေသည် ပါ...။

ခွာညိုသည် ရေနွေးကြမ်းကို တစ်ငုံလောက်ငုံလိုက်ပြီး--

"ဘယ်သူ့ကိုမျှော်နေတာလဲ ရွှေဇင်..."

"လူတွေကိုအကဲခတ်နေတာပါဟာ..."





ရွှေဇင်သည် ထိုသို့ပြောလိုက်ပြီးနောက် ရှက်ပြုံးလေးနှင့် ပြုံးနေလိုက်၏။

ခွာညိုသည် ကောင်းစွာသိလိုက်သည်။ သို့သော် မသိချင် ဟန်ဆောင်၍သာ မေးလိုက်ခြင်းပါ...။

မှန်သည်။

ရွှေဇင်သည် သောင်းထိုက်ကို လိုက်၍ရှာနေခြင်းဖြစ်၏။ ဘာကြောင့်ရယ်မသိ၊ ရွှေဇင်သည် ထိုနေ့မှ သောင်းထိုက်ကို တွေ့ချင်နေသည်။

စိတ်ထဲတွင်လည်း တစ်မျိုးဖြစ်နေသည်။ စိတ်ထဲတွင် ပျော်...။

ထိုနေ့ကျောင်းတက်ရသည်မှာ ရွှေဇင်အတွက် ပျင်းစရာ ကောင်းနေသလိုလို၊ စိတ်ညစ်စရာလိုလို၊ ဝမ်းနည်းစရာလိုလိုဖြစ် နေသည်။

ထိုကိစ္စ၏ အဓိကတရားခံသည် မိခင် ဒေါ်နွယ်နွယ်သာ ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



ညက ရွှေဇင် အိပ်ရာဝင်နေချိန်တွင် မောင်မောင်နိုင်ဆို သူနှင့်လက်ထပ်ပေးစားရန် ပြောလာသည့်ကိစ္စအတွက် ရွှေဇင်မှာ တင်းကျပ်ပိတ်ဆို့သည့်ဝေဒနာတစ်ခုလို ခံစားနေရသည်။

သည်အကြောင်းကို ရွှေဇင်တစ်ယောက်ကလွဲပြီး မည်သူ မှမသိရှိပေ၊ ခွာညိုကိုလည်း ပြောပြရန်ဝန်လေးနေမိ၏။

"ငါ သိပါတယ် ရွှေဇင်ရယ်၊ နင် ကိုထိုက်ကို မျှော်နေ တာမဟုတ်လား..."

"အိုး..မဟုတ်ပါဘူး..."

"ငြင်းဆိုခြင်းသည် လိမ်ညာခြင်းလို့ ငါ ကြားဖူးတယ် အဲဒါ နင် ညာနေတာပဲ ရွှေဇင်၊ နင် မျှော်နေတဲ့သူ ဟိုဒေါင့်မှာ ထိုင်နေတယ်..."

ရွှေဇင်သည် ခွာညို မေးငေါ့ပြရာဆီသို့ ချက်ချင်းဝင် ကြည့်လိုက်၏။

ထိုဝိုင်းတွင် သောင်းထိုက်ကို မတွေ့ရ၊ သောင်းထိုက်၏ သူငယ်ချင်းများဖြစ်သည့် ကျော်ရဲဦး၊ သီဟနှင့်စိုးဇင်းတို့ ထိုင်နေ



သည်။

အားလုံးက ဟာသတွေပြောပြီး လွတ်လပ်စွာရယ်နေ ကြသည်။

ရွှေဇင်သည် သောင်းထိုက် ရှိမရှိသေချာကြည့်နေသည်။ မျက်ဝန်းထဲတွင် သောင်းထိုက်ကို မတွေ့ရ...။

ခွာညိုသည် ကျေနပ်စွာပြုံးလိုက်ပြီး...

"ကိုထိုက် မလာသေးပါဘူး ရွှေဇင်..."

"သေတော့မှာပဲ၊ နောက်စရာလား..."

ရှက်ရှက်နှင့်ပြောဖြစ်သည်။

"ခွာညိုရယ် ဘာလို့မဟုတ်တာတွေပြောနေရတာလဲ၊ နင်နော် ငါ စိတ်မဆိုးချင်ဘူးသိလား..."

"သိပါတယ်..သိပါတယ်၊ နင် စိတ်မဆိုးတာပဲကောင်း ပါတယ်...

နင် စိတ်ဆိုးရင်ချော့မယ့်သူမရှိသေးဘူး၊ ကိုထိုက်တစ် ယောက်ကလည်း အခုထိရောက်မလာသေးဘူး..."

www.burmeseclassic.com

www.burmeseclassic.com



"ကြိုးကန်းရယ်လာပါတော့၊ ဖျိုင်းလေးမျှော်လှပေါ့…"

"ခွာညိုနော်…"

ကြိတ်ကြိတ်ကလေး အော်ဖြစ်သည်။

ဟား‥ဟား‥ဟား…

ခွာညို၏ရယ်သံကြောင့် အနီးရှိထိုင်နေသော သူများသည် ရွှေဇင်နှင့်ခွာညိုတို့ကို ကြည့်ဖြစ်လိုက်ကြသည်။

သူများတွေအကြည့်ကြောင့် ရွှေဇင် ရှက်သွားသည်။ ခေါင်းလေးကိုအောက်သို့ ငုံ့ထားလိုက်သည်။

ရွှေဇင်သည် အမြဲတမ်းစိတ်ကို ထိန်းချုပ်နေတတ်သူပါ…။

ယခု ခွာညို၏စကားကြောင့် ရှက်ရှက်နှင့်ပြောလိုက်ခြင်းပါ…။

ရွှေဇင် ရှက်သွားသည်ကို ခွာညို သိသွား၏။

ရွှေဇင်သည် အသားဖြူဝင်းနေသူတစ်ယောက် ဖြစ်သည့်အတွက် ခံစားမှုတစ်ခုခုရှိလာလျှင် သိသာသည်။





မျက်နှာသည် နီရဲလာလျှင် စကားသိပ်မပြောတော့၊ တစ်ခုခုကိုလုပ်တတ်သည်။

သည်လိုအပြုအမူကြောင့် မိခင် ဒေါ်နွယ်နွယ်သည် ခြသေ့်မလေးလို့ ချစ်စနိုးခေါ်တတ်သည်။

"စိတ်မဆိုးပါနဲ့ ရွှေဇင်ရယ်၊ ငါက နင့်ကိုခင်လို့စတာပါ…"

"နင့်မှာအပြစ်မရှိပါဘူး ခွာညို၊ ငါက လူတွေနောက်ပြောင်စလို့ကောင်းတဲ့ မျက်နှာဖြစ်နေလို့နေမှာပါဟာ…"

"ရွှေဇင်ကလဲဟယ်…"

ခွာညိုသည် အားနာစွာဖြင့် ရွှေဇင်ကို ကြည့်လိုက်သည်။ သူမ၏အကြည့်တွင် စိတ်မကောင်းဖြစ်ခြင်းကို မြင်နေရ၏။

ရွှေဇင်သည် ထိုနေ့တွင် အခါတိုင်းနေ့တွေနှင့်မတူ၊ တစ်ခုခုဖြစ်နေသည်မှာ သိသာနေသည်။

ယခင်နေ့တွေက ရွှေဇင်၏မျက်နှာသည် တက်ကြွလန်းဆန်းနေတတ်သလို စာအကြောင်းကို တက်ကြွစွာပြောဆိုတတ်

www.burmeseclassic.com

www.burmeseclassic.com



သည်ပါ…။

“ရွှေဇင်…”

“ဟင်..ဘာလဲ…”

“နင် ဒီနေ့ဘာဖြစ်လာတာလဲဟင်…”

“*စိတ်ထဲမှာမပျော်တာကလွဲပြီး ဘာဖြစ်နေတယ်ဆိုတာ*တော့ မပြောတတ်ဘူးဟာ…”

“နင် အန်တီနဲ့စကားများခဲ့လို့လား၊ ဒါမှမဟုတ်ရင် နင့်ကို ဆူလိုက်လို့လား…”

“ဟင်အင်း၊ မဆူပါဘူးဟာ၊ ဘာလို့ဆူရမှာလဲ…”

ရွှေဇင်သည် ခပ်သွက်သွက်ငြင်းလိုက်သည်။

ထိုငြင်းဆိုချက်ကြောင့် ဒေါ်နွယ်နွယ် မဆူဘူးဆိုတာ သိသာထင်ရှားနေသည်။

သို့သော် မိသားစုနှင့်ပတ်သက်သည့်ကိစ္စကြောင့် စိတ်မကောင်းစရာတွေ စဉ်းစားမိလိုက်သည်။

“အေးပါဟယ်..နင်တို့သားအမိက သိပ်ချစ်ကြတော့





အန်တီကလည်း နင့်ကိုဆိုဆူမှာမဟုတ်ဘူး…

ဒါပေမဲ့ နင် ဒီနေ့မှာ တစ်မျိုးကြီးဖြစ်နေသလိုပဲ၊ ဒါကြောင့် ငါ မေးတာပါ…”

“ဟုတ်တယ် ခွာညို၊ ဒီနေ့ ငါ့စိတ်တွေတစ်မျိုးဖြစ်နေတယ်…

ငါ့စိတ်တွေမပျော်ဘူး၊ လေးနေတယ်၊ အဲဒါက ဘာလဲဆိုတော့ မာမီ့စကားကြောင့်ပဲ…”

“ဘာစကားလဲ ရွှေဇင်…”

ရွှေဇင်သည် သက်မမောတစ်ခုကို လေးတွဲစွာချလိုက်သည်။

ရင်ထဲမှာပိတ်ဆို့နေသည့်စကားလုံးတွေကို ဖွင့်ဟပြောဆိုရန် ကြိုးစားနေသည်။

မိခင်ပြောသည့်စကားကို သူငယ်ချင်းထံ တစ်ဆင့်ပြန်ပြောရန် သင့်မသင့်စဉ်းစားနေရင်း၊ မပြောဘဲရင်ထဲမှာ သိမ်းထားဖို့ဆိုတော့လည်း မဖြစ်နိုင်…။



www.burmeseclassic.com

www.burmeseclassic.com



ရွှေဇင်သည် ခွာညိုထံ တစ်ချက်ကြည့်နေလိုက်သည်။

"ငါ့စိတ်ထဲမှာ တစ်မျိုးဖြစ်နေတယ်ဆိုတာ မှန်တယ် ခွာညို၊ အဲဒီအတွက်ကြောင့် ငါ့စိတ်တွေမလန်းဆန်းဘူးဟာ..."

"ဘာဖြစ်လို့လဲပြောပါ ရွှေဇင်ရယ်၊ ကူညီသင့်ရင်ကူညီရတာပေါ့..."

"မကြာခင်မှာ ငါတို့က ကျောင်းပြီးကြတော့မယ်နော် ခွာညို..."

"အေး..ဟုတ်တယ်လေ၊ ဘာဖြစ်လို့လဲ ရွှေဇင်..."

ခွာညို ရွှေဇင်ကိုကြည့်ပြီး မေးလိုက်သည်။ ခွာညို၏ အကြည့်များတွင် နားမလည်မှုများ လွှမ်းမိုးနေလေ၏။

"ငါ ကျောင်းမပြီးချင်သေးဘူး ခွာညို၊ ကျောင်းပြီးသွားမှာကို အရမ်းစိုးရိမ်နေတယ်..."

"ဟေ..ဘာဖြစ်လို့လဲ ရွှေဇင်၊ ငါကတော့ နားမလည်တော့ဘူး ရွှေဇင်ရယ်၊ နင် ဘာဖြစ်လို့ကျောင်းမပြီးချင်သေးတာလဲ..."





"မာမီက ငါ့ကို ညကပြောတယ် ခွာညိုရယ်၊ ငါ ကျောင်းပြီးရင် အိမ်ထောင်ချပေးမလို့ စီစဉ်ထားတယ်တဲ့..."

ဟင်...

ခွာညိုသည် အံ့သြခြင်းများစွာနှင့် ရွှေဇင်ကို ကြည့်နေသည်။

ရွှေဇင်သည် မျက်လွှာကိုအသာချလိုက်သလို သက်မမော ခုကို လေးတွဲစွာချလိုက်သည်။

"အိမ်ထောင်ချပေးမလို့ဟုတ်လား ရွှေဇင်၊ ဘယ်သူနဲ့လဲ..."

"ကိုမောင်မောင်နိုင်လို့ပြောတာပဲ၊ မြန်မာနိုင်ငံမှာမရှိဘူး၊ နိုင်ငံခြားမှာတဲ့....

သူ ပြန်လာတာနဲ့ ငါ ကျောင်းပြီးမှာပဲတဲ့၊ အဲဒါကြောင့် စာမေးပွဲမဖြေဘဲနဲ့ အကျခံလိုက်ရင်ကောင်းမလားလို့..."

"ဒါကတော့ဟာ မိဘရဲ့ဆုံးဖြတ်ချက်ပဲ၊ ကောင်းစေချင် ဆန္ဒနဲ့စီစဉ်တာနေမှာပေါ့ဟာ...



www.burmeseclassic.com

www.burmeseclassic.com



"အဲဒါကို နင်က လိမ္မာစွာနဲ့ငြင်းဆိုလိုက်ပေါ့၊ အဲဒီလူ[illegible] လက်မထပ်နိုင်ရင်ပြောတာနော် ရွှေဇင်…"

ရွှေဇင်သည် အအေးခွက်ကို တစ်ငုံသောက်လိုက်ပြီး–

"မရဘူး ခွာညို၊ ဒီကိစ္စက ဒယ်ဒီ မသေခင်ကတည်း[illegible] စီစဉ်သွားတာလို့ မာမီကပြောတယ်…

နောက်ပြီး အဲဒီလူရဲ့မိဘတွေ က ဒယ်ဒီ့မိတ်ဆွေတွေ[illegible] သလို၊ စီးပွားရေးမှာလည်း အတူတူပဲလို့ပြောတယ်…"

"ဘာပဲဖြစ်ဖြစ်ပေါ့ဟာ မိဘတွေဘယ်လိုပဲ အိမ်ထော[illegible] ချပေးမယ်ပြောပြော…

ကိုယ်က စိတ်မဝင်စားဘူး၊ လက်မခံဘူးဆိုရင် ဘာ[illegible] လို့ရမှာလဲ…

မိဘက အိမ်ထောင်ချပေးတိုင်း အိမ်ထောင်ပြုရမယ်ဆို[illegible] အိမ်ထောင်မပြုတဲ့သူတွေလည်း တုန့်ဒေးပဲ ရွှေဇင်…"

"နင် ပြောတာကို ငါ သဘောပေါက်ပါတယ် ခွာညို[illegible]

ရွှေဇင်သည် စကားဆက်မပြောတော့ပါ။



ပြောနိုင်သည့်စွမ်းအားလည်း ရွှေဇင်မှာ မရှိတော့ပေ…။

ရင်ထဲမှာလည်း ခံစားမှုတွေလွှမ်းမိုးနေသည်။

မိခင် ဒေါ်နွယ်နွယ်၏စကားသည် ရွှေဇင့်စိတ်ကို အနှောင့်အယှက်ပြုနေသည်။

ရင်ထဲတွင်ကြေကွဲမှုတွေ ပြည့်ကျပ်နေပေသည်။

မိခင် ဖြစ်နေသည့်အတွက် ငြင်းဆိုရန်ခက်နေသည့်အတွက် တစ်ယောက်တည်းသာ ကြိတ်မှိတ်၍ခံစားရပေတော့သည်…။

"အဲဒီလိုပဲစဉ်းစားမိတယ် ခွာညို၊ ဒါပေမဲ့ မာမီ မျက်နှာ[illegible]မှာကိုစိုးရိမ်တယ်ဟာ…"

"အဲဒါကတော့ နင့်ရဲ့ဆန္ဒပဲလေ၊ ဒါပေမဲ့ ငါ တစ်ခုတော့[illegible]ချင်တယ် ရွှေဇင်…

နင့်စိတ်အတွက်အဓိကလား၊ နင့်ရဲ့မာမီ စိတ်ချမ်းသာဖို့[illegible]လား…"

"မာမီ့ကိုလည်း စိတ်မညစ်စေချင်ဘူး၊ ငါလည်း စိတ်

www.burmeseclassic.com

www.burmeseclassic.com



ချမ်းသာချင်တယ်ဟာ…”

ခွာညိုသည် ရေနွေးကြမ်းကိုငှဲ့ရင်း ရွှေဇင်ကို ကြည့်လိုက်

သည်။

ရွှေဇင်၏မျက်နှာသည် ညှိုးငယ်နေသည်။

ထိုအတူ ခွာညိုသည် စကားကိုမည်သို့စ၍ပြောရမည်

မသိတော့…။

“အဲဒီတော့…”

“စဉ်းစားပေါ့ဟာ၊ အချိန်ကနောက်ထပ်တစ်နှစ် ကျန်

သေးတယ်၊ စဉ်းစားဖို့အချိန်ရသေးတာပဲ…”

“ငါ သဘောပေါက်တယ် ခွာညို၊ နင် ပြောသည့်

အကောင်းဆုံးဖြစ်အောင် စဉ်းစားပါ့မယ်ဟာ…”

“ကဲ..ရွှေဇင် ကျောင်းတက်ချိန်ရောက်တော့မယ်၊ လာ

ငါတို့သွားကြမယ်…”

“အင်း..သွားတာပေါ့၊ ဒါနဲ့ ခွာညို သောင်းထိုက်

ယောက် ကျောင်းမတက်ဘူးထင်တယ်…”





ခွာညိုသည် ကျေနပ်သည့်အပြုံးနှင့်ရွှေဇင်ကို ကြည့်လိုက်

ပြီး…

“ဟိုမှာ ရောက်နေပြီလေ…”

ရွှေဇင်သည် ခွာညို ညွှန်ပြရာသို့ ကြည့်လိုက်သည်။

သောင်းထိုက်သည် သူငယ်ချင်းတွေနှင့်စကားပြောပြီး ရယ်မောနေ

သည့်အတွက် ရွှေဇင်မှာ စိတ်အေးသွားသည်။

တကယ်တော့ ရွှေဇင်သည် သောင်းထိုက်အပေါ် စိတ်

တွေကညွတ်ယိမ်းနေသည်။

ဒါကို သောင်းထိုက်မှလွဲ၍ မည်သူမှ မသိ…။

သူတို့သည် လက်ဖက်ရည်ဆိုင်ကို ကျောခိုင်း၍စာသင်

န်းရှိရာကို ထွက်ခဲ့ကြသည်။

ရွှေဇင်တို့အနောက်မှာ သောင်းထိုက်တို့ သူငယ်ချင်းတွေ

နောက်ပြောင်ပြီး လိုက်လာကြသည်။

ရွှေဇင်၏နားထဲတွင် သောင်းထိုက်၏စကားသံကို မသဲ

ကွဲ ကြားလိုက်ရသည်။



www.burmeseclassic.com

www.burmeseclassic.com



"ငါ သူ့ကိုအရမ်းကိုစွဲလမ်းနေတယ်ဆိုတာ သိသွားရင် သိပ်ကောင်းမှာပဲကွာ၊ မျက်နှာထားကတင်းမာနေတော့ ဘယ်လိုလုပ်ပြီးပြောရမှာလဲကွာ..."

ထိုစကားကြောင့် ရွှေဇင်သည် သောင်းထိုက်ကို တစ်ချက်ကြည့်လိုက်ပြီး စိတ်ထဲတွင်တစ်ခုခုပြောရန် ဆုံးဖြတ်ချက်လည်းရှိသွားလိုက်ရပါသတည်း...။ ။

ØØØ ØØØ ØØØ



- ခြောက် -

"ကျွန်မကို တစ်ခုကူညီပါလား..."

ထွက်ပေါ်လာသည့်အသံကြောင့် သောင်းထိုက်သည် ...ဇင်ကို တစ်ချက်ကြည့်လိုက်သည်။

သောင်းထိုက်သည် ရွှေဇင် ပြောသည့်စကားအတွက် ...ဝန်းကျင်ကိုလှေလာ ကြည့်နေသည်။

ထိုနေ့ကျောင်းအပြန်တွင် ရွှေဇင်၏အနားမှာ ခွာညို ...လာခဲ့ခြင်းမရှိ၊ တစ်ယောက်တည်းသာ ဖြစ်နေသည်။

ခွာညိုသည် အရေးကြီးသည့်ကိစ္စကြောင့် အိမ်ကဖုန်းဆက် ...စောပြန်သွားသည်။ ရွှေဇင်သည် အိမ်ကလာကြိုမည့်ကား



www.burmeseclassic.com

www.burmeseclassic.com



ကို စောင့်နေသည်။

ထိုအတူ သောင်းထိုက်သည် ကိစ္စတစ်ခုရှိသည့်အတွ
တစ်ယောက်တည်းထွက်ခဲ့သည်။

ခုတော့ သူ့ရင်တွေခုန်နေရပြီဖြစ်၏။

"ကျွန်တော့်ကိုပြောတာလား ရွှေဇင်..."

ဟင်း..သေချင်တော့တယ်နော်၊ တကယ်အတယ်...

စိတ်ထဲမှဆိုရင်း သောင်းထိုက်ကို တစ်ချက်ကြည့်လို
သည်။

"ကျွန်မတို့အနားမှာ နောက်ထပ်တစ်ယောက် ရှိနေ
လို့လား ကိုသောင်းထိုက်..."

"ဆောရီး ရွှေဇင်၊ နောက်ထပ်တစ်ယောက်များရှိနေ
သလားလို့ပါ၊ ဒီတစ်ခါတော့ ကျွန်တော် ညံ့သွားပြီဗျာ..."

"ရှင် ညံ့တာမဟုတ်ပါဘူး၊ ကျွန်မ ညံ့နေတာပါ၊
အတွက် စိတ်အနှောင့်အယှက်ဖြစ်သွားတယ်ဆိုရင် စိတ်မကော
ပါဘူး..."





သောင်းထိုက်သည် တစ်ချက်ပြုံးလိုက်ပြီး...။

"ဒါတွေထားလိုက်ပါတော့လေ၊ ရွှေဇင် လိုချင်တဲ့အကူ
အညီဆိုတာဘာလဲ..."

"ဖြစ်နိုင်မယ်ဆိုရင် ကျွန်မကို သချာ်စာအုပ်ခဏလောက်
ငှားပါလား..."

သောင်းထိုက်သည် ရွှေဇင်ကို တစ်ချက်ကြည့်လိုက်သည်။
သူ့အကြည့်သည် ကျေနပ်ပျော်ရွှင်သည့်အကြည့်သာဖြစ်၏။

သောင်းထိုက်သည် ပျော်ရွှင်သွား၏။

ဒါဟာ မိမိအတွက်အခွင့်အရေးတစ်ခုဟု ထင်နေသည်။

သောင်းထိုက်သည် ရွှေဇင်နှင့်ရင်းနှီးဆုံး သူငယ်ချင်း
တစ်ယောက်ဖြစ်ချင်သော်လည်း ရွှေဇင်၏အတွင်းစိတ်ကို မခန့်မှန်း
တတ်၍ အရိပ်လိုကြည့်နေရခြင်းသာဖြစ်လေ၏။

"ရပါတယ် ရွှေဇင်..."

သောင်းထိုက်သည် လွယ်အိတ်အတွင်းက စာအုပ်ကိုထုတ်
ယိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



စာအုပ်ကို ရွှေဇင်လက်ထဲသို့ ပေးလိုက်၏။

ရွှေဇင်သည် ကျေးဇူးတင်သည့်အကြည့်နှင့် ကြည့်လိုက်သည်။

ရွှေဇင်သည် စာအုပ်လေးကို တစ်ချက်ကြည့်လိုက်သည်။

စာအုပ်၏မျက်နှာဖုံးတွင် သောင်းထိုက်ဟု အင်္ဂလိပ်လို လက်ရေးနှင့်ရေးထားသည်။

"ကျွန်မကို ဒီတစ်ညတော့ပေးလိုက်နော်၊ နောက်နေ့မှ ပြန်ပေးမယ်၊ ရတယ်မဟုတ်လား..."

"ဟုတ်ကဲ့ ရပါတယ်၊ မသိတာရှိရင်လည်းမေးလို့ရပါတယ်၊ ကျွန်တော် သိသလောက်တော့ရှင်းပြပါ့မယ်..."

"ကျေးဇူးတင်ပါတယ် ကိုသောင်းထိုက်..."

ရွှေဇင်သည် စာအုပ်ကိုလွယ်အိတ်အတွင်းသို့ ထည့်လိုက်ပြီး ကျေးဇူးတင်စကားကို ဆိုဖြစ်၏။

သောင်းထိုက်သည် ရွှေဇင်ကို ကြည့်လိုက်၏။

ရွှေဇင်၏ လှုပ်ရှားမှုများသည် သောင်းထိုက်၏နှလုံး





သားကိုလှုပ်ရှားစေသလို စိတ်တွေသည် အရောင်ပြောင်းနေသလို ဖြစ်နေရလေ၏။

"အချင်းချင်းပဲ ရွှေဇင်ရယ်၊ ကျေးဇူးတင်ဖို့မလိုပါဘူး၊ ဒီစကားက သူ စိမ်းဆန်လွန်းပါတယ်ဗျာ..."

ရှင်...

သောင်းထိုက်ကို ကြည့်လိုက်သည်။

ရွှေဇင်သည် မျှော် လင့်မထားသည့်စကားအတွက် ရုတ်တရက် ဘာပြောရမှန်းမသိ အောင်ဖြစ်သွားသည်။

တကယ်တော့ သောင်းထိုက်သည် ရွှေဇင် ထင်ထားသည့်ထက် များစွာကွာခြားနေသည်။

သောင်းထိုက်သည် ရွှေဇင်ကို ဒေါသမျက်နှာနှင့်များ ကြည့်နေမလား၊ သို့မဟုတ် ငြင်းဆိုလိုက်မလားထင်နေမိသည်။

တကယ်တမ်းလက်တွေ့ကျတော့ ထင်သလိုမဟုတ် ပြုံးရွှင်စွာပြောဆိုနေ၏။

"ကျွန်တော့်စကားက ရွှေဇင်အတွက် အနှောင့်အယှက်



www.burmeseclassic.com

www.burmeseclassic.com



များဖြစ်သွားသလား…"

"မဖြစ်ပါဘူး ကိုသောင်းထိုက်၊ တစ်ခုပဲစိတ်မကောင်း ဖြစ်တာပါ…

တခြားမဟုတ်ပါဘူး ကိုသောင်းထိုက်က ကျွန်မ ထ ထားတဲ့အတိုင်းမဖြစ်လို့ပါပဲ…"

"ဘာတွေများဖြစ်စရာရှိလို့လဲ ရွှေဇင်၊ ကျွန်တော် လူတစ်ယောက်ကိုခင်ရင် နောက်တတ်စတတ်တာကလွဲပြီး တာ ဘာစိတ်မှမရှိပါဘူး ရွှေဇင်…"

သောင်းထိုက်ကို ကြည့်လိုက်သည်။

သူ့အကြည့်တွေသည် ကြင်နာမှုတွေ လွှမ်းမိုးနေသည် နှစ်ယောက်သား စကားပြောနေချိန်တွင် နောက်ဆုံးပေါ်ကား တစ်စီးသည် သူတို့အနီးထိုးရပ်လာလေ၏။

ကားလေးသည် ရွှေဇင်ရှေ့ ရပ်လာလိုက်ပြီး…

ကားပေါ်မှ ခေါင်းတစ်လုံးပြူထွက်လာသည်။ မိခင် နွယ်နွယ်ပါ…။





သူတို့သည် ကားလေးကိုကြည့်လိုက်သည်။ ပြောနေသည့် ကားလေးတွေ ရုတ်တရက်ရပ်သွားကြသည်။

ရွှေဇင်သည် မိခင် ဒေါ်နွယ်နွယ်ကို ပြုံးရွှင်သည့်မျက်နှာ နှင့်ကြည့်လိုက်သည်။

ထို့နောက်…

"ကိုသောင်းထိုက် ကျွန်မ သွားမယ်နော်…"

"ကောင်းပါပြီ ရွှေဇင်…"

ရွှေဇင်သည် ကားအနားသို့တိုးကပ်သွားပြီး…

"မာမီ ဒါ ကျွန်မနဲ့အတန်းတူ ကိုသောင်းထိုက်တဲ့…"

သောင်းထိုက်သည် ဒေါ်နွယ်နွယ်ကို ကြည့်လိုက်သည်။

"ဟုတ်ကဲ့၊ ကျွန်တော် ရွှေဇင်ရဲ့သူငယ်ချင်းပါ…"

"အေးကွယ်‥မောင်နှမတွေ ချစ်ချစ်ခင်ခင်နေကြပေါ့ ကွယ်…"

"ဟုတ်ကဲ့ပါ အန်တီ…"

ရွှေဇင်သည် ကားပေါ်သို့တက်လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



ထို့နောက် သောင်းထိုက်ကို လက်ပြနှုတ်ဆက်လိုက်သည်

မျက်နှာသည် ပြုံးနေလေ၏။

သောင်းထိုက်သည် လည်ပြန်လှည့်၍ နှုတ်ဆက်သည်

ကားလေးသည် သောင်းထိုက်ကို ကျော်ခိုင်း၍အဝေးသို့ မောင်း

ထွက်သွားလေပြီ…။

ကားလေးသည် တဖြည်းဖြည်းနှင့်ဝေး၍‥ဝေး၍…

ØØØ ØØØ ØØØ

\- ခုနစ် -

“သမီးငယ်ကို မာမီ မေးစရာရှိလို့…”

ချစ်သမီးငယ်ရှိရာအခန်းဆီသို့ ဝင်ရောက်ခဲ့ရင်း ဒေါ်နွယ်

နွယ် ဆိုသည်။

“ဟင်‥ဪ‥မာမီ…”

ရွှေဇင်သည် မိခင်၏အသံကိုကြားလိုက်သည်နှင့် လက်ထဲ

ကိုင်ထားသည့် သောင်းထိုက်၏စာအုပ်လေးကို ပြန်၍ပိတ်လိုက်ပြီး

သိမသာလေး ဘေးတွင်ချထားလိုက်သည်။

မှင်သေသေနှင့်သာနေရသည်။

စိတ်ထဲတော့မလုံ၊ စာအုပ်လေးကို မိခင် သတိထားဖြစ်



www.burmeseclassic.com

www.burmeseclassic.com



သွားမှာကို စိုးရိမ်နေရ၏။

မိခင် သိသွားလျှင် ရွှေဇင်အပေါ် တစ်မျိုးထင်သွားနိုင်သည်။

တခြားမဟုတ်၊ ကျောင်းမတက်ဘဲ ဘယ်ကိုသွားနေသလဲ ဘာလုပ်နေသလဲဟု...

တကယ်တော့...

ရွှေဇင်သည် သောင်းထိုက်ထံမှ စာအုပ်ငှားခြင်းသည် စာမရ၍မဟုတ်...။

သောင်းထိုက်၏စိတ်ကို သိချင်သလို၊ သောင်းထိုက်၏ မျက်နှာကို ကြည့်နေချင်သည့်အတွက် သောင်းထိုက်ကိုယ် အနေနှင့်စာအုပ်လေးကို ငှားလိုက်ခြင်းဖြစ်သည်။

မှန်သည်။

ရွှေဇင်သည် သောင်းထိုက်၏လက်ရေးစာလုံးလေးတွေ ဖတ်ပြီး ကျေနပ်ကြည်နူးနေဆဲ၊ ပျော်ရွှင်နေဆဲ...

သောင်းထိုက်အပေါ် သာယာမှုလေးတွေ လွှမ်းမိုးနေ





...။

မိခင်သည် အခန်းထဲသို့ရုတ်တရက် ဝင်ရောက်လာလေ၍ ကြည်နူးမှုများပင် ပျောက်ပျက်သွားလိုက်ရလေ၏။

"ဟုတ်ကဲ့ မေးပါ မာမီ..."

"ဟိုနေ့က သမီးနဲ့အတူစကားပြောနေတဲ့ကောင်လေးက နဲ့ဘယ်လိုပတ်သက်နေလဲ..."

နားမလည်ခြင်းများစွာနှင့် မိခင် ဒေါ်နွယ်နွယ်ကိုကြည့် ပြီး...

"မာမီ မေးတဲ့မေးခွန်းကို သမီး နားမလည်ဘူး မာမီ၊ ဘာကိုဆိုလိုတာလဲ..."

ရွှေဇင်သည် နားမလည်ဟန်ဆောင်၍ ပြောလိုက်ခြင်းပါ။

ဒေါ်နွယ်နွယ်သည် သမီးချောထံ ကြည့်လိုက်သည်။ စကားကိုဆက်ဆိုသည်။

"သမီး တကယ်နားမလည်တာလား၊ နားမလည်ဟန် ဆောင်နေတာလား..."



www.burmeseclassic.com

www.burmeseclassic.com



"သမီး ငယ်ငယ်လေးကတည်းကနေ ဒီအရွယ်ရောက်
အထိ မာမီ့ကို သမီး ဘယ်နှစ်ခါလိမ်ညာခဲ့ဘူးတာရှိလို့လဲ…"

"သမီး ပြောတာမှန်ပါတယ်၊ ဒါကို မာမီ လက်ခံတ
လိမ္မာတဲ့သားသမီးတွေဟာ မိဘတွေကို ဘယ်တော့မှမလိမ်
တတ်ဘူးတဲ့…

ဒါပေမဲ့ စိတ်ဝင်စားစရာတစ်ခုခုနဲ့တွေ့လာရင် အ
နဲ့လဲပြီး လိမ်ညာပြောတတ်တယ်တဲ့ သမီး မာမီ့ကို အဲဒီလိုညာ
တော့မဟုတ်ပါဘူးနော်…"

ရွှေဇင်သည် မိခင်ကို တစ်ချက်ကြည့်လိုက်သ
အကြည့်သည် မလုံမလဲနှင့်စိတ်လှုပ်ရှားမှုအရိပ်တွေ လွှမ်းမိုး
လေ၏။

သို့သော်လည်း (…)သည် မိမိစိတ်အား အတန်ကြီး
ချုပ်ထားရှာသည်ပါ။

"မာမီက သမီးကို အထင်သေးတာတော့မဟုတ်ပါ
နော်…"





"ဘယ်လိုမေးလိုက်တာလဲ သမီးရယ်…"

ဒေါ်နွယ်နွယ်၏အသံသည် ထိခိုက်မှုတွေအနည်းငယ်
လွှမ်းမိုးသွားရသည်။

ပြီးမှ ဒေါ်နွယ်နွယ်သည် သမီးချောအားခပ်ငေးငေး
ကြည့်ဖြစ်လိုက်ပြီးမှ…

"သမီး စကားက မာမီ့အပေါ်မကျေနပ်သလိုပဲ၊ တကယ်
တော့ မာမီ သမီးကိုအထင်သေးလို့ ပြောတာမဟုတ်ပါဘူးကွယ်၊
စိုးရိမ်လို့ပြောလိုက်တဲ့စကားပါ…

သမီးလေးပဲ စဉ်းစားကြည့်လေ၊ လောကမှာအချစ်ဆုံးဆို
လို့ မာမီနဲ့သမီးလေးပဲရှိတော့တာမဟုတ်လား…

ဒီအချိန်မှာ သမီးရဲ့လေးလေးနဲ့ဒေါ်လေးတို့ကလည်း
မာမီတို့နဲ့အတူ လာပြီးမနေနိုင်ဘူး…

သမီးရဲ့လေးလေးက ထားလိုက်ပါတော့၊ သူ့မိသားစုနဲ့
သူ့စီးပွားရေးနဲ့ဆိုတော့…

သမီးရဲ့ဒေါ်လေး၊ မာမီရဲ့ညီမက အိမ်ထောင်လည်းမရှိဘဲ



www.burmeseclassic.com

www.burmeseclassic.com



နဲ့၊ မာမီတို့နဲ့အတူ လာနေပါဆိုတာကို လာမနေပေးဘူး…

တစ်ခါတစ်လေ အလည်လာပါဆိုတာတောင် ဖုန်းနဲ့ဆ… ပြီးခေါ်လွန်းလို့သာ၊ နို့မို့ဆိုခွေမျိုးစရင်းကိုတောင် ဖျက်ချင… တာ…”

ဒေါ်နွယ်နွယ်၏စကားများတွင် ခံစားမှုတွေလွှမ်းမိုး… သည်။

ရွှေဇင်သည် မိခင်၏စကားများကို ကြားလိုက်ရသ… အတွက် ရင်ထဲမကောင်းဖြစ်သွားရသည်။

မှန်သည်။

မိခင် ဒေါ်နွယ်နွယ်သည် ဆွေမျိုးအပေါ်နားလည်မှု… ရှိခဲ့သလို၊ ဆွေမျိုးတွေကိုချစ်သည်။

ဆွေမျိုးများသည် ဒေါ်နွယ်နွယ် ချစ်သလိုမချစ်၊ နားလ… မှုတွေမပေး။ ထို့အတွက် ခံစားမှုတွေရင်နှင့်မဆန့်အောင် ရှိနေ… သည်။

ဒေါ်နွယ်နွယ်သည် ညီအစ်ကိုမောင်နှမတွေနှင့် ချစ်…





…ခင် နေထိုင်ချင်သော်လည်း စိတ်သဘောထားချင်း မတိုက်… …သည့်အတွက် ခပ်ကင်းကင်းနေထိုင်ကြ၏။

ထိုကိစ္စသည် ဒေါ်နွယ်နွယ်နှင့်ညီအစ်ကိုမောင်နှမတို့ …ကြား မပြေလည်သည့်ပြဿနာတစ်ခုရယ်ပါ။

သည်ပြဿနာသည် ယခုအချိန်ကာလအထိ မပြေလည် …သေးပေ…။

“အဲဒါ ဘာကြောင့်လဲ မာမီ…”

“အကြောင်းရှိတာပေါ့ သမီးရယ်၊ တခြားတော့မဟုတ် …ဘူး၊ သမီးဒယ်ဒီနဲ့ပတ်သက်လို့ပဲကွယ်…”

“ဒယ်ဒီနဲ့ပတ်သက်လို့ ဟုတ်လား မာမီ…”

ရွှေဇင်သည် မိခင် ဒေါ်နွယ်နွယ်ကို ကြည့်လိုက်ပြီးမေး …က်သည်။

သူမ၏အကြည့်သည် အံ့ဩမှုတွေလွှမ်းမိုးနေ၏။ ဒေါ် …နွယ်သည် ခေါင်းကိုလေးတွဲစွာ ညိတ်လိုက်ပြီး…

“ဟုတ်တယ် သမီးငယ်၊ သမီးဒယ်ဒီနဲ့ပတ်သက်လို့ပဲ၊



www.burmeseclassic.com

www.burmeseclassic.com



သမီးဒယ်ဒီက ဝေါမြို့နဲ့သုံးမိုင်လောက်ကွာတဲ့ ရွာလေးကပေါ့…

တောသားပီပီရိုးသားတယ်၊ ကြိုးစားတယ်၊ အေးတယ်

အားလုံးအပေါ်မှာလည်း နားလည်မှုရှိတယ်…

လူကတော့ဆင်းရဲတယ်၊ ဒါပေမဲ့ စိတ်ဓာတ်ကတော့ မဆင်းရဲဘူး…

ဒါတွေကို အစကတော့ မာမီလည်းမသိခဲ့ပါဘူး၊ သမီး ဒယ်ဒီနဲ့အိမ်ထောင်ကျပြီးမှ သိရတာပါ…

သမီးဒယ်ဒီ ဦးလှမင်းဟာ သူ့အရည်အချင်း၊ သူ့ကြိုး စားမှုနဲ့ပဲ မြို့ကိုတက်လာတယ်၊ ရန်ကုန်ရောက်တော့ အလုပ်လု တယ်…

ပြီးတော့ လုပ်သားကောလိပ်တက်တယ်၊ နေ့ဘက် အလုပ်လုပ်တယ်၊ ညဘက်မှာလုပ်သားကောလိပ်တက်တယ်…

အလုပ်လုပ်လို့ရတဲ့ပိုက်ဆံကို ကျောင်းစရိတ်၊ စားစရိတ် သုံးတယ်၊ ပိုတာကိုစုထားတယ်…”

ဒေါ်နွယ်နွယ်သည် စကားကိုအရှည်ကြီးပြောချင်ပေမယ့်





ခံစားမှုတွေ၏ နှိပ်စက်မှုဒဏ်ကြောင့် ပြောနိုင်သည့်စွမ်းအားတွေ ရှိတော့ပါ…။

ပြောရင်း ဝမ်းနည်းကြေကွဲမှုတွေကို ခံစားလာရရှာ၏။ မျက်ဝန်းအိမ်မှမျက်ရည်များသည်လည်း ဖိတ်စင်ထွက်လာသည်။

မျက်ရည်များကို မျက်မှန်အောက်ကနေသုတ်သိမ်းလိုက်ပြီး စကားကိုဆက်ဆိုသည်။

ရွှေဇင်လေးသည်လည်း မိခင် ဒေါ်နွယ်နွယ်၏စကားကို နားထောင်ရင်းကပင် အလိုလိုဝမ်းနည်းလာ၏။

“ဖူးစာလို့ပဲပြောရမှာပေါ့ သမီးရယ်၊ တစ်နေ့ မာမီက ကျောင်းကပြန်လာတဲ့အချိန်…

သမီးဒယ်ဒီကလည်း ကျောင်းကိုသွားတဲ့အချိန်မှာ ရှေ့ကလာတဲ့ကားကိုရှောင်လိုက်တော့၊ မာမီဟာ သမီး ရဲ့ဒယ်ဒီ ဦးလှမင်းကိုပွတ်ပြီး တိုက်မိသွားတယ်…

သမီးဒယ်ဒီလည်း ပလက်ဖောင်းပေါ်လဲကျသွားတယ်ဆိုပါတော့၊ ဒဏ်ရာကသိပ်မကြီးဘူးဆိုပေမယ့် လမ်းသိပ်လျှောက်



www.burmeseclassic.com

www.burmeseclassic.com



နိုင်ဘူး၊ မှားတာက မာမီလေ…

ဒါပေမဲ့ သမီးဒယ်ဒီဟာ မာမီကိုစိတ်မဆိုးဘူး၊ သူ့ဆီကို မလာနဲ့…

သက်ဆိုင်ရာတွေသိရင် ပြဿနာဖြစ်မှာစိုးလို့ မာမီ့ကို ကားမောင်းသွားနိုင်းတယ်…

မာမီက သူ့ရဲ့ရိုးသားမှုကိုသနားပြီး၊ သူ နေထိုင်တဲ့ အဆောင်ကို လိုက်ပို့တယ်၊ သူ့အတွက်ဆေးဖိုးတွေပေးတယ်၊ ဒါကို လက်မခံဘူး…

လိုရင်းကိုပြောရရင်တော့ အဲဒီကစပြီး သမီးဒယ်ဒီနဲ့မာမီ တို့ ချစ်သူတွေဖြစ်သွားတယ်၊ အဲဒီကစပြီး လက်ထပ်တဲ့အဆင့်ထိ ရောက်သွားတယ်ဆိုပါတော့…

အဲဒါကို သဘောမတူဘူး၊ လမ်းဘေးကလူကို လက်ထပ် ရမလားဆိုပြီးတော့ပေါ့…

သမီးဒယ်ဒီကတော်ပါတယ်၊ အလုပ်ကြိုးစားရာကနေ ကုမ္ပဏီပိုင်ရှင်ဖြစ်တဲ့အထိပေါ့…"





ရွှေဇင်သည် ဒယ်ဒီ ဦးလှမင်း၏ကြိုးစားမှုကို စိတ်ထဲက ချီးကျူးနေမိသည်။ မာမီကတော့ ဒယ်ဒီအတွက် ကြေကွဲနေသည်။ အကယ်တော့ မာမီသည် ဒယ်ဒီကိုချစ်သလို၊ အထင်လည်းကြီး ရှာသည်။

မာမီဘဝတွင် ဒယ်ဒီဟာအဓိက၊ ဒယ်ဒီပြီးမှ ရွှေဇင်တို့ ညီအစ်မ…။

ဒယ်ဒီမရှိတော့သည့်နောက်ပိုင်း မာမီ့ဘဝသည် ဘာမှ အဓိပ္ပာယ်မရှိသလို၊ ဘဝသေသွားပြီဟု အမြဲတမ်းပြောတတ်သည်။

"ဒါပေမဲ့ ဆွေးမျိုးတွေကညီအစ်ကိုမောင်နှမတွေက မာမီ ကိုကုမ္ပဏီထူထောင်တာ သမီးဒယ်ဒီအစွမ်းအစနဲ့မဟုတ်ဘူးပဲ သမီး အဘွားရဲ့ပိုင်ဆိုင်မှုတွေကို မာမီကခိုးပေးလို့ ကုမ္ပဏီထူထောင်နိုင် သလို့ တစ်ဖက်သတ်ပြောကြတယ်၊ သမီးဒယ်ဒီကို အမြဲတမ်း အထင်သေးကြတယ်…"

"အဲဒါကို ဒယ်ဒီကမရှင်းဘူးလား…"

ရွှေဇင်သည် မခံချင်သည့်စိတ်နှင့် မိခင် ပေါ်နှယ်နှယ်



www.burmeseclassic.com

www.burmeseclassic.com



ကို မေးလိုက်သည်။ ဒေါ်နွယ်နွယ်သည် ခေါင်းကို ဘယ်ညာခါ ရမ်းရင်း…

“မရှင်းပြဘူး သမီး၊ သမီး ဒယ်ဒီကလူတစ်မျိုး၊ သူ လုပ်တာမှန်တယ်ထင်ရင် ဘယ်သူ့ကိုမှမရှင်းပြတတ်ဘူး၊ ရှင်း ဖို့လည်း မကြိုးစားတတ်ဘူး၊ သမီး ဒယ်ဒီ အမြဲပြောလေ့ရှိ စကားကို မာမီလည်း လက်ခံတယ် သမီး…’

ရိုးရိုးသားသားနဲ့ကြိုးစားလို့ အောင်မြင်တဲ့လူတစ်ယော ဟာ မရိုးသားသူတွေရဲ့အပြောကို ဂရုမစိုက်ရဘူး၊ ဂရုစိုက်ဖို့လည်း မလိုဘူးတဲ့…

ဂရုစိုက်မိတာနဲ့ ကိုယ့်ရဲ့အလုပ်တွေနှောက်နေးတယ် အရေးကြီးတာက လူတွေကို မရိုးသားတဲ့စိတ်နဲ့ စော်ကားဖို့မကြိုး စားပါနဲ့၊ ကိုယ့်ကိုလာစော်ကားရင်လည်း ဂရုမစိုက်ဘူးတဲ့…

သမီးဒယ်ဒီက အဲဒီစကားတွေကို အမြဲပြောလေ့ရှိတယ် ဒါကြောင့် သမီးဒယ်ဒီဟာ မရှင်းပြဘူး၊ သွားလည်းမသွားဘူး သမီးဒယ်ဒီရဲ့အသိစိတ်ထဲမှာ ဟိုးတုန်းကတော့ မာမီကိုပေါ့…





နောက်တော့ သမီးတို့ညီအစ်မနှစ်ယောက်ကိုပေါ့၊ အဲဒီ အတွက် သူ့ဘဝဟာပြည့်စုံတယ်လို့ပြောတယ် သမီး…”

ဒေါ်နွယ်နွယ်သည် ပြောရင်းမျက်ရည်တွေအလိမ့်လိုက် ယိုစီးကျလာသည်။

အသက်လောက်ချစ်ရသည့် ခင်ပွန်းသည်ကို စွန့်လွှတ် လိုက်ရသည့်အတွက် ကြေကွဲမှုတွေက မကုန်ဆုံးနိုင်တော့အောင် ပါ…။

ရွှေစင်သည် မိခင်ကိုကြည့်ပြီး ကြေကွဲမှုတွေဖြစ်ပေါ်သလို ဒယ်ဒီကိုလည်း ပို၍လေးစားလာသည်။

“မသိလို့မေးချင်တယ် မာမီ၊ ဒယ်ဒီက လေးလေးနဲ့ဒေါ် လေးတို့ကို စိတ်မဆိုးဘူးလားဟင်…”

“မဆိုးဘူး သမီး၊ သူလိုခင်းရဲ့သားတစ်ယောက်က ချမ်း သာတဲ့အသိုင်းအဝိုင်းက မိန်းမတစ်ယောက်ကို ယူလိုက်တာပဲ ဒီ လောက်တော့ရှိမှာပေါ့တဲ့…”

“ဒယ်ဒီရယ်…”



www.burmeseclassic.com

www.burmeseclassic.com



"ကဲ‥သမီး အနားယူတော့၊ မာမီလည်းအိပ်တော့မယ်၊ မာမီ့ရဲ့ မနက်စောစောထရဦးမယ်၊ သမီးဒယ်ဒီရဲ့ညီမကို မာမီတို့ နဲ့အတူ သမီးခေါ်ထားတယ်၊ အဲဒါ ဘုတာကြီးမှာသွားကြိုရဦးမယ်"

ဒေါ်နွယ်နွယ်သည် စကားဆက်ကို တုံးတိတိပင်ဖြတ်လိုက်ပြီး သမီးချော၏အခန်းထဲမှ လှမ်းထွက်သွားလိုက်တော့သည်။

ရွှေဇင်သည် မိခင်နောက်ကျောဆီသာ ငေးကြည့်ကျန်ရစ်ခဲ့လေ၏။ ။

ØØØ ØØØ ØØØ



- ရှစ် -

သည်ကနေ့…

အေးချမ်းသည်ဟု ရွှေဇင် ထင်နေသလို၊ စိတ်ထဲတွင် ပျော်ရွှင်မှုလေးတွေ အလိုလိုနေရင်းနှင့်ခံစားဖြစ်ပေါ်လေ၏။

ဘာကြောင့် ထိုစိတ်တွေ ဖြစ်ပေါ်လာသည်ဆိုတာကို တွေးတောတတ်ပေ…။

အခါတိုင်းရက်တွေ အိပ်ရာကထလိုက်သည်နှင့် ပျော်ရွှင်ရှိသည်ဆိုပေမယ့် ဤမျှလောက်ပျော်ရွှင်မှုမရှိ…။

သည်နေ့နံနက် အိပ်ရာကထချိန်တွင် ရွှေဇင်မှာ ပျော်ရွှင်



www.burmeseclassic.com

www.burmeseclassic.com



သည့်အတွက် မျက်နှာလေးလည်း လန်းဆန်းနေသည်။

မနက်အိပ်ရာမှထကတည်းက သီချင်[illegible]လေးတအေးအေး နှင့်ရှိရင်း ကိုယ်စိတ်နှစ်ပါးသည်လည်း ပေါ့ပါးနေလေ၏။

ဤသို့နှင့်ကျောင်းသို့ရောက်လာသည့်အချိန်တွင် သူငယ် ချင်းဖြစ်သူ ခွာညိုသည်လည်း ပြုံးရွှင်သည့်မျက်နှာလေးနှင့် ကြို ဆိုနေသည့်အတွက် ပို၍ပင်ပျော်ရွှင်ကျေနပ်နေမိသည်။

ထို့အတူ ခွာညို၏ချိုးကျူးသံလေးသည်လည်း ရွှေဇင့်နား ထဲ၌ သာယာသွားရပြန်ပါ၏။

"ဒီနေ့ ရွှေဇင့်မျက်နှာလေးကိုတွေ့လိုက်ရတာ စိတ်ချမ်း သာလိုက်တာဟယ်၊ တကယ်ပြောတာ..."

"ဟင်း..ခွာညိုကလည်း..."

ရွှေဇင်သည် မျက်နှာလေးကို အောက်သို့အသာချလိုက် မိ၏။

ခွာညိုစကားကြောင့် ရှက်သွားသည်။

"ဘာ..အခုမှရှက်နေတာလဲ၊ ရှက်မနေပါနဲ့ ရွှေဇင်ရ





ငါ ပြောတာအမှန်ပဲ..."

"တော်ပြီဟာ၊ နင် အခုဘာစားမလဲ၊ ကြိုက်တာမှာစားပါ ဟာ..."

"စားရသေးတာပေါ့ဟာ၊ ဗိုက်ဆာနေတာနဲ့အတော်ပဲ.."

ခွာညိုသည် စားပွဲထိုးလေးကိုခေါ်လိုက်ပြီး နန်းကြီးသုတ် နှင့်အအေးတစ်ပုလင်းမှာလိုက်သည်။

တကယ်တော့...

ရွှေဇင်သည် ခွာညိုထက် ပို၍ကျွေးတတ်သည်။ ခွာညို က တစ်ခါတစ်ခါမှကျွေးသည်။

ခွာညိုသည် ဆင်းရဲသူမဟုတ်ပေမယ့် ရွှေဇင်တို့လောက် ချမ်းသာပါ...

ရွှေဇင်သည် ကျောင်းစရိတ်ကိုအကန့်အသတ်မရှိ၊ လိုသ လောက်သုံးနိုင်ရန်အတွက် မိခင် ဒေါ်နွယ်နွယ်က ဘဏ်တွင် ငွေသွင်းပေးထားသည်။

"နေဦး ရွှေဇင်..."



www.burmeseclassic.com

www.burmeseclassic.com



"ဘာလဲ ခွာညို၊ ဘာပြောမလို့လဲ…"

"ဒီနေ့ဘယ်သူ့မွေးနေ့အတွက် ကျွေးတာလဲ…"

"နင်ကလည်းဟာ မဟုတ်တာ၊ ငါ့မှာတခြားလူရှိသေး

လို့လား…"

ခွာညိုသည် အအေးကိုတစ်ငုံမျှသောက်လိုက်သည်

ပြီးတော့ ရွှေဇင်ကို တစ်ချက်မော့ကြည့်ပြီး…

"သိဘူးလေဟာ၊ ရှိနေသလားလို့…"

"လုပ်ပြီ၊ သူ မဟုတ်ကဟုတ်ကတွေ လျှောက်ပြော

တော့မယ်၊ စားမှာသာစား၊ ထပ်ပြောရင်တော့နာတော့မယ်မှတ်"

"အရမ်းအရမ်းမလုပ်နဲ့လေ၊ ကမ္ဘာလောကကြီး တစ်ဖ

စောင်းသွားပါဦးမယ်၊ ဟား..ဟား..ဟား…"

"အဟင်း..ဟင်း..ဟင်း…"

ခွာညိုသည် နှစ်ခြိုက်စွာပြုံးရယ်လိုက်သည်တွင် ရွှေဇ

လည်း ပြုံးဖြစ်ရရင်းမှ…

"နင့်စကားတွေက မိုးပေါ်မှာပဲလား ခွာညိုရာ၊ နည်းနည်





ချသင့်ပါတယ်နော်…"

"ငါ့စကားကိုတောင် အဲဒီလောက်ထင်နေရင် ကိုထိုက်

ရင် ဒီထက်ပိုဆိုးလာလိမ့်မယ် ရွှေဇင်…"

"ဘယ်လို…"

ခွာညိုကို ကြည့်လိုက်မိ၏။

ရွှေဇင်၏အကြည့်သည် အံ့ သြခြင်းပါ…။

ရင်တွေလည်းခုန်လာသည်။

အချစ်၏တုန်လှုပ်မှုတွေ များစွာပေါ်ထွက်လာသည်။

င်းထိုက်အပေါ် စိတ်ဝင်စားမှုတွေ ပေါ်ထွက်လာသည်။

သောင်းထိုက်အပေါ် အလိုလိုစိတ်ဝင်စားနေသူတစ်

တ်ဖြစ်နေချိန်တွင် ခွာညိုက ထိုကဲ့သို့ပြောလာသည့်အတွက်

င်စိတ်ဝင်စားလာ၏။

"နင် အရမ်းအံ့သြသွားသလား ရွှေဇင်၊ တကယ်ပြော

နင့်ရှေ့မှာ ကိုထိုက်က ဘယ်လိုနေသလဲတော့ ငါ မသိဘူး၊

ယ်ချင်းတွေနဲ့တွေ့ရင် ရယ်စရာတွေအရမ်းပြောတယ် ရွှေဇင်"



www.burmeseclassic.com

www.burmeseclassic.com



"နင် ပြောသလိုတော့ ကမ္ဘာလောကကြီးက တစ်ဖက်
မကောင်းဘူးမဟုတ်လား…"

"အဲဒီထက် ဆယ်ဆဆိုးနေတယ်မှတ်…"

"ကောင်းတာပေါ့ဟာ…"

ရွှေဇင်ကို ကြည့်လိုက်သည်။

ရွှေဇင်သည် ခွာညိုကို ရွဲ့လိုက်သလားဟု ထင်နေမိသည်
တကယ်ပင်ဟုတ်သည်။

ခွာညိုကို ရွဲ့လိုက်ခြင်းပါ။

အမှန်တော့ သောင်းထိုက်၏စကားလုံးများသည် ရွှေဇင်
အတွက် ပျော်ရွှင်စရာ၊ ကြည်နူးစရာတွေဟု ထင်နေမိသည်။

မည်သို့ပင် ထင်နေပေမယ့် သောင်းထိုက်သည် ရွှေဇင်
တွေ့လိုက်လျှင် စကားကောင်းကောင်းမပြော၊ သူစိမ်းတွေလို
နေတတ်၏။

ရွှေဇင့်ကိုတော့ သူ တစ်ခါသာပြောဖူးသည်။ ထိုစကား
က…





"ကျွန်တော်တို့နှစ်ယောက် သူငယ်ချင်းတွေထက် ပိုတဲ့
ခိုတ်ဆွေအရင်းတွေဖြစ်သွားကြပြီနော် ရွှေဇင်…"

ထိုစကားသည် သချင်္ချာစာအုပ်ငှားတဲ့နေ့က ပြောခဲ့သည့်
စကား…။

သောင်းထိုက်၏ ထိုစကားကြောင့် ရွှေဇင် ပျော်ရွှင်မိသလို
တစ်ညလုံးရင်တွေခုန်ခဲ့ရသည်။

ထိုသို့ရင်ခုန်ပျော်ရွှင်ရဆဲအချိန်တွင်ပင် မိခင်ဖြစ်သူ ဒေါ်
နွယ်နွယ် ရောက်လာသည့်အတွက် ရင်ခုန်ပျော်ရွှင်မှုတွေ လွင့်စင်
ပျက်စီးပြီး ကြေကွဲမှုတွေသာ နှလုံးသားဗဟိုတည့်တည့်မှာ နေရာ
ယူသွားလေသည်။

ထိုနေ့တော့ ခွာညို၏စကားကြောင့် ရင်တွေပြန်လည်၍ပင်
ခုန်လာပြန်၏။

ထိုစဉ် ခွာညိုက…

"ဟိုမှာ ကိုထိုက်တို့လာနေပြီ ရွှေဇင်…"

ခွာညို ပြောလိုက်ချိန်တွင် သောင်းထိုက်တို့သူငယ်ချင်း



www.burmeseclassic.com

www.burmeseclassic.com



များ ရောက်ရှိလာသည်။

သောင်းထိုက်၏သူငယ်ချင်းများသည် လွယ်အိတ်ကို စလွယ်သိုင်းထားကြသည်။

သောင်းထိုက်၊ စိုးဝင်း၊ ကျော်ရဲဦးနှင့်သီဟတို့ အားလုံးကို တွေ့လိုက်ရ၏။

"ငါတို့ ဒီမှာပဲပေါင်းပြီးထိုင်ကြမယ်ကွယ်…"

"ကောင်းတယ်…"

စိုးဝင်းနှင့်ကျော်ရဲဦးသည် ထိုင်ခုံကိုဆွဲလိုက်ချိန်တွင်…

"ခဏနေဦးကွာ…"

သောင်းထိုက်က ချက်ချင်းတားလိုက်သည်။

ထိုစကားကြောင့် သောင်းထိုက်ကို ကြည့်လိုက်ကြသည်။ ထိုအထဲတွင် ရွှေဇင်နှင့်ခွာညိုတို့လည်း ပါသည်။ ရွှေဇင်သည် ရင်ခုန်မှုတွေ ပို၍ပင်မြန်လာ၏။

သောင်းထိုက်က ဘာသဘောနှင့်ဆိုလိုက်တာပါလိမ့်ဟု တွေးနေချိန်တွင်…





"ဘာဖြစ်လို့လဲ သောင်းထိုက်…"

"ငါတို့ထိုင်တာ သူတို့အတွက် အနှောင့်အယှက်များဖြစ်နေမလား… ပါ…"

"အေး…ဆောရီး၊ ငါတို့ဆန္ဒတွေစောသွားတယ်ကွာ…"

သီဟ၏စကားကို ကျော်ရဲဦးက လက်ခံပေးခဲ့ပေမယ့် …ခင်းက…

"ရပါတယ်ကွာ၊ သူစိမ်းတွေမှမဟုတ်ပဲကွာ၊ ငါတို့ကို ထိုင်ခွင့်ပြုနော်…"

"ရတယ်…ရတယ်၊ ထိုင်…ထိုင်…"

ခွာညိုက ချက်ချင်းထိုင်ခွင့်ပြုလိုက်ချိန်တွင် သူတို့သည် …လုအယက်ထိုင်လိုက်သည့်အတွက် သောင်းထိုက်မှာ ထိုင်စရာ …မဲ့ဖြစ်သွား၏။

သောင်းထိုက်သည် ရပ်နေဆဲ အားလုံးသည်လည်း …ခြင်းနှင့်ကြည့်လိုက်ကြပြီး…

"သောင်းထိုက် ထိုင်လေကွာ…"



www.burmeseclassic.com

www.burmeseclassic.com



"ဘယ်နားမှာထိုင်ရမှာလဲ…"

"သြော်..အေး၊ ဟုတ်သားပဲ သီဟ ဒီဘက်ကိုတိုးပေး
လိုက်ကွာ…"

"မင်းလည်း တိုးပေးလေကွာ…"

"အေး..ငါလည်း မှားတာပဲ…"

စိုးဝင်းသည် သီဟဘက်ကို တိုးသလို၊ သီဟသည် ကျော်ရဲဦးဘက်ကို တိုးလိုက်သည်။

သောင်းထိုက်အတွက် နေရာတစ်နေရာထွက်လာသည်။ သောင်းထိုက်သည် ရွှေဇင်၏ဘေးတွင် ဝင်ထိုင်ဖြစ်သွား၏။

"အားကျလိုက်တာကွာ၊ သူများသားသမီးတွေများ ကံကောင်းလိုက်ပုံများ…"

"ဘာလဲ သီဟရ…"

"မင်းတို့ကလဲကွာ ညှံ့လိုက်တာ…"

"သြော်..သြော်..ငါ သိပြီ…"

"ဘာသိတာလဲ ကျော်ရဲဦးရ…"





"ဇော်ဂျီက ပန်းသီးကိုလူရောင်ဖန်ဆင်းတာလေ…"

ကျော်ရဲဦး၏စကားကို ဟားတိုက်ရယ်လိုက်ကြသည်။

"ဟာ..မဟုတ်တာ၊ ငါ ပြောတာအဲဒါမဟုတ်ဘူး ကျော်ရဲဦးရ…"

"ဘာပြောတာလဲ သီဟ၊ ရှင်းရှင်းပြောစမ်းပါကွာ မင်းဟာလဲ…"

"ပန်းပွင့်လှလှလေးအနားက လိပ်ပြာကိုပြောနေတာကွ၊ ဘာကြောင့် သဘောမပေါက်ဘူးလားဟဲ့…"

"ပေါက်ပြီဟ..ပေါက်ပြီဟ…"

စိုးဝင်းသည် လွတ်လပ်စွာရယ်လိုက်သည်။ သူ့အသံသည် ကျိုင်းအတာထက်ပို၍ ကျယ်သွား၏။

အားလုံးသည် စိုးဝင်းဆီသို့ အကြည့်ရောက်သွားကြလေသည်။

စိုးဝင်းတစ်ယောက် သဘောကျစွာရယ်မောနေဆဲ…

"ဘာသဘောပေါက်တာလဲကွ…"



www.burmeseclassic.com

www.burmeseclassic.com



"သီဟပြောတာကို သဘောပေါက်တာလေကွာ…"

"ငါလည်းသိပါတယ်ကွာ၊ မသိချင်ဟန်ဆောင်ပြီး နေတာပါ…"

"ကောင်စုတ်…"

ခွာညိုသည် စိုးဝင်း၏ပခုံးကို လက်သီးနှင့်ထိုးလိုက် ပြောလိုက်ခြင်းပါ…။

စိုးဝင်းသည် ကိုယ်လုံးကိုဘယ်ညာအသာယိမ်းလိုက် မယ့် ပခုံးစွန်းကို ရှထိသွားသည်။

"ဟာ..ခွာညိုကဘယ်ဆိုးလို့လဲ၊ ဟဲဗီးဝိတ်တန်းဝင် နာမည်ကျော်သွားနိုင်တယ်…"

"ပြောပုံက လက်ဝှေ့ကျင့်ရမလိုဖြစ်နေပြီ…"

"ကျင့်ပေါ့၊ ငါတို့စီးပွားရေးက ဟဲဗီးဝိတ်တန်းမှာပါတ ဆိုတော့ ငါတို့အတွက် လုံခြုံတာပေါ့ဟာ…"

"အောင်မာ..နင်က ဘာမို့လို့လဲ၊ နင်နော် ငါ့ကိုမသ နဲ့၊ ဒီတစ်ခါစိတ်တိုလာရင် ပိုနာမယ်မှတ်…"





"ရော့..ရော့ ရေနွေးကြမ်းလေးသောက်လိုက်…"

ကျော်ရဲဦးသည် ခွာညိုကို ရေနွေးကြမ်းခွက် ထိုးပေးလိုက်၏။

ဟား..ဟား..ဟား..ဟား…

အားလုံးရယ်လိုက်ကြပြန်သည်။

ပြုံးရွှင်သည့်အပြုံးတွေနှင့်အတူ ကြည့်လိုက်ကြသည်။ ထိုအတွက်ကြောင့် ခွာညို၏မျက်နှာသည် ကြက်သွေးရောင်သန်း သွား၏။

"ဘာလုပ်ဖို့လဲ၊ နင်နော်…"

"တစ်မျိုးမထင်ပါနဲ့၊ နင် ရေနွေးကြမ်းသောက်လိုက် ရင် ဒေါသတွေပြေသွားအောင်လို့ပါ…"

"ကျော်ရဲဦးပြောတာ ငါ လက်ခံတယ်၊ ငါ့အစ်ကိုက ပြောဖူးတယ်၊ ဒေါသထွက်နေရင် ရေနွေးကြမ်းသောက်၊ ဒါမှ ဟုတ်ရင် ကွမ်းစားပါတဲ့၊ အဲဒါကို သောက်လိုက်ရင် ဒေါသပြေ ဘယ်တဲ့…"



www.burmeseclassic.com

www.burmeseclassic.com



ကျော်ရဲဦးနှင့်သီဟတို့နှစ်ယောက် ပြောလိုက်သောကြောင့် ခွာညို ဘာပြောရမှန်းမသိအောင်ဖြစ်နေသည်။

စကားတွေပြော၊ ရယ်မောနေသည့်အတွက် သူတို့လက်ဖက်ရည်ဆိုင်လေးသည် စည်ကားပျော်ရွှင်စရာ ဖြစ်နေရလေ၏။

ထိုအထဲတွင် ပို၍ပျော်နေသူသည် ရွှေဖင်ပင်ဖြစ်သည်။ ရွှေဖင်သည် ကျောင်းတက်ရသည့်ကာလတစ်လျှောက် ထိုကဲ့သို့ ပျော်ရွှင်သည်မှာ ပထမဆုံးသာဖြစ်သည်။

"တော်သေးတာပေါ့ကွာ၊ ဒေါသပြေလို့၊ ဒေါသမပြေဘူးဆိုရင် မိုးမီးလောင်မယ့်အဆင့်ပဲ..."

"သောင်းထိုက်တို့ကတော့ကွာ ပြောလိုက်မှဖြင့် လောကကြီးကို လက်ဖက်နဲ့ရောပြီး သုတ်စားမယ့်ပုံပဲ..."

"ဟုတ်တယ်၊ ကျော်ရဲဦး ပြောတာမှန်တယ်၊ အဲဒီ အရသာကို ငါလည်း ကြိုက်တယ်..."

သီဟကို ကြည့်လိုက်ကြ၏။

သူတို့၏မျက်နှာသည် ပြုံးစစအနေအထားနှင့်ကြည့်





နေသည်။

ထို့နောက် ရေနွေးကြမ်းတစ်ငုံ သောက်လိုက်သည်။

"သီဟ..."

"ဘာလဲ စိုးဝင်း၊ ပြော..."

"ဘယ်လိုအရသာရှိလို့ ကြိုက်ရတာလဲ..."

"မင်းကကွာညှပ်လိုက်တာ၊ ငါ့အတိုးစကားကို ခဏငွားဦးပြောလိုက်မယ်၊ မသိရင်မှတ်ထားကွဲ့ မောင်ရင်တို့ရဲ့..."

စကားကို ရပ်ထားလိုက်သည်။ အားလုံးကြည့်လိုက်ကြသည်။ သီဟ၏စကားကို နား ထောင်နေသည်။

သီဟသည် တစ်နေရာသို့ကြည့်နေသည်။

"သီဟ..."

"ဟေ..."

"ပြောလေကွာ..."

"အေး..ငါ အဲဒါကိုစဉ်းစားနေတာပဲ၊ ဘယ်တုန်းကအထူးတာလဲလို့..."



www.burmeseclassic.com

www.burmeseclassic.com



"ဟာ..မင်းဟာကလဲ..."

"ဟာ..သိပြီ..သိပြီ၊ အဲဒီအရှသာခုက ဖန်သွပ်သွပ်ပဲကွ

လက်ဖက်ခါးအရသာလိုပေါ့ကွာ..."

ဟား..ဟား..ဟား...

သီဟ၏စကားကြောင့် ဝိုင်းရယ်လိုက်ကြသည်။

သီဟ၏ စကားကို အဓိပ္ပာယ်ပေါက်သွားခြင်းသ

ဖြစ်သည်။ လက်ဖက်ရည်ခွက်တွေပင် တိမ်းမှောက်ကုန်ရသည်

လက်ဖက်ရည်ခွက်တွေကို သူ့ထက်ငါ အလုအယ

ကိုင်လိုက်ကြသည်။

လက်ဖက်ရည်နှင့်ရေနွေးကြမ်းများ ခုံပေါ်မှာစိုရွှဲကုန်

"သီဟတို့လုပ်လိုက်မှဖြင့်..."

"ဟော့..ဟော့ ငါနဲ့မဆိုင်ဘူးနော်၊ နော် ရွှေဇင်နော်..."

ဟင်း...

"အရေးထဲအဖော်ညှိနေပြန်ပြီ..."

စိုးဝင်း ဆိုသည်။ အားလုံးတိတ်ဆိတ်သွားကြပြီး ဆ





က်ပြောဆိုရန် စကားအသစ်ရှာမတွေ့သေးဟန်တူ၏။

"ကဲ..သွားကြမယ်..."

"အေး..ဟုတ်သားပဲ၊ စကားပြောကောင်းနေလိုက်တာ၊

ျောင်းချိန်တောင်နောက်ကျနေပြီ..."

ခွာညိုသည်လည်း ရွှေဇင်စကားကို ထောက်ခံဆိုရင်း

ရာမှထလိုက်သည်။

သူတို့အားလုံး လက်ဖက်ရည်ဆိုင်မှထွက်ခဲ့လိုက်ကြသည်။

လုံးသည် ရှေ့ကထွက်သွားသည်တွင် သောင်းထိုက်နှင့်ရွှေဇင်

အနောက်ကအေးဆေးစွာ လိုက်ပါခဲ့ကြ၏။

ရွှေဇင်သည် လွယ်အိတ်ထဲကို လက်နှိုက်လိုက်သည်တွင်

ာ်ထဲတွင် စာအုပ်တစ်အုပ်ပါလာသည်။

"ကိုသောင်းထိုက်၊ ဒီမှာ ကျွန်မ ငှားသွားတဲ့စာအုပ်.."

"ဟုတ်ကဲ့၊ ကျေးဇူးပါပဲ ရွှေဇင်..."

ရွှေဇင့်လက်ထဲမှ စာအုပ်ကိုယူရင်း သောင်းထိုက် ဆို

ည်။



www.burmeseclassic.com

www.burmeseclassic.com





"ဒီစကားကို ကျွန်မကပြောရမှာပါ…"

"အချင်းချင်းတွေပဲဗျာ၊ ဘယ်သူပြောပြော ပြောဖြစ်ဖို့ အဓိကပဲလေ…"

အပောင်း…ပောင်း…ပောင်း…

"ကိုသောင်းထိုက်က အလိုက်အထိုက်သိပ်ပြောတတ်တာ ပဲ…"

နှစ်ယောက်သား စကားပြောရင်း လမ်းလျှောက်လာ သည်မှာ စာသင်ခန်းဆီသို့ပင် နီးကပ်လာကြပြီဖြစ်၏။

စိုးဝင်းတို့အဖွဲ့သည်က စာသင်ခန်းအတွင်းသို့ ဝင်ရောက် သွားကြပြီဖြစ်သည်။

သောင်းထိုက်နှင့်ရွှေဇင်တို့သည်လည်း နောက်မှလိုက် စာသင်ခန်းထဲသို့ ဝင်ခဲ့ကြသည်။ ခွာညိုတို့အဖွဲ့သည် သောင်းထိုက် နှင့်ရွှေဇင်ကိုကြည့်ပြီး ကျေနပ်စွာပြုံးနေဖြစ်ကြလေ၏။

ØØØ ØØØ ØØØ



- ကိုး -

ကိုယ်စီမြဲပျော်ရွှင်ကြည်နူးမှု အပြုံးတွေနှင့်ရှိနေကြသည်။ သဘာဝသည် သာယာလှပနေသည်။

လောကကြီးသည်လည်း သာယာလှပခြင်းတွေနှင့် ပြည့် ဖြိုးသည်ပါ…။

ပြောနေကြသည့် စကားသံလွင်လွင်လေးတွေသည်လည်း ဝန်းကျင်ကို သာယာစေသည်။

အသံပိုင်ရှင်တွေသည် တခြားလူမဟုတ်၊ သောင်းထိုက် နှင့်ရွှေဇင်တို့သာဖြစ်၏။

"ဒီအချိန်လေးဟာ တကယ်ပျော်စရာကောင်းတယ်နော်



www.burmeseclassic.com

www.burmeseclassic.com



ရွှေဇင်…"

"ဖြစ်နိုင်ပါတယ်၊ ပညာသင်ကြားနေတဲ့အချိန်မို့လို့ထင်တယ် ကိုသောင်းထိုက်…"

"ကျွန်တော်ကတော့ဗျာ ပညာသင်ကြားရတဲ့အချိန်လေး ကုန်ဆုံးသွားမှာကို သိပ်နှမြောမိတယ်…"

"ရှင်..ဘယ်လိုဖြစ်လို့လဲ ကိုသောင်းထိုက်…."

ထိုစကားကြောင့် ရွှေဇင် တကယ်အံ့ဩသွားသည်။ တကယ်တော့ သောင်းထိုက်၏ ခံစားချက်သည်လည်း ရွှေဇင်၏ အတွင်းစိတ်ဆန္ဒနှင့် တူနေ၏။

အကြောင်းမှာ ရွှေဇင်သည် ကျောင်းပြီးသွားသည်နှင့် လူတစ်ယောက်ကို လက်ထပ်ယူရတော့မည်မဟုတ်ပါလား…။

မိခင် ဒေါ်နွယ်နွယ်သည် ကျောင်းပြီးသည်နှင့် ရွှေဇင်ကို သဘောတူထားသူနှင့်လက်ထပ်ပေးရန် ကြိုတင်ပြင်ဆင်ထားသော ကြောင့်ပါ…။

သောင်းထိုက်တစ်ယောက် ဘာကြောင့်ကျောင်းမပြီးချင်





တာလဲ၊ ဘယ်လိုအကြောင်းတွေရှိနေလို့လဲဆိုတာ သိချင်နေမိ သည်။

ရွှေဇင်သည် သောင်းထိုက်ကို ကြည့်နေလိုက်ချိန်တွင်..

"ကျွန်တော် ရွှေဇင်နဲ့ခွဲရမှာကြောက်လို့ပါ…"

"အို..ရှင်..ဘယ်လို…"

ရွှေဇင့်မျက်နှာလေး ရဲတွတ်သွားရသည်။

တစ်ဆက် တည်းလည်း စိတ်တွေလှုပ်ရှားအံ့ဩဖြစ် သည်။

တကယ့်ကို သူမ၏ရင်ခုန်သံတွေသည်လည်း ဆူညံလာ

"ဟုတ်တယ် ရွှေဇင်၊ အစကတော့ ကျွန်တော်ဟာ မြန် ကျောင်းပြီးချင်တယ်၊ ကျောင်းပြီးပါစေလို့လည်း ဆုတောင်း တတ်တယ်…

အခုတော့ အဲဒီဆုတောင်းမိတာတွေကို ရုပ်သိမ်းချင်တော့ ဖြစ်နေပြီ၊ ကျောင်းပြီးသွားရင် ကျွန်တော်တို့တွေ့ဖို့ဆိုတာ



www.burmeseclassic.com

www.burmeseclassic.com



မလွယ်တော့ဘူး၊ ဘာကြောင့်လဲသိလား ရွှေဇင်…”

“ဟင်အင်း…ဘယ်သိမှာလဲ…”

သည်စကားကိုပြောလိုက်ရပေမယ့် ရွှေဇင့်စိတ်ထဲတွ
ပျော်ရွှင်နေသည်။

သောင်းထိုက်သည် ရွှေဇင်ကို ချစ်နေမိပြီကို သိနေခြ
ကြောင့်ပင်…။

မှန်ပါသည်။

သောင်းထိုက်သည် ရွှေဇင်ကို ချစ်နေသည်။ ချစ်သူအ
သတ်မှတ်ချင်နေသည်။

တကယ်တမ်းချစ်တဲ့အကြောင်း ပြောပါဆိုတော့ သူ
မထွက်ခဲ့ပေ…။

ရွှေဇင်သည်လည်း သောင်းထိုက်ကို ချစ်သည်။ သော
ထိုက်ထံမှ တောင်းဆိုလာမည့်အချစ်ကို မျှော်နေမိသည်။

ရွှေဇင့်ကို ကျွန်တော် ချစ်တယ်ဗျာ…ဟု သောင်းထို
ကိုယ်တိုင်ပြောလာလျှင် ရွှေဇင်သည် အချိန်ကြာကြာဆွဲပြီး





အားနေမည်မဟုတ်…။

ချက်ချင်းပင်အဖြေပေးမိမည်လား မပြောနိုင်…။

“မသိတာပဲကောင်းပါတယ်၊ ရွှေဇင် သိရင် ကျွန်တော့်
ကိုစိတ်ဆိုးနေဦးမယ်…”

“ဘာကြောင့်လဲ၊ ကိုသောင်းထိုက် စကားက ကျွန်မ
အတွက် စိတ်ဆိုးစရာပါနေလို့လား…”

“ကျွန်တော့်အထင်တော့ စိတ်ဆိုးစရာမဟုတ်ဘူး ရွှေဇင်၊
ဘာဖြစ်လို့လဲဆိုတော့ ကျွန်တော့်ရင်ထဲမှာ ဖွင့်ပြောချင်တဲ့အကြောင်း
အရာကို ဖွင့်ပြောလိုက်တာလေ…

အဲဒီအတွက် စိတ်ဆိုးစရာမဟုတ်ဘူးထင်တာပဲ၊ ဒါပေမဲ့
ရွှေဇင်က အပြောခံရသူဆိုတော့ စိတ်ဆိုးချင်ဆိုးမှာပေါ့…”

“စိတ်ဆိုးစရာစကားပါနေလို့လား ကိုသောင်းထိုက်…”

ရွှေဇင်ကို တစ်ချက်ကြည့်လိုက်သည်။ သူ့မျက်နှာသည်
သယောင်ဖြစ်နေသည်။

နှစ်ယောက်သား အကြည့်ချင်းဆုံမိကြသည်။ ရင်ခုန်သံ



www.burmeseclassic.com

www.burmeseclassic.com



တွေသည် ထိန်းချုပ်မှုဘောင်ကိုကျော်ဖြတ်နေသည်။

အချစ်၏အစသည် စကားပြောခြင်းကိုအခြေခံ၍ နှလုံး သားကတွန်းအားတွေ ပေးနေသည်။

"ကျွန်တော် ပြောပြီးပြီလေ ရွှေဇင်၊ ကျွန်တော်ကတော့ စိတ်မဆိုးဘူး၊ ရွှေဇင့်ဘက်ကတော့ စိတ်ဆိုးစရာများဖြစ်နေမလား လို့ပါ..."

"ရိုးရိုးသားသားဆို စိတ်မဆိုးတတ်ပါဘူး..."

"နှလုံးသားထဲက ထွက်လာမယ့်သံယောဇဉ်စကားဖြစ် လို့ပါ ရွှေဇင်..."

"ရှင်..."

ရွှေဇင် အံ့သြသွားသည်။ တကယ်တော့ သောင်းထို သည် ထိုစကားကိုပြောလာမည်ကို သိနေပါလျှက်နှင့် တက တမ်းပြောလာသည့်အချိန်တွင် ရင်ခုန်သံတွေဆူညံစွာထွက် လာသည်။

အချစ်ဆိုသည့်အရာသည် တကယ်တမ်းကြုံတွေ့





သော့၊ တုန်လှုပ်မှုတွေပါလားလို့ ထင်နေရ၏။

ရင်တွေခုန်ဆဲ၊ စိတ်တွေသည်လှုပ်ရှားနေဆဲပါ။ အချစ်နှင့် တ်သက်၍ ရွှေဇင်သည် ပထမဆုံးကြားမိသည့်စကားသာဖြစ် သည်။

အချစ်သည် လူသားတွေ၏တန်ခိုးရှင်ဟု တချို့ကပြော သည်ကို ရွှေဇင် ကြားဖူးသည်။

ပျော်ရွှင်ခြင်း...

ကြည်နူးခြင်း...

သာယာခြင်း...

လှပခြင်း..များစွာနှင့်ဖွဲ့စည်းထားသည့်အချစ်ကို နှစ်သက် ချင်ကြသည်။

အချစ်ဆိုသည့်အရာကို မက်မောနေမိကြသည်။ ကိုယ့်ချစ် နှင့်အတူတူ ပျော်ရွှင်စွာလမ်းလျှောက်ချင်ကြသည်။

နှလုံးသားအတွင်းမှ လိုလားတောင်းတမှုတွေ ဖြစ်ပေါ် သည်။ ချစ်သူဖြစ်လာမည့်သူ၏ တောင်းဆိုမှုတွေကို မျှော်လင့်



www.burmeseclassic.com

www.burmeseclassic.com



နေမိသည်။

"ဒီစကားကို ကျွန်တော် ဒီအချိန်မှာမပြောချင်ဘူး။ ဖြစ်နိုင်ရင် ဖုန်းဆက်ပြီးပြောချင်တယ်၊ ရွှေဇင် ခွင့်ပြုမယ်ဆိုရင်ပေါ့…"

"ကျွန်မတို့ ပြန်ကြမယ်နော်…"

ရွှေဇင်ဆိုရင်း ထိုင်ရာမှထလိုက်သည်။ နားမလည်ခြင်းများစွာနှင့် သောင်းထိုက်သည် ရွှေဇင့်ကိုကြည့်လိုက်သည်။

တကယ်တော့ ရွှေဇင်သည် သောင်းထိုက်၏စကားကို ဆက်လက်နားထောင်နိုင်သည့်စွမ်းအားတွေ မရှိအောင်ဖြစ်နေသည်။

စိတ်ထဲတွင် အမည်မဖော်နိုင်သည့် ခံစားမှုလား၊ ပျော်ရွှင်မှုလားဖြစ်ပေါ်လာသည်။

"ကျွန်တော့်ကိုစိတ်ဆိုးလို့လား ရွှေဇင်…"

"မဟုတ်ပါဘူး၊ ပြန်ချင်တဲ့စိတ်ပေါ်လာလို့ပါ…"

"ကျွန်တော် ဖုန်းဆက်လိုက်မယ်နော်…"

အင်း…



သောင်းထိုက်သည် ရွှေဇင်ကို ကြည့်လိုက်သည်။ သူ့မျက်နှာသည် ပျော်ရွှင်လန်းဆန်းနေသည့် အသေအချာပါ…။

သောင်းထိုက်က ရွှေဇင့်အနားသို့တိုးကပ်သွားပြီး ရွှေဇင်လက်ကလေးကို ညင်သာစွာဆုပ်ကိုင်လိုက်သည်။

"အို..သူ…"

ØØØ ØØØ ØØØ

www.burmeseclassic.com

www.burmeseclassic.com

## - တစ်ဆယ် -

တကယ်ပဲ၊ အချိန်တွေကလည်း ကြာလိုက်တာ…

ရွှေဇင်သည် စာရေးစားပွဲပေါ်တွင် တင်ထားသည့်နာရီ ကြည့်ပြီး ညီးကွားလိုက်ခြင်းပါ…။

စားပွဲတင်နာရီသည် တစ်ချပ်ချပ်အသံမည်၍ တစ် ပြီးတစ်စက္ကန့်ကို တစ်ရွေ့ရွေ့ဖြတ်ကျော်နေသည်။

စက္ကန့်တံလေးသည် စက္ကန့်မှမိနစ်သို့ ကူးပြောင်းနေ နာရီအထိ ဦးတည်နေသည်။

ရွှေဇင်သည် နာရီလေးကိုကြည့်ပြီး သောင်းထိုက် လာမည့်ဖုန်းကို မျှော်နေမိလေ၏။





ပတ်ဝန်းကျင်သည် တိတ်ဆိတ်လွန်းသည်။ ထိုအချိန်တွင် ပင် မိခင် ဒေါ်နွယ်နွယ်နှင့်ဒေါ်လေး ဒေါ်ချိုချိုတို့ရောက်လာမည်ကို စိုးရိမ်နေသည်။

ဒေါ်နွယ်နွယ်နှင့်ဒေါ်လေးချိုတို့ မလာပါစေနှင့်ဟု အထပ်ထပ်ဆုတောင်းနေမိသည်။

ရွှေဇင်သည် ဆုသာတောင်းနေပေမယ့်၊ တကယ်တော့ မိခင်နှင့်ဒေါ်လေးတို့သည် ရွှေဇင်၏အခန်းသို့ရောက်ရှိလာမည် မဟုတ်သည်ကို သိသည်။

အဘယ်ကြောင့်ဆိုသော် မာမီသည် ဒေါ်လေးချိုကို ကုမ္ပဏီ၏ ငွေစာရင်းတွေကို လုပ်တတ်ရန်အတွက် သင်ပေးနေခြင်း ပါ…။

ဒေါ်လေးချိုသည် ဖခင်၏ညီမအငယ်ဆုံးဖြစ်သလို၊ စိတ်ဓာတ်သည်လည်း ဖခင်၏စိတ်ဓာတ်နှင့်တူသည်။

ထို့အတွက်ကြောင့် ရွှေဇင်သည် ဒေါ်လေးချိုကို လေးစား မိသလို၊ မိခင် ဒေါ်နွယ်နွယ်သည်လည်း ဒေါ်လေးချိုကို အား

www.burmeseclassic.com

www.burmeseclassic.com



ကိုးသည်။

ကရင်း‥ရင်း‥ရင်း…

ဟော‥ဖုန်းလာပြီ၊ အစ်ကို့ဆီကဖြစ်ပါစေ‥ဟု ရွှေဇင် ဆုတောင်းနေမိသည်။

ရွှေဇင်သည် ရင်ခုန်ခြင်းများစွာနှင့်အတူ တယ်လီဖုန်းလေးဆီသို့ လက်ကရောက်သွားသည်။

လက်ကလေးသည် သွက်လက်စွာရောက်သွားခြင်းမျိုး မဟုတ်၊ ရင်ခုန်ရင်း၊ မျှော်လင့်ရင်း၊ ဆုတောင်းရင်းဖြင့် တဖြည်းဖြည်း ရောက်သွားခြင်းပါ…။

ပြီးတော့ တယ်လီဖုန်းလေးကို ဆုပ်ကိုင်မ,ယူလိုက်သည်။ ထို့နောက် တယ်လီဖုန်းလေးအား နားတွင်အသာလေးကပ်လိုက်ပြီး…

"ရွှေဇင် ပြောနေပါတယ်…"

"ကျွန်တော်ပါ ရွှေဇင်၊ မှတ်မိပါတယ်နော်…"

ရင်ခုန်သံတွေ ဆူညံလာသည်။ ဖုန်းထဲမှ သောင်းထိုက်





၏စကားသံလေးသည် ကြည်လင်ပြတ်သားနေသည်။

"ဟုတ်ကဲ့၊ မှတ်မိပါတယ်…"

"ဝမ်းသာပါတယ် ရွှေဇင်၊ ကျွန်တော် ပြောစရာရှိလို့ အဲဒီအတွက် စိတ်မဆိုးနဲ့နော်…"

"ဘာဖြစ်လို့လဲဟင်…"

"ကျွန်တော် ခံစားရမှာကြောက်လို့ပါ ရွှေဇင်…"

"သြော်…"

ရွှေဇင် ထိုမျှသာဆိုဖြစ်သည်။ စကားဆက်ပြောလိုသော်လည်း ဘာကြောင့်ရင်ထဲကစကားလုံးများသည် ထွက်ပေါ်လာခြင်း မရှိလဲဟု တွေးနေမိသည်။

"ကျွန်တော် ပြောတာကြားတယ်နော် ရွှေဇင်…"

"ကျွန်တော် နားထောင်နေပါတယ်…"

"ကျွန်တော် ရွှေဇင်ကို ချစ်တယ်ဆိုရင် စိတ်ဆိုးမလား"

"အို…"

"ရွှေဇင်ကိုချစ်တယ်…"



www.burmeseclassic.com

www.burmeseclassic.com



မျှော်လင့်နေသောစကားပါပင်။ ကြားရခိုက် မအံ့သြပါဘဲ
နှင့်အံ့သြမိသည်။

မိမိဘဝတွင် ချစ်တယ်ဆိုသည့်စကားကို ပထမဆုံးအကြိမ်
ကြားခြင်းပါ…။

ထို့အတူ ရွှေဇင်ကို ချစ်တယ်ဆိုသော သောင်းထိုက်သည်
လည်း ပထမဆုံးအကြိမ် လူသားတစ်ယောက်ဖြစ်သည်။

ရင်ခုန်သံတွေဆူညံနေသည်။ ပိတ်ဆို့နေသည့်နှလုံးသား
တံခါးလေး ပွင့်ထွက်လာ၏။

သောင်းထိုက်၏ တောင်းဆိုမှုတွေကို လက်ခံချင်စိတ်
ပေါ်လာသည်။ ချစ်သူ၏မျက်နှာလေးကိုကြည့်ပြီး စကားလေး
ပြောချင်သည်။

ပြောမည့်စကားလေးတွေသည် ကြင်နာသည့်စကား
တွေဖြစ်မည်…။

ရွှေဇင်၏စိတ်ထဲတွင် အတွေးဖြင့်ဖြစ်ပေါ်ခံစားနေ
တွေပါ…။





"ရွှေဇင်…"

"ရှင်…"

"ကျွန်တော်ပြောတာကို စိတ်ဆိုးသွားသလားဟင်…"

"စိတ်မဆိုးပါဘူးရှင်…"

"ဒါဆို ကျွန်တော့်ကိုချစ်တယ်ပေါ့နော်…"

"အဲ…ဒါကတော့၊ သူကလဲ…"

ရွှေဇင်သည် စကားလေးတွေကိုပြောရင်းနှင့် တိုးဝင်သွား
သည့်စကားသံလေးတွေပင် တုန်ရင်နေသလိုပါ…။

သောင်းထိုက်သည် ရွှေဇင်၏စကားကြောင့် ပျော်ရွှင်သွား
သည်။

ကြည်နူးလာသည်။

အနားမှာသာရှိနေလျှင် ရွှေဇင်၏ကိုယ်လုံးနွဲ့နွဲ့လေးကို
ပွေ့ဖွာ ဖက်ထားလိုက်ချင်တော့သည်။

တစ်နေရာနှင့်တစ်နေရာ ဝေးနေသည့်အတွက် စိတ်ကို
ချုပ်နေရ၏။



www.burmeseclassic.com

www.burmeseclassic.com



"ရွှေဇင်…"

"ရှင်…"

"ကျွန်တော့်ကိုချစ်တယ်နော်၊ ပြောပါဗျာ…"

ရွှေဇင်သည် ချစ်တယ်ဟုအဖြေပေးရမှာကို ရှက်နေ၏

တကယ်တော့ ရွှေဇင်သည် သောင်းထိုက်ကို ချစ်နေသည်ကအမှန်

ဒါဟာအမှန်ပင်…။

"ရွှေဇင် ကျွန်တော့်ကိုအဖြေပေးပါနော်၊ ချစ်တယ်မဟုတ်

လား…"

"မချစ်ဘူးလို့ပြောရင်ကော…"

"တကယ်ခံစားရမှာပါ…"

"ချစ်တယ်လို့ပြောရင်ကော…"

"အ‥ဟား‥ဟား‥ပျော်လိုက်တာ ရွှေဇင်အချစ်ရယ်

တကယ်ပြောတာ၊ ဒီနေ့ဟာ ကျွန်တော့်အတွက် ပျော်ရွှင်ဆုံးပဲ"

"အိုး‥သူ အကျယ်ကြီးပဲ၊ သူများတွေကြားကုန်ဦးမယ်"

"မကြားဘူး‥ဘယ်သူမှမရှိဘူး အချစ်…"





"ဒါဖြင့် ချလိုက်တော့မယ်နော်…"

ရွှေဇင်သည် စကားဆုံးတာနှင့်ကိုင်ထားသည့် တယ်လီဖုန်းလေးကို ညင်သာစွာချလိုက်ပါတော့၏။

စိတ်ထဲတွင် ပျော်ရွှင်နေသည်။

မျက်နှာလေးသည် တဖြည်းဖြည်းနှင့်ပြုံးလာသည်။

အနီးရှိခေါင်းအုံးလေးကို ရင်ဝယ်ကပ်၍ပွေ့ဖက်ထားမိ၏။

ပျော်ရွှင်မှုလှိုင်းလုံးလေးတွေသည် ဆင့်ကဲဆင့်ကဲတက်လာနေဆဲ…

ထိုအခိုက်…

"ရွှေဇင်‥သမီး တံခါးဖွင့်ပါဦး…"

ထွက်ပေါ်လာသည့်အသံကြောင့် ပျော်ရွှင်ကြည်နူးမှုတွေ ရှင့်စင်ပျောက်ကွယ်သွား၏။

အကြည့်သည် တံခါးဝဆီရောက်သွားသည်။

အသံပိုင်ရှင်သည် တခြားလူမဟုတ်၊ ရွှေဇင်၏ ဖေဖေလေး



www.burmeseclassic.com

www.burmeseclassic.com



ချိုသာ ဖြစ်သည်။

ရွှေဇင်သည် ပွေ့ဖက်ထားသည့်ခေါင်းအုံးလေးကို ဘေးသို့ ချလိုက်ပြီး အခန်းတံခါးဆီသို့ လှမ်းခဲ့သည်။

ပြီးတော့ အခန်းတံခါးကို ဖွင့်လိုက်သည်။

အခန်းတံခါးပွင့်သည်နှင့် ဒေါ်လေးချိုသည် အခန်းတွင်း သို့ဝင်လိုက်ပြီး...

"ဘယ်သူနဲ့စကားပြောနေတာလဲ သမီး..."

"ဘယ်သူမှမရှိပါဘူး ဒေါ်လေးချိုရဲ့..."

ဒေါ်လေးချိုသည် ရွှေဇင်၏အခန်းကို ဝေ့ဝိုက်အကဲခတ် ကြည့်လိုက်သည်။

"ဘယ်သူမှမရှိပါဘူး ဒေါ်လေးချိုရဲ့..."

"သမီး ရွှေဇင်ကို ဒေါ်လေးချို ယုံပါတယ်၊ ဒါပေမဲ့"

"ဆက်ပြောလေ ဒေါ်လေးချို..."

"ဒေါ်လေးချို နားနဲ့ကြားနေတာတော့အမှန်ပဲ သမီး"

"ဒေါ်လေးချို ကြားတယ်ဆိုတာ မငြင်းပါဘူး၊ မှန်





ယ်၊ ကျွန်မ သူငယ်ချင်းတစ်ယောက်နဲ့ စကားပြောနေတာပါ၊ မည်က ခွာညို့တဲ့၊ ဖုန်းနဲ့စကားပြောနေတာ..."

"ဪ..အဲဒါ စောစောကတည်းက ပြောရောပေါ့ မီးရယ်၊ ဒေါ်လေးက တစ်ယောက်ယောက်နဲ့ စကားပြောနေ ယ်လို့ထင်နေတာ..."

ရွှေဇင်သည် ဒေါ်လေးချိုကို ညာပြောလိုက်၍၊ စိတ်ထဲ တော့မကောင်း၊ ဒေါ်လေးကမူ ရွှေဇင့်စကားကို ယုံကြည်သွားရှာ၏။

ဒေါ်ချိုချိုသည် ရွှေဇင်ကို ချစ်သည်။ တစ်ခုခုဖြစ်သွား မှာကို စိုးရိမ်သလို၊ မိခင် ဒေါ်နွယ်နွယ်ကလည်း ရွှေဇင်ကို မှာကြားလိုက်၍ ထိန်းခိုင်းထားသည်။

"ဒေါ်လေးချိုရယ် ဒီအချိန်ကြီးမှာဘယ်သူကလာပြီး စကား ပြောရမှာလဲ..."

"ဒေါ်လေး သဘောပေါက်ပြီ သမီး၊ ကဲ..ကဲ သမီး အကျက်အနားယူတော့..."

ဒေါ်လေးချိုသည် စကားပြောပြီးသည်နှင့် ထွက်သွားလိုက်



www.burmeseclassic.com

www.burmeseclassic.com



သည်။

အခန်းအပြင်ဘက်သို့ ဒေါ်လေးချို ထွက်သွားသည်
ရွှေစင်သည် အခန်းတံခါးကိုပိတ်လိုက်ပြီးနောက် ခုတင်ပေါ်
လွှတ်လပ်စွာပစ်လှဲချလိုက်ပါတော့၏။

စိတ်ထဲတွင် ပျော်ရွှင်မဆုံး၊ ကြည်နူးမဆုံး၊ ချစ်ရ
ချစ်သူအား ချစ်အဖြေပေးလိုက်ပြီဖြစ်သောကြောင့်ပါတည်း။

နောက်တစ်နေ့ ကျောင်းမှာတွေ့လျှင် ဘယ်လိုမျက်နှာ
တွေ့ရမည်ဆိုသည်ကို စဉ်းစား၍ ခုတင်ပေါ်တွင်လန်းဆန်း
အိပ်မောကျသွားရပါလေပြီတည်း…။ ။

ØØØ ØØØ ØØØ



## - တစ်ဆယ့်တစ် -

သည်နေ့ဖြင့် ကျောင်းသို့စောစော ရောက်ရှိလာသည်။
တ်ထဲတွင် ပျော်ရွှင်နေသည်။

ပတ်ဝန်းကျင်သည်လည်း သာယာအေးချမ်းနေသကဲ့သို့
တ်ထဲတွင်အေးချမ်း လန်းဆန်းနေသည်။

စိမ်းစိုသည့် သစ်ရွက်မျိုးစုံတို့သည် ပင်ယံထက်တွင်လန်း
ဖြာဝေလျှက် ရှိနေကြသည်။

လှပသောငှက်ကလေးတွေသည်လည်း သာယာသော
တစ်ပုဒ်ကို သီကျူးနေကြသည်။

တချို့ငှက်များသည် ဝမ်းစာရေးအတွက် အစာရှာနေ



www.burmeseclassic.com

www.burmeseclassic.com



ကြပြီ…။

ရွှေဇင်သည် အိပ်ရာကစောစောထပြီး ရေမိုးချိုးအလှ
ပြင်ဆင်ပြီး ကျောင်းကိုထွက်ခဲ့သည်။

သူမသည်သာ ကျောင်းသို့ဦးစွာရောက်ရှိလိမ့်မည်ဟု
နေသော်လည်း တကယ်တမ်းကြတော့ သောင်းထိုက်တို့က အ
ရောက်နေသည်။

သောင်းထိုက်သည် ရွှေဇင်ကို တွေ့သည်နှင့်ပြုံးရွှင်သ
မျက်နှာချောချောဖြင့် ကြိုဆို၏။

ရွှေဇင်သည် သောင်းထိုက် ထိုင်နေသည့်စားပွဲ
ဦးတည်လှမ်းလာနေသည်။

"ဒီနေ့တော့ စောတယ်နော်…"

"သူများကိုတော့ပြောပြီး သူကရော…"

"ကိုသောင်းထိုက်ကရော မစောလို့လား…"

အဟွန်း…ဟွန်း…

ရွှေဇင်ဆိုတော့ သူ ရယ်သည်။





သူ့မျက်နှာသည် ချော မွေ့လွန်းနေ၏။
ပြီးတော့ သူ ရွှေဇင့်မျက်နှာလေးဆီကြည့်သည်။
ရွှေဇင့်မျက်နှာလှလှလေးသည်လည်း ရှက်သွေးတို့ဖြင့်
ွတ်နေရရှာသည်ပါ…။

သောင်းထိုက်သည် တစ်ချက်ပြုံးပြီး ရွှေဇင်ကို ကြည့်
ိတ်သည်။

ရွှေဇင်သည် ရှက်ရှက်နှင့်မျက်လွှာလေးကို အသာချ
ိတ်သည်။

"ဟုတ်တယ် ရွှေဇင်၊ ရွှေဇင် စောစောလာမယ်ထင်တာ
ကျွန်တော် အိမ်ကစောစောထွက်ခဲ့တာ၊ ရွှေဇင်လည်း အဲဒီလို
ဟုတ်လား…"

"ထင်တဲ့အတိုင်းပဲပေါ့…"

"ဘာမှာပေးရမလဲ ရွှေဇင်…"

"သူတို့သိပါတယ်၊ တစ်ခုခုလာချပေးပါလိမ့်မယ်…"

ရွှေဇင်ကို တစ်ချက်ကြည့်လိုက်ပြီး ရေနွေးကြမ်းခွက်ကို

www.burmeseclassic.com

www.burmeseclassic.com



ကမ်းလိုက်သည်။

ရွှေဇင်သည် သောင်းထိုက်လက်ထဲက ရေနွေးကြမ်းခွ
ကို ယူလိုက်ပြီး သောင်းထိုက်၏မျက်နှာကို တစ်ချက်ကြည့်လို
သည်။

နှစ်ယောက်သားမှာ အပြုံးတွေနှင့်ရှိနေကြ၏။ ညက
ခဲ့သည့်စကားလေးတွေကို ပြန်ပြောရန် စိတ်ကူးလေးတွေ
သော်လည်း သောင်းထိုက်နှင့်အတူ သီဟ ရှိနေသည့်အတွ
ကြောင့်မပြောဖြစ်…။

သူတို့စကားပြောနေချိန်တွင် ရွှေဇင်သည် ရေနွေးကြ
အေးဆေးစွာသောက်လိုက်သည်။

ရွှေဇင်၏ လက်ချောင်းလေးတွေသည် ပြည့်ဖောင်းသွ
တန်း၍နေသည်။ ရွှေဇင့်အသားကလေးတွေသည်လည်း ဝါ
သွေးနှယ်၏။

ရွှေဇင်သည် အမည်နှင့်လိုက်ဖက်အောင်ပင် ရွှေဇင်
ကလေးကဲ့သို့ လှပကြော့ရှင်းသူလေးပါ…။





စားပွဲထိုးလေးသည် နန်းကြီးသုတ်ပန်းကန်ကို လာရောက်
ပေးသည်။

သောင်းထိုက် သဘောပေါက်သွားသည်။

ရွှေဇင်သည် နန်းကြီးသုတ်ကို ကြိုက်သည်ဆိုတာ
ဘောပေါက်သွားခြင်းပါ…။

"ကိုသောင်းထိုက် စားပါလား…"

"ရွှေဇင် စားရရင် ကျွန်တော် ကျေနပ်ပါတယ်…"

"ဟဲ့…ငါ့ကိုတော့မကျွေးဘူးလား၊ ငါလည်း ပါးစပ်ပါပါ
တယ်ဟာ…"

"ရပါတယ်၊ ရှေ့စားလေ…"

ဆိုရင်း ရွှေဇင်သည် နန်းကြီးသုတ်ပန်းကန်ကို သီဟထံ
မ်းပေးလိုက်သည်။

သောင်းထိုက်သည် သီဟကို တစ်ချက်ကြည့်လိုက်ပြီး…

"ဒီကောင့်စကားကိုများ ယုံနေသေးတယ်…"

"နောက်တာပါဗျာ…"



www.burmeseclassic.com

www.burmeseclassic.com



"သိဘူးလေ၊ တောင်းတော့လည်းပေးရတာပေါ့…"

"သီဟက အဲဒါတွေ စားတာမဟုတ်ဘူး ရွှေဇင်ရဲ့…"

"ဘာတွေစားတာလဲ…"

"လက်ဖက်ခြောက်ဖတ်တွေစားတာ…"

"အဟင်း…ဟင်း…"

"အဟား…ဟား…ဟား…"

ဝန်းကျင်တစ်ခို၌ သူတို့ရယ်သံလေးတွေ ပျံ့လွင့်ထွက် သွားရလေ၏။

တကယ်တမ်းကြတော့ သူတို့လေးတွေသည် ပျော် ကမ္ဘာလေးတစ်ခုလို ဖြစ်နေ၏။

"ဒါနဲ့ ရွှေဇင်၊ ခွာညိုလည်း မလာသေးပါလား…"

"သူက စောစောမလာတတ်ဘူး၊ ကိုစိုးဝင်းရဲ့…"

"မင်းက ဘာလုပ်ဖို့မေးတာလဲ…"

"ကိစ္စတွေက ထွေထွေထူးထူးမရှိပါဘူးကွာ၊ သူ တော့အတွဲညီသွားတာပေါ့၊ အခုဟာက ငါတစ်ယောက်ထဲအ





ကျန်ဖြစ်နေလို့…"

ဟင်…

သီဟ၏စကားကြောင့် သောင်းထိုက်နှင့်ရွှေဇင် ဘာပြော ရမှန်းမသိအောင် ဖြစ်သွားသည်။

ရွှေဇင်၏မျက်နှာလေးသည် ရှက်သလိုလို၊ သူတို့နှစ်ယောက် ချစ်သူတွေဖြစ်သွားတာကိုသိသွားပြီလားဟု တွေးနေမိ သည်။

တကယ်တော့ သီဟသည် သိ၍ပြောဆိုခြင်းမျိုးမဟုတ်၊ စိတ်ထဲရှိတာပြောခြင်းဖြစ်သည်။

"မင်းက ခွာညိုကို စိတ်ဝင်စားနေလို့လား…"

"အမှန်အတိုင်းပြောရရင် စိတ်ဝင်စားနေသလိုပဲ…"

"ဟင်…မင်း စကားကလည်း တစ်မျိုးကြီးပါလား…"

"ဘာဖြစ်လို့လဲ သောင်းထိုက်ရ…"

"စိတ်ဝင်စားသလိုပဲဆိုတာက အကြောင်းပြချက်မခိုင်လုံ ဘူးလေကွာ…"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ်၊ မင်း ပြောတာကို ငါ လက်ခံတယ် သောင်းထိုက်၊ ငါ့စိတ်ထဲမှာတစ်ခုတွေးမိတယ်…

ငါ စိတ်ဝင်စားနေချိန်မှာ တခြားလူတစ်ယောက်နဲ့ချစ်သူ ဖြစ်နေပါပြီဆိုရင် ငါ အရမ်းခံစားရမှာပေါ့ကွာ၊ ငါက အချစ်နဲ့ ပတ်သက်ရင် အသည်းနုတယ် သူငယ်ချင်း…"

"အောင်မာ…အရေးထဲနုနေပြန်ပြီ…"

သီဟသည် ရယ်ကျဲကျဲမျက်နှာလေးနှင့် သောင်းထိုက်တို့ ကို ကြည့်လိုက်သည်။

သောင်းထိုက်သည် ရေနွေးကြမ်းကို ငှဲ့လိုက်သည်။

"မင်းပြောမှပဲ ငါ့ကိုယ်ငါ ရှက်သလိုဖြစ်သွားပြီ…"

"မရှက်ပါနဲ့ သီဟရာ၊ ခွာညို လာရင် ရွှေဇင်ကို မေးခိုင်း ပါမယ်…"

"မင်းက ဘာမေးခိုင်းမှာလဲ သောင်းထိုက်ရာ…"

"ချစ်သူရှိလားလို့ပေါ့…"

"ဪ…တော်သေးတာပေါ့…"





"ရွှေဇင် မေးပေးမယ်မဟုတ်လား…"

"အင်း…မေးပေးမယ်…"

သီဟ ဘာပြောရမှန်းမသိအောင် ဖြစ်သွားသည်။

ထိုကိစ္စအတွက် သောင်းထိုက်နှင့်ရွှေဇင်သည် တက်ကြွ လန်းဆန်းနေသည်။

တကယ်တော့ သီဟသည် ခွာညိုကို စိတ်ဝင်စားနေသည် မှာကြာပြီ၊ မပြောရဲလို့သာ မပြောဘဲနေနေရခြင်းဖြစ်သည်။

ပြောရန်ချောင်းနေသော်လည်း အခွင့်အရေးကလည်း ပေးပြန်၍ မပြောဖြစ်ဘဲရှိ၏။

သို့သော်လည်း ခွာညိုကိုပြောရန် ရင်ထဲမှာတော့ရည်ရွယ် ချက်တွေများစွာရှိနေသည်။

"ဟာ…ဟိုမှာ ခွာညိုလာပြီ…"

ရွှေဇင် ဆိုသည်။

သောင်းထိုက်နှင့်သီဟတို့ ရွှေဇင် ပြသည့်နေရာကို ကြည့် လိုက်သည်တွင် ခွာညိုကို မြင်တွေ့လိုက်ကြသည်။



www.burmeseclassic.com

www.burmeseclassic.com



ခွာညိုသည် သူတို့ထံ ဦးတည်လှမ်းနေ၏။

"သောင်းထိုက်၊ ရွှေဇင် မပြောနဲ့နော်..."

"ဘာမပြောရမှာလဲ၊ မင်းကလဲကွာ အရင်းမရှိမဖျားမရှိ နဲ့..."

"ခုန ငါ ပြောတဲ့စကားကိုလေကွာ..."

နှစ်ယောက်သား ပြုံးလိုက်ကြသည်။

"ဘာလဲ၊ မင်းကကြောက်လို့လား..."

"မဟုတ်ပါဘူး၊ သူ စိတ်ဆိုးသွားမှာစိုးရိမ်လို့ပါ..."

"မင်းလည်း ရယ်စရာပြောတတ်တယ်နော် သီဟ..."

"ရယ်စရာပြောတတ်တာမဟုတ်ဘူး၊ တကယ်ပြောနေတာ သောင်းထိုက်၊ တော်ပြီ ဒီစကားကို ဒီမှာပဲရပ်လိုက်တော့၊ ဟိုမှာလာနေပြီ..."

ခွာညိုသည် အနားသို့ရောက်ရှိလာသည်။ မျက်နှာသည် ပြုံးရွှင်နေ၏။

ခွာညိုသည် ထိုင်နေသည့် သောင်းထိုက်တို့အဖွဲ့ကို





ကြည့်လိုက်ပြီး...

"ဒီနေ့တယ်စောနေကြပါလား၊ အံ့ဖွယ်သုတပါလား.."

ပြောရင်းနှင့်ပင် ခွာညိုသည် ဝင်ထိုင်လိုက်သည်။

"ဟဲ့..ရွှေဇင် နင် ဒီနေ့အိမ်ကထွက်တာ စောတယ်ဆို၊ ဘယ်သူနဲ့ချိန်းထားလို့လဲ..."

"ဘယ်သူနဲ့ချိန်းစရာရှိလို့လဲ၊ နင်ကလည်းဟာ မဟုတ်တာ..."

"သိဘူးလေဟာ၊ တစ်ယောက်ယောက်နဲ့များ ချိန်းထားသလားလို့..."

"အေး..ဟုတ်တယ် ခွာညို..."

သောင်းထိုက်၏စကားကြောင့် ရွှေဇင် ရုတ်တရက်တုန်လှုပ်သွားသည်။

ရွှေဇင်သည် သောင်းထိုက်နှင့်ချစ်သူတွေဖြစ်နေသည်ဆိုတာ ဘယ်သူကိုမှမသိစေချင်၊ ယခု သောင်းထိုက်က ပြောလိုက်သည်ကို စိုးရိမ်နေမိ၏။



www.burmeseclassic.com

www.burmeseclassic.com



သောင်းထိုက်ကို စိုးရိမ်စိတ်နှင့်ကြည့်လိုက်၏။

သောင်း ထိုက်၏မျက်နှာသည်က ပြောင်းလဲမှုမရှိ…။

"ဟင်း‥ဘာကိစ္စချိန်းထားရတာလဲ…"

"ကိစ္စကတော့ကြီးတယ် ခွာညိုရယ်၊ အဲဒါကတော့ ငါ့ကိစ္စမဟုတ်ဘူး၊ သီဟကိစ္စပဲ…"

"ဟင်‥သီဟကိစ္စ၊ ဘာကိစ္စလဲဟင်…"

ခွာညိုသည် သီဟကို တစ်ချက်ကြည့်ပြီးနောက် ရွှေဇင်နှင့်သီဟတို့ကြား ဝင်ထိုင်လိုက်သည်။

သီဟသည် သောင်းထိုက်ကို ကြည့်လိုက်သည်။

သီဟ အလန့်ကြီးလန့်နေပုံက ရယ်စရာ…။

ဒါကို သောင်းထိုက်က ဂရုမစိုက်၊ ခွာညိုကို တစ်ချက်ကြည့်လိုက်သည်။

သူသည် ရေနွေးကြမ်းကိုငုံ့နေသည်။

"ဟုတ်တယ် ခွာညို၊ အဲဒီအထဲမှာ နင်လည်းပါဝင်ပတ်သက်နေတယ်…"





"ဟင်‥ပတ်သက်နေတယ်ဟုတ်လား သောင်းထိုက်"

"သောင်းထိုက်၊ မင်း ဘာမဟုတ်တာပြောမလို့လဲ…"

သီဟ ချက်ချင်းဝင်ရောက်တားလိုက်သည်။ သီဟ၏အားမြစ်မှုသည် စိုးရိမ်မှုတွေလွှမ်းမိုးနေသည်။

သီဟ၏အမူအရာကိုကြည့်ပြီး သောင်းထိုက်နှင့်ရွှေဇင်တို့ ရယ်ချင်သည့်စိတ်တွေကို အောင့်ထားကြရ၏။

ခွာညိုသည် ရေနွေးကြမ်းပန်းကန်ကို ကိုင်ထားလျက်နှင့် သီဟကို ကြည့်လိုက်သည်။ ခွာညို၏အကြည့်သည် ပြုံးစစအမူအရာဖြစ်နေ၏။

"ကိုထိုက် ပြောလေဟာ…"

"မပြောနဲ့…"

"ဘာလို့မပြောရမှာလဲ၊ ပြော ကိုထိုက်…"

"နင်နော်၊ ငါ့အကြောင်းသိတယ်မဟုတ်လား၊ မပြောရင် မှာတွေ့လား၊ ရေနွေးခွက်နဲ့ပက်လိုက်မှာနော်…"

ခွာညိုသည် ရေနွေးကြမ်းခွက်ကိုကိုင်ထားပြီး သောင်း



www.burmeseclassic.com

www.burmeseclassic.com



ထိုက်ဘက်ကို ရွယ်ထားလိုက်သည်။

မေးတာကိုမပြောရင် တကယ်ပစ်မည့်အမူအရာ ဖြစ်နေ၏။

တကယ်တော့ ခွာညိုသည် သူ့တို့ဘာတွေဖြစ်နေသည် ဆိုတာ မသိ…။

ခွာညို ပတ်သက်နေသည်ဆို၍ သိချင်စိတ်များအလိ လိုက် ထွက်ပေါ်လာ၍ မရမကမေးခြင်းဖြစ်၏။

ဒါကို သီဟက အသဲအသန်တားမြစ်နေသည်။ မှန်ပါ၏။

သောင်းထိုက်က ပြောလိုက်လျှင် ခွာညို ဒေါသထွက်ပြီး တစ်ခုခုလုပ်လိုက်လျှင် လူကြားထဲမှာ ရှက်စရာဖြစ်သွားနိုင်သည်။

ထိုသို့ဖြစ်သွားလျှင် သီဟသည် ရှက်လွန်းလို့ ကျောင်း တက်တော့မည်မဟုတ်…။

“နင်ကသိချင်တယ်ဆိုလို့ ငါကပြောရမှာနော်၊ ဒါပေမဲ့ စိတ်မဆိုးရဘူးနော်၊ အဲဒီကတိကိုရောပေးရဲလား…”





“ပေးပါတယ်ဟာ၊ ပြော…”

သောင်းထိုက်သည် သီဟကို ကြည့်လိုက်ပြီး…

“ဒီလိုဟာ၊ ခုနက ငါတို့ပြောတဲ့ နင်နဲ့ပတ်သက်တယ်ဆို တာ တခြားကိစ္စမဟုတ်ဘူး၊ နင် ကတိပေးတယ်နော် ခွာညို…”

“ပြောမှာသာပြောပါဟာ၊ ငါ ကတိပေးပြီးသားပဲ…”

“သီဟက နင့်ကိုစိတ်ဝင်စားလို့တဲ့…”

သောင်းထိုက်၏စကားကြောင့် ခွာညို၏ခေါင်းတစ်ခုလုံး ပြီးသွားလာသလို ကြက်သီးမွေးညှင်းများထလာသလို ထင်နေရ သည်။

စိတ်ထဲတွင် ဘာပြောရမှန်းမသိအောင် ဖြစ်နေသလို ရှုပ်ထွေးမှုတွေဖြစ်လာသည်။

ထိုအသက်အရွယ် ရောက်လာသည့်အထိ ထိုစကားအား ကြားခံရခြင်းသည် ပထမဆုံးဖြစ်၏။

ထို့အတူ သီဟသည်လည်း တုန်လှုပ်သွားသည်။ စိတ်ရိုင်း တွေ အလိမ့်လိုက်တက်လာသည်။



www.burmeseclassic.com

www.burmeseclassic.com



သူတို့ဝိုင်းလေးသည် အပ်ကျသံပင်ကြားရသလို တိတ်ဆိတ်ငြိမ်သက်နေသည်။

ထို့နောက် အံ့သြစရာကောင်းသည့် ဖြစ်ရပ်တစ်ခု ရုတ်တရက်ဖြစ်ပေါ်လာ၏။

"ရော..."

"အား..."

ခွာညိုသည် သီဟကို အရှိန်နှင့်ရိုက်လိုက်သည်။

သီဟသည် တစ်ဖက်သို့ပင် ယိမ်းယိုင်သွားသည်။

ရုတ်တရက်ဖြစ်သွားသည့် ဖြစ်ရပ်ကြောင့် အားလုံးအံ့သြသလို ဘာလုပ်ရမှန်းမသိအောင် ဖြစ်သွားကြသည်။

ခွာညို ထိုသို့လုပ်လိုက်မည်ဟု မည်သူမျှမထင်ထားကြမှန်သည်။

ခွာညိုသည် သောင်းထိုက်ကို ကတိတွေပေးထားသည်။ ထို့အတွက်ကြောင့် အားလုံးကစိတ်ချထားကြသည်။

သို့သော်လည်း ခွာညိုကား ယခုကဲ့သို့ပြုမူလုပ်လိုက်





ပြီ...။

သီဟသည် ရှက်ခြင်း၊ ထိခိုက်ခြင်းဖြင့် သောင်းထိုက်တို့ကို တစ်ချက်ဝေ့ကြည့်ပြီး ထွက်ပြေးသွားလေပြီ...။

အားလုံးသည် သီဟ၏နောက်ကျောကို ကြည့်၍ကျန်ရစ်ကြသည်။

သီဟသည် တဖြည်းဖြည်းနှင့်အဝေးကိုရောက်၍ ပျောက်ကွယ်သွားပြီဖြစ်သည်။

သည့်နောက် သောင်းထိုက်နှင့်ရွှေဇင်တို့သည် ခွာညိုကို ကြည့်လိုက်၏။

"ဘယ်လိုလုပ်လိုက်တာလဲ ခွာညိုရယ်..."

"နင် အဲဒီလိုလုပ်လိုက်တာတော့ မကောင်းဘူးပေါ့ဟာ"

ခွာညိုသည် သူတို့၏စကားကို ချေပရန် စကားမရှိအောင် ဆွံ့အသွားသည်။

ထို့အတူ ခွာညိုသည် သောင်းထိုက်နှင့်ရွှေဇင်တို့ကို ကြည့်ကာသည်။



www.burmeseclassic.com

www.burmeseclassic.com



"ကျွန်တော် အထပ်ထပ်ကတိတောင်းရဲ့သားနဲ့ဗျာ၊ ကျွန်တော် သိတယ်၊ နောက်နေ့ဒီကောင် ကျောင်းတက်မှာမဟုတ်တော့ဘူး…"

"ဟင်…ဟုတ်လား၊ ဘာဖြစ်လို့လဲ ကိုသောင်းထိုက်…"

ရွှေဇင်သည် စိုးရိမ်စိတ်နှင့်အတူ မေးလိုက်၏။

"သီဟက ပျော်တတ်တယ်၊ သူ့ရင်ထဲမှာရှိတာကိုလည်း ပွင့်ပွင့်လင်းလင်းပြောတတ်တယ်…

ဒါပေမဲ့ အရှက်ကြီးတယ်၊ တစ်ခါတုန်းကလည်း အဲဒီလို ဖြစ်ဖူးတယ်…"

"ဘယ်လိုဖြစ်တာလဲဟင်…"

ရွှေဇင်သည် ပျာပျာသလဲမေးဖြစ်ရ၏။

ထို့အတူ ခွာညို ပါစိတ်ဝင်စားနေမိသည်။

သီဟ ဘာဖြစ်ခဲ့သလဲဆိုတာသိချင်နေသည်။

"ပထမနှစ်တုန်းကလို့ပဲပြောရမှာပေါ့၊ ကျောင်းတက်ပြီး လေးလံလောက်မှာ မိန်းကလေးသုံးယောက်က သူ့နောက်ကလိုက်





ပြီး စိတ်ဝင်စားတယ်ပြောလို့ဆိုပြီး ကျောင်းမတက်တော့ဘူး…

အဲဒါနဲ့သူ့ကို လိုက်ခေါ်ရသေးတယ်၊ ဘာဖြစ်လို့လဲ မေးတော့ ရှက်လို့တဲ့၊ ကဲ…အဲဒါပဲကြည့်တော့…"

"ဟင်…ဒါဆို နောက်နေ့ သီဟ ကျောင်းလာဖို့မသေချာတော့ဘူးပေါ့၊ ဟုတ်းလား အစ်ကို…"

"ဟုတ်တယ် ရွှေဇင်…"

သောင်းထိုက်သည် ခေါင်းကိုလေးတွဲစွာ ညိတ်ပြလိုက်၏။

ထိုစကားကိုကြားလိုက်ရချိန်တွင် ခွာညိုသည် ဘာလုပ်ရမှန်းမသိ စိတ်ထဲတွင် ဝေဒနာတစ်ခုခုလို ခံစားလိုက်ရသည်။

သောင်းထိုက် ပြောလိုက်တော့မှ ခွာညိုသည် မိမိ၏လုပ်ရပ် မှားသွားသည်ဟု သိလာရတော့သည်။

တကယ်တော့ သီဟသည် ယခင်တစ်ခါကလိုကဲ့သို့ ဖြစ်ခဲ့ဖူးသည့်အတွက်ကြောင့် သောင်းထိုက်က ကြိုတင်၍ကာ တောင်းခြင်းဆိုတာ သိလိုက်ရ၏။

ခွာညို အသိနောက်ကျသွားပေပြီ၊ သီဟသည် မှတ်ရှင်



www.burmeseclassic.com

www.burmeseclassic.com



နှင့် နေရာမှထွက်သွားလေပြီ…။

"ကျွန်တော်ကလူတွေကို နောက်ပြောင်တတ်တယ်
တာ ဝန်ခံပါတယ်…

ဒါပေမဲ့ ရှက်သွားတဲ့အဆင့်ထိ ရောက်သွားအောင်
မလုပ်တတ်ဘူး ခွာညို…

အဲဒီလိုဖြစ်အောင်လုပ်ဖို့လည်း ဘယ်တော့မှမရည်ရွယ်
ပါဘူး…"

သီဟ ပြောဖူးသည့်စကားပါ။

ခွာညိုနှင့်နှစ်ယောက်သား ဆုံမိစဉ်အခါက ပြောဖူးသည့်
စကားပါ…။

ဒါတွေကို ခွာညို သတိမထားမိခဲ့၊ ယခုလက်တွေ့ကြုံ
ရသည်တွင် ဘာလုပ်ရမှန်းမသိအောင် ဖြစ်သွားသည်။

ထိုနေ့အဖို့ စာသင်ရသည်ကိုပင် စိတ်မပါအောင် ဖြစ်နေ
တော့၏။

"ဟာ..လူတွေတော်တော်စုံနေပါလား…"





စိုးဝင်းဆိုရင်း ကျော်ရဲဦးနှင့်အတူ ရောက်လာသည်။
အားလုံး၏မျက်နှာတွေ ပြုံးရွှင်နေပေမယ့် သောင်းထိုက်…

ရွှေဇင်နှင့် ခွာညိုတို့ကတော့ စိတ်တွေညစ်နေသည့်ပုံစံတွေ
နှင့်ရှိနေ၏။

သူတို့ဝင်ထိုင်လိုက်ကြသည်။

"ဟာ..ငါတို့မင်းသားကြီး ရောက်မလာသေးပါလား၊
အံ့သြစရာပဲ…"

"ငါ သွားခေါ်တော့ ကျောင်းသွားပြီလို့ပြောတယ် ကျော်
ရဲဦးရ…"

"ဟုတ်ပါ့မလားကွာ၊ မင်းကို ဘယ်သူပြောလဲ…"

"သူ့အစ်ကိုပြောတာ၊ သူ ကိုယ်တိုင်လိုက်ပို့ပေးတာတဲ့"

"ဒါဆို လက်ခံနိုင်စရာအကြောင်းရှိတယ်…"

သီဟတို့မှာ ညီအစ်ကိုနှစ်ယောက်တည်းရှိသည်။ သီဟ၏
အစ်ကိုသည် သီဟကို သိပ်ချစ်သည်။

အစ်ကိုဖြစ်သူကတော့ ညာပြောလိုက်မည်မထင်။ ထေ‌ချ



www.burmeseclassic.com

www.burmeseclassic.com



သီဟကို မတွေ့ရတော့ စိတ်ထဲတွင်တစ်မျိုးဖြစ်သွားရသည်။

"သောင်းထိုက် မင်း ဘယ်အချိန်ကရောက်လဲ…"

"စောတယ် စိုးဝင်း…"

"မင်းရောက်တော့ သီဟကို မတွေ့ဘူးလား…"

သောင်းထိုက်သည် စိုးဝင်း၏မေးခွန်းကိုမပြော၊ ရေ ကြမ်းခွက်ကိုကိုင်ပြီး သောက်နေလိုက်သည်။

ရွှေဇင်နှင့်ခွာညိုတို့သည် သောင်းထိုက်၏မျက်နှာကို ကြည့် လိုက်ကြသည်။

စိတ်ထဲတွင်ဘာပြောရမှန်းမသိအောင် ဖြစ်နေသလို သောင်းထိုက်သည် ဘာကြောင့်မပြောတာလဲဟု စဉ်းစားနေ သည်။

တကယ်တော့ သောင်းထိုက်သည် ထိုကိစ္စကို ထပ်မပြော ချင်တော့သည့်အကြောင်းကရှိ၏။

မှန်သည်။

အဘယ်ကြောင့်ဆိုသော်…





စိုးဝင်းသည် ဟီဟ အပေါ် သူငယ်ချင်းကောင်းပီသ သည်။

သီဟ၏ စိတ်ဓာတ်ကိုလည်း သိသည်။

တခြားတစ် ယောက်က သီဟအပေါ် တစ်ခုခုတင်စီး လိုက်လျှင် အဲဒီလူသည် ပြဿနာအရှာခံရပြီမှတ်…။

စိုးဝင်းသည် ပြဿနာရှာလျှင် ကျော်ရဲဦးပါ ပါလာတတ် သည်။

ဒါကို သောင်းထိုက်က အသိဆုံးဖြစ်သည်။

ထို့အတွက်ကြောင့် သူတို့၏မေးခွန်းကို မသိဟန်ဆောင် ပြီး ရေနွေးကြမ်းခွက်ကိုကိုင်ပြီး သောက်နေလိုက်ခြင်းပါတည်း။

"ဒါဆို စုံထောက် ဦးစံရှားကို ရှာခိုင်းရမလိုဖြစ်နေပြီ သောင်းထိုက်…"

"အဲဒါကောင်းတယ်၊ ဒါပေမဲ့ ဦးစံရှားကမရှိတော့ ဘယ်သူ ရှာခိုင်းလို့ရမှာလဲ…"

"မင်းတို့ကလည်းကွာ၊ မဟုတ်တာတွေပြောနေကြပြန်ပြီ



www.burmeseclassic.com

www.burmeseclassic.com



ကျောင်းတတ်ဖို့အချိန်ကိုလည်း သတိထားဦးလေကွာ…”

သောင်းထိုက်သည် စကားလမ်းကြောင်းပြောင်းလိုက

သည်။

ထို့အတွက်ကြောင့် ရွှေဇင်နှင့်ခွာညိုတို့ သဘောပေါ

သွားကြရသည်။

“ဟုတ်သားပဲ၊ နင်တို့ကလည်း ကျောင်းတက်ဖို့ကိုမေ

မေ့ထားကြပြီးတော့…”

“ကျောင်းတက်ဖို့မေ့လို့မဟုတ်ပါဘူး၊ သူငယ်ချင်းမရှိ

မေးရတာပေါ့…”

“နင်တို့မသိပါဘူးဟာ၊ တစ်ယောက်မရှိရင် တစ်

ယောက်အတွက်ပြင်းတယ်ဟ…”

အတိုင်အဖောက်ညီစွာနှင့် သူငယ်ချင်းနှစ်ယောက်

လိုက်သည်။

“ကဲ…လာ…သွားကြမယ်…”

အားလုံးသည် ကျောင်းစာသင်ခန်းဘက်သို့ ထွက်ခဲ့ကြ၏။





ကျော်ရဲဦးနှင့်စိုးဝင်းသည် သီဟ လာမည့်လမ်းကိုမျှော်ကြည့်နေကြ၏။

မျှော်သူကဖြင့်ပေါ်မလာတော့၊ အားလုံးသည် စာသင်ဆောင်အတွင်းသို့ ဝင်လိုက်ကြလေပြီဖြစ်သတည်း…။

ØØØ ØØØ ØØØ



www.burmeseclassic.com

www.burmeseclassic.com

- တစ်ဆယ့်နှစ် -

ပြဿနာတက်မည့်အရေးက ရှိနေပြီဖြစ်သည်။ သည်ရေး ဆိုလျှင် သီဟ ကျောင်းမတက်သည်မှာ သုံးရက်တိတိရှိပြီဖြစ်၏။

စိုးဝင်းနှင့်ကျော်ရဲဦးတို့သည် သီဟ အိမ်ကိုသွားကြရန်ဆံ ဖြတ်နေကြလေ၏။

ကျူရှင်တွေနှင့်အလုပ်ရှုပ်နေသည့်အတွက် မသွားဖြစ်ကြ သေးပဲရှိသည်။

စာမေးပွဲကဖြေရန် ရက်ပိုင်းသာကျန်တော့သည်မို့ ကျူရှင် ကအရေးကြီးသည်။

အိမ်ကိုလိုက်သွားတော့လည်းမတွေ့ ဖြစ်နေသည်က များနေသည့်အတွက် အခက်ကြုံနေကြသည်။





ထိုကိစ္စနှင့်ပတ်သက်ပြီး ရွှေဇင်သည် ခွာညိုနှင့်ပတ်သက် ၍ သောင်းထိုက်ကို မေးလာသည်။

သူတို့သည် ထိုစကားကိုမေးရန် တော်တော်ကိုစဉ်းစားကြ သည်။

"အဲဒီကိစ္စနဲ့ပတ်သက်ပြီး ကျွန်မတော့ တော်တော့်ကို စိတ်မကောင်းဖြစ်နေရတယ် ကိုထိုက်…"

"အဲဒီအတွက် ကျွန်တော် ဘာတစ်ခုမှမကြားချင်သေး ဘူး ခွာညို…"

"အို…အစ်ကိုကလဲ ဘာလို့မကြားချင်ရတာလဲ…"

ရွှေဇင်သည် ဖြတ်၍ပြောလိုက်ခြင်းပင်…။

"သီဟက ကျောင်းပြန်တက်ဖို့ စဉ်းစားနေရလို့ပါ၊ အဲဒီ အတွက် ကျော်ရဲဦးနဲ့စိုးဝင်းလည်း သိသွားမှာစိုးရိမ်နေတယ်၊ သူတို့ နှစ်ယောက်သိသွားရင် ခွာညိုကို စိတ်ဆိုးသွားမှာစိုးရိမ်တယ်…"

ခွာညိုသည် ဘာပြောရမှန်းမသိ၊ တကယ်တော့ ခွာညို သည် သီဟကို စိတ်ဆိုး၍လုပ်လိုက်ခြင်းမဟုတ်…။

www.burmeseclassic.com



သီဟာ ကျောင်းမတက်သည့်ကိစ္စနှင့်ပတ်သက်၍ ခွာညို သည် အလိုလိုနေရင်း ခံစားမှုတွေအလိပ်လိုက် ပေါ်ထွက်လာ သည်။

သီဟာအပေါ်တွင် သံယောဇဉ်ကြိုးလေးတွေ တဖြည်း ဖြည်းရစ်ပတ်လာသည်။

လုပ်မိသည့်လုပ်ရပ်ကြောင့် စိတ်မကောင်းမှုတွေများလည်း ဖြစ်ပေါ်နေရလေ၏။

မှန်သည်။

ခွာညိုသည် တစ်ယောက်တည်း စာကျက်နေချိန်တွင် သီဟာကို လုပ်မိတာတွေကို တဖြည်းဖြည်းပြန်လည်မြင်ယောင်နေ ရ၏။

"အဲဒီအတွက် ကျွန်မလည်း စိတ်မကောင်းဖြစ်မိတယ် ကိုထိုက်၊ အစက သတိမထားမိတော့လည်း နောက်ပိုင်းတော့ သတိထားလာမိဘယ်...

အဲဒီအချိန်မှာ နောက်ကျသွားပြီ၊ တကယ်တော့ ဒီကိစ္စဟာ





ကျွန်မကြောင့်ပါ၊ ကျွန်မကို အတန်းတန်ပြော ထားရဲ့သားနဲ့လုပ် တာ...

အခုတော့ ကျွန်မကြောင့် အားလုံးစိတ်ညစ်နေကြပြီ၊ ကိုထိုက်ကြောင့်မို့ နိုမဟုတ်ရင်ပြဿနာတက်ပြီ၊ ကျွန်မလည်း အရှက်ရမှာပဲ...

စဉ်းစားမိတိုင်း ကျွန်မ စိတ်မကောင်းသလို ကိုသီဟာကို တွေ့ချင်စိတ်တွေပေါ်လာတယ်..."

"သီဟာကို တွေ့ချင်တယ်ဟုတ်လား၊ ခွာညို ဘာကိစ္စ လဲ..."

သောင်းထိုက်သည် စိုးရိမ်စိတ်လေးနှင့်မေးလိုက်သည်။

ခွာညိုသည် အနောက်မှလွှင့်ကျနေသည့်ဆံပင်များကို ရှေ့သို့သိမ်းယူလိုက်ပြီး၊ သောင်းထိုက်နှင့်ရွှေဇင်ကို ကြည့်လိုက် ရင်းက...

"ဘာကြောင့်မှန်းတော့မသိဘူး ကိုထိုက်၊ ကျွန်မ ကိုသီဟာကိုတော့ တွေ့ချင်တာပဲ၊ တွေ့နိုင်ဖို့လည်းကြိုးစားနေတာ



www.burmeseclassic.com

www.burmeseclassic.com



ဘယ်နေ့သွားရမယ်ဆိုတော့မသိသေးဘူး…"

"အဲဒါတော့ကောင်းတယ် ခွာညို၊ ငါတို့သွားတာထက်နင် သွားတာကပိုကောင်းတယ်…"

"ငါ သွားတော့မယ်ဟာ၊ ငါ့အတွက်နဲ့နင်တို့လည်း စိတ်အနှောင့်အယှက်ဖြစ်တယ်…"

စကားကိုအဆုံးသတ်ပြီးသည်နှင့် ခွာညိုသည် ခေါင်းလေးကိုငုံ၍ လေးပင်သည့်ခြေလှမ်းတွေနှင့်အတူ ရှောင်ထွက်သွားသည်။

ရွှေဇင်နှင့်သောင်းထိုက်သည် ခွာညိုကိုကြည့်ပြီး ကျန်ရစ်ခဲ့ကြ၏။

နှစ်ယောက်သားသည် သက်မမောတစ်ခုကို လေးတွဲစွာချလိုက်ကြသည်။

သူတို့သည် သီဟာအတွက် စိတ်တွေများစွာမကောင်းဖြစ်နေကြသည်။ တကယ်ဆို ထိုကိစ္စသည် ဖြစ်နိုင်စရာအကြောင်းမရှိ…။

ရွှေဇင်သည် သောင်းထိုက်ကို တစ်ချက်ကြည့်လိုက်ပြီး–





"အစ်ကို…အဲဒီလိုဖြစ်ရတာကောင်းလား…"

"အဲဒါတော့မပြောချင်ဘူး ရွှေဇင်၊ အဲဒီလိုဖြစ်သွားတဲ့အတွက် ကိုယ်လည်း စိတ်မကောင်းဘူး…"

နှစ်ယောက်သား စကားတွေဆိုရင်း အဓိပတိလမ်းမတိုင်း လမ်းလျှောက်ထွက်လာကြသည်။

သောင်းထိုက်တို့လို ကျောင်းသားတွေသည် စာသင်ချိန်းသွားသည့်အတွက် မိမိတို့နေထိုင်ရာကို ပြန်နေကြပြီဖြစ်သည်။

"ဒါတွေထားလိုက်ပါတော့ ရွှေဇင်ရယ်၊ မကြာခင် ပြီးသွားမှာပါ၊ ဒါနဲ့ ရွှေဇင်ကို ကြိုပြောထားရဦးမယ်…"

"ဘာများလဲ အစ်ကိုရဲ့…"

"ကိုယ်တို့နှစ်ယောက် ဘယ်တော့မှစကားများ ရန်မဖြစ်ကြားနော်…"

"အစ်ကိုက စကားများချင်လို့လား…"

"မဟုတ်ပါဘူး ရွှေဇင်ရယ်၊ အဲဒီလိုဖြစ်သွားမှာစိုးရိမ်လို့ ကြိုပြောထားတာ…"



www.burmeseclassic.com

www.burmeseclassic.com



နှစ်ယောက်သားစကားပြောပြီး ရယ်လိုက်ကြသည်။

ခပ်ဝေးဝေးကတိုက်ခတ်လာသည့် လေနုအေးလေး၏ တိုက်ခတ်မှုကြောင့် စိတ်ထဲတွင်လန်းဆန်းနေသလို ထင်ရသည်။

ရွှေဇင်၏ ဆံနွယ်လေးတွေသည် လေနုအေးတို့၏ ကြ... စယ်မှုတွင် ဝေ့ဝဲနေကြလေ၏။

အချစ်၏ပျော်ရွှင်မှုလေးတွေသည် ရင်ထဲမှာပြည့်လျှံ... ကြရသည်။

ရွှေဇင်သည် သောင်းထိုက်၏လက်မောင်းလေးကို ... ကျပ်စွာဆုပ်ကိုင်ပြီး ပခုံးပေါ်ခေါင်လေးမှေးတင်ကာ ကိုယ်လုံး... ကို မှီတွဲပြီးလိုက်ပါနေလေ၏။

"အစ်ကို..."

"ဟင်..ပြောလေ ရွှေဇင်..."

"ကျောင်းပြီးသွားရင် အစ်ကို ဘာလုပ်မယ်စိတ်... ထားလဲဟင်..."





"ရွှေဇင်နဲ့လက်ထပ်ပြီး အတူနေမှာပေါ့..."

"မဟုတ်ဘူးလေ၊ အစ်ကို ဘာလုပ်မလဲလို့မေးတာ.."

"အစ်ကို့အထင်တော့ အလုပ်ကအဓိကမဟုတ်ဘူး၊ ရွှေဇင်နဲ့လက်ထပ်ပြီး အတူတူနေဖို့ကအရေးကြီးတယ်၊ ရွှေဇင်က အစ်ကိုနဲ့လက်မထပ်ချင်ဘူးလား..."

ရွှေဇင်သည် သောင်းထိုက်ကို ကြည့်လိုက်သည်။ သူမ၏ အကြည့်တွေသည်လည်း ပြုံးရွှင်နေသည်။

ရွှေဇင်သည် သောင်းထိုက်၏လက်လေးကိုဆွဲကိုင်ပြီး တစ်ချက်တစ်ချက် ဖျစ်ညှစ်ထားဖြစ်၏။

သောင်းထိုက် မေးတာကိုရုတ်တရက်မဖြေသေးဘဲ ရွှေဇင် ပြုံးရွှင်သည့်မျက်နှာလေးနှင့် သောင်းထိုက်ကို ကြည့်လိုက်သည်။

သောင်းထိုက်သည်လည်း ချစ်သူ ရွှေဇင်နှင့်အတူ နေ့ ရက်များ ကြိုင်းတွဲသွားရသည်ကို ပျော်ရွှင်နေသည်။

"ရွှေဇင်..."

"ရှင်..အစ်ကို..."



www.burmeseclassic.com

www.burmeseclassic.com





"ကိုယ်မေးတာဖြေဦးလေ…"

"ဘာကိုလဲ အစ်ကို…"

"ကျောင်းပြီးရင် အစ်ကိုနဲ့လက်ထပ်ဖို့ကိုလေ…"

"ရွှေဇင်က အဓိကကျလို့လား အစ်ကို…"

သောင်းထိုက်သည် ရွှေဇင်ကို ကြည့်လိုက်သည်။

သူ့အကြည့်သည် ရွှေဇင်၏မျက်နှာအမူအရာကို

ခတ်နေဖြစ်သည်။

ရွှေဇင်၏မျက်နှာလေးသည် ပျော်ရွှင်လန်းဆန်းနေ

တကယ်တော့ သောင်းထိုက်သည် ရွှေဇင်ကို

လောက်ချစ်နေသူတစ်ယောက် ဖြစ်နေသည်။

ရွှေဇင်သာ အနားမှာရှိနေလျှင် ဘဝတစ်ခုလုံးပြည့်

ထင်နေသည်။

"အဓိကကျတာပေါ့ ရွှေဇင်…"

"ရွှေဇင်က မိန်းကလေးလေ အစ်ကိုရဲ့…"

"ကိုယ် လက်ခံပါတယ် ရွှေဇင်၊ မိန်းက

ယောက်ရဲ့ခွင့်ပြုချက်မရှိဘဲ၊ အိမ်ထောင်ပြုလက်ထပ်တယ်ဆိုတာ

ရှိဘူး ရွှေဇင်…

ကိုယ် ကြားလည်းမကြားဘူးခဲ့ဘူး၊ ကိုယ့်ဘက်ကလူကြီး

တွေ မင်္ဂလာပွဲကိုစီစဉ်ပြီးမှ ရွှေဇင်က လက်မခံဘူးဆိုရင် ကိုယ်ပဲ

ရှက်ကွဲမှာပေါ့ ရွှေဇင်…"

"စိတ်ချပါ အစ်ကို၊ ရွှေဇင် ဘယ်တော့မှမလုပ်ဘူး၊

ဘာဖြစ်လို့လဲဆိုတာသိလား အစ်ကို…"

သောင်းထိုက်သည် ရွှေဇင်ကို နားမလည်သည့်အကြည့်

တွေနှင့် ကြည့်လိုက်သည်။

သောင်းထိုက်သည် မျက်မှောင်လေးတွန့်ပြီးနှင့်ကြည့်နေ

သည်ကို ရွှေဇင်သည် ကြည်စယ်သောအပြုံးလေးတွေနှင့် ကြည့်

နေလေ၏။

သောင်းထိုက်နှင့်ရွှေဇင်တို့သည် စကားပြောရင်းလမ်း

လျှောက်လာခဲ့ရာ လူရှင်းသည့်နေရာသို့ရောက်ခဲ့လေ၏။

သောင်းထိုက်သည် ချစ်သူ ရွှေဇင်နှင့်အေးအေးဆေးဆေး စကား





www.burmeseclassic.com

www.burmeseclassic.com



ပြောချင်သည့်အတွက် ထိုနေရာသို့ခေါ်ခဲ့ခြင်းပါ…။

"ကိုယ် မသိဘူး ရွှေဇင်၊ ကိုယ် သိချင်တာက ရွှေဇင်ကို လက်ထပ်ပိုင်ဆိုင်ရဖို့ပဲ…"

"ရွှေဇင်လည်း အဲဒီလိုပါပဲ အစ်ကိုရယ်၊ ရွှေဇင့်ရဲ့ဘဝမှာ အစ်ကိုကလွဲပြီး နောက်တစ်ယောက်ဆိုတာမရှိဘူး၊ အစ်ကို အဲဒါ ကိုယုံလားဟင်…"

"ယုံပါတယ် ရွှေဇင်၊ နားရွက်လေးထောင်အောင်ကို ယုံတယ်…"

အဟင့်…အဟင့်…

ရယ်သံလေးတွေ လွင့်ပျံ့စွာထွက်ပေါ်လာ၏။ သောင်း ထိုက်သည် ရွှေဇင်၏နဖူးလေးကို ညင်သာစွာနမ်းလိုက်သည်။

လှမ်းနေသည့်ခြေလှမ်းတွေ တုန့်ခနဲရပ်လိုက်ကြသည်။ အချစ်၏ကြင်နာမှုလေးတွေသည် ကမ္ဘာတည်သရွေ့ ခိုင်မြဲနေကြ တော့သည်။

သံယောဇဉ်လေးတွေသည် တစ်ယောက်နှင့်တစ်ယောက်





ပြန်အလှန်ရစ်ပတ်နေသည်။

အနီးရှိသစ်ပင်လေးများသည် ယိမ်းနွဲ့နေသလိုပင်ယ်ထက် သစ်ရွက်လေးများသည် မြေပေါ်သို့လွင့်စင်ကျလာကြသည်။

လေပြေခပ်ရမ်းရမ်းလေး တစ်ချက်မွှေနှောက်သွားမှု ကြောင့်ပါ…။

အလင်းရောင်နှင့်နေလုံးကြီးသည် အပူရှိန်ကိုလျှော့၍ မှောင်ထု၏တောင်းဆိုမှုအား လက်ခံလိုက်သည့်အနေနှင့် လွဲ ပြောင်းပေးလေပြီဖြစ်သတည်း…။ ။

ØØØ ØØØ ØØØ



www.burmeseclassic.com

www.burmeseclassic.com

## - တစ်ဆယ့်သုံး -

အချိန်သည် လုပသည့်ကာလဆီသို့ ကူးပြောင်းနေလေပြီ။ တစ်ညတာအနားယူနေသည့် လူသားတွေသည် တစ်နေ့တာလှု ရှားရန်အတွက် ပြင်ဆင်နေပြီဖြစ်သည်။

ထိုသို့ပြင်ဆင်နေချိန်တွင် လမ်းမပေါ်ကိုရောက်နေသည့် မိန်းကလေးတစ်ဦးရှိသည်။

ထိုမိန်းကလေးသည် တခြားလူမဟုတ်၊ ခွာညိုပင် ဖြစ်သည်။

ခွာညိုသည် နေထိုင်ရာအိမ်မှ စောစောပင်ထွက်ခဲ့သည်။ တခြားကိစ္စနှင့်မဟုတ်၊ သီဟနှင့်တွေ့ဆုံရန်ဖြစ်သည်။





ခွာညိုသည် သီဟနှင့်တွေ့ရန်သွားခဲ့သည်မှာ သုံးခေါက်ရှိပြီဖြစ်သော်လည်း တစ်ခေါက်မှတွေ့ရှိခြင်းမရှိသေးပေ...။

ထို့အတွက် ခပ်စောစောအိမ်မှထွက်ခဲ့ခြင်းပါ။ သီဟနေထိုင်ရာသို့ ရောက်လာသည့်အချိန်သည် စောစီးစွာပင်ရှိပါသေး၏။

သီဟ၏ခြံသည် အတန်အသင့်ကျယ်သည်။ ပြီးတော့ တစ်ထပ်ခွဲ တိုက်လှလှလေးတစ်လုံးအား ခြံနောက်ခပ်ကျကျတွင် ဆောက်ထား၏။

ခြံအတွင်းသို့ဝင်လိုက်ပြီး တိုက်အိမ်ကြီးရှိရာသို့ ဦးတည်လာခဲ့သည်။

တစ်နေရာအရောက် ရုတ်တရက်အသက်ငါးဆယ်ကျော်အမျိုးသမီးကြီးတစ်ယောက်ကို တွေ့လိုက်ရ၏။

"ဘယ်သူနဲ့တွေ့ချင်လို့လဲကွဲ့..."

"ကိုသီဟရဲ့သူငယ်ချင်းပါ၊ ကိုသီဟနဲ့တွေ့ဖို့လာခဲ့တာပါ..."



www.burmeseclassic.com

www.burmeseclassic.com



"ဪ..အေး..အေး ရှိတယ် သမီး၊ လာ သမီး၊ ခဏ ထိုင်ဦး..."

"ဟုတ်ကဲ့ ဒေါ်ဒေါ်..."

"သားငယ်ရေ ဒီမှာ မင်းသူငယ်ချင်းရောက်နေတယ်"

သားကိုခေါ်ရင်း တစ်ဆက်တည်းပင်၊ အမျိုးသမီးကြီးသည် အခန်းတစ်ခုထဲသို့ ဝင်ရောက်သွားလိုက်လေ၏။

အမျိုးသမီးကြီးသည် တခြားလူမဟုတ်၊ သီဟ၏အမေသာဖြစ်သည်။

ခွာညိုသည် ဧည့်ခန်းအတွင်းရှိ ဆိုဖာပေါ်တွင် ထိုင်လိုက်သည်။

ခဏအကြာတွင် အပေါ်ထပ်မှဆင်းလာသည့် ခြေသံတစ်ခုကို ကြားလိုက်ရသည်။

ခွာညို မော်ကြည့်လိုက်သည်တွင် သီဟကို တွေ့လိုက်ရလေ၏။

သီဟသည် ထိုင်နေသည့် ခွာညိုကို တွေ့လိုက်သည့်





အချိန်တွင် လွန်စွာအံ့သြသွားသည်။

ခွာညိုတစ်ယောက် လာလိမ့်မယ်လို့ ဘယ်တုန်းကမှ မျှော်လင့်မထားမိတာအမှန်ပင် ဖြစ်သည်။

သီဟသည် လှမ်းနေသည့်ခြေလှမ်းတွေ ရုတ်တရက်ရပ်တန့်သွားပြီး၊ နောက်ကိုပြန်ဆုတ်ဖို့အထိ စိတ်ကူးဖြစ်ပေါ်သွားလိုက်ရသည်။

စိတ်ထဲတွင် ခွာညိုသည် သောင်းထိုက် ပြောသည့်စကားကို မကျေနပ်၍နောက်ထပ်တစ်ခါ ရောက်ရှိလာခြင်းဟု ထင်မှတ်သွားရခြင်းကြောင့်ပါ...။

ခွာညိုသည် သီဟကို အပြုံးတွေနှင့်ကြည့်လိုက်သည်။ ခွာညိုတစ်ယောက် မည်မျှပင်ပြုံးနေနေ သီဟသည် စိုးရိမ်စိတ်တွေလွှမ်းမိုးနေသည်။

"ဟဲ့..သားငယ် ဘာရပ်လုပ်နေတာလဲ..."

ရုတ်တရက်ထွက်ပေါ်လာသည့် မိခင်၏စကားကြောင့် သီဟ ထပ်ဆင့်တုန်လှုပ်သွားရသည်။



www.burmeseclassic.com

www.burmeseclassic.com



သီဟသည် မိခင်ထွက်လာလိမ့်မည်ဟု သတိမထားမိခြင်းကြောင့်ပါ…။

မိခင်ကို ကြည့်လိုက်သည်။

မိခင်၏လက်ထဲတွင် ကော်ဖီ နှင့်မုန့်ပန်းကန်ကို တွေ့လိုက်ရ၏။

မိခင်သည် သားတွေနှင့်ပတ်သက်ပြီး ရောက်ရှိလာသည့် ဧည့်သည်တစ်ယောက်ကို ဘယ်တော့မှမျက်နှာပျက်အောင်မလုပ်။

လာသမျှဧည့်သည်တွေကိုလည်း မေမေသည် စိတ်ချမ်းသာအောင် ဆက်ဆံပြောဆိုတတ်သည်က အမှန်ပါ…။

သီဟသည် မိခင်စကားကိုနားထောင်ပြီးနောက် လှေကားထစ်တွေကို တစ်ထစ်ပြီးတစ်ထစ် နင်း၍ဆင်းလာခဲ့သည်။

သည့်နောက်၊ သီဟသည် ဧည့်ခန်းရှိရာလှမ်းခဲ့ပြီး ဆိုဖာတစ်ခုတွင် ဝင်ရောက်ထိုင်လိုက်လေ၏။

သူ ထိုင်လိုက်သည့်နေရာသည် ခွာညိုနှင့်မျက်နှာချင်းဆိုင်ဖြစ်သွားရ၏။





သီဟ၏အမေသည် ခွာညို၏ရှေ့တွင် ကော်ဖီနှင့်မုန့်ကို ချပေးလိုက်ပြီ…။

“ကဲ··သားငယ်တို့ အေးအေးဆေးဆေး စကားပြောကြနော်…”

“ဟုတ်…”

သီဟ၏မိခင်သည် ထွက်သွားလေပြီ၊ ခွာညိုသည် သီဟကို ကြည့်လိုက်ပြီး…

“ကိုသီဟ ဘာလို့ကျောင်းမတက်တာလဲ…”

“မခွာညို ဘာလာလုပ်တာလဲဆိုတာ သိပါရစေ…”

“အမှန်အတိုင်းပြောရရင် ကိုသီဟ ကျောင်းမတက်တဲ့ ကိစ္စနဲ့ရောက်လာတာပါ…”

“အဲဒါက ကျွန်တော့်ကိစ္စပါ၊ ကျောင်းတက်ခြင်းမတက်ခြင်းဆိုတာ မခွာညို သိဖို့မလိုပါဘူး…”

သီဟ၏စကားသည် ပြတ်သားနေ၏။

ခွာညိုသည် နောင်တရ၊ စိတ်မကောင်းသည့်မျက်နှာ

www.burmeseclassic.com

www.burmeseclassic.com



လေးနှင့်သီဟကို ကြည့်လိုက်သည်။

"ကဲ..သောက်လိုက်ပါဦး၊ ကော်ဖီတွေအေးကုန်ဦးမယ်၊ မုန့်လည်းစားပါ..."

ခွာညိုရှေ့သို့ ကော်ဖီခွက်ကို တွန်းပေးရင်း သူ ဆိုသည်။

"ဟုတ်ကဲ့၊ ကျေးဇူးတင်ပါတယ် ကိုသီဟ၊ ကျွန်မရင်ထဲက အကြောင်းကိစ္စတစ်ခုကို ပြောပါရစေ...

ကျြေးကော့မဟုတ်ပါဘူး၊ ကျွန်မတို့ဒုပ်ရုပ်အတွက် တောင်းမန်ချင်လို့လာခဲ့တာပါ...

ကိုသောင်းထိုက်နဲ့ရွှေဇင်တို့လည်း လိုက်ခဲ့ဖို့လည်းပြောပါတယ်...

ကျန်မက ကိုယ့်ကိစ္စကိုယ် ဖြေရှင်းမယ်ဆိုပြီးထွက်ခဲ့တာပါ၊ ကျွန်မရဲ့ဆန္ဒနဲ့လာခဲ့တာပါ..."

"ကျေးဇူးတင်ပါတယ် ခွာညို..."

"ကျွန်မ စကားမပြီးသေးဘူး ကိုသီဟ၊ အရှင်းဆုံးပြောရရင် ဒီနေ့ ကျွန်မနဲ့အတူ ကျောင်းလိုက်ခဲ့ပါ..."





ခွာညိုကို ကြည့်လိုက်သည်။

ခွာညို၏မျက်နှာလေးသည် လန်းဆန်းမှု၊ စိတ်ထိခိုက်မှုတွေလွှမ်းမိုးနေ၏။

သောင်းထိုက်နှင့်ရွှေဇင်တို့အဖွဲ့က အပြစ်တင်စကားများ ပြောနေသလား၊ အကျပ်ကိုင်နေသလားဟု တွေးမိသည်။

"ဒီနေ့တော့ ကျွန်တော် မလိုက်ချင်ဘူး၊ နောက်နေ့မှ လာခဲ့ပါ့မယ် ခွာညို..."

"ကျွန်မ ဆုံးဖြတ်ချက်ချပြီးမှလာခဲ့တာပါ ကိုသီဟ၊ တခြားမဟုတ်ပါဘူး၊ ကိုသီဟနဲ့အတူ ကျောင်းသွားကြမယ်...

ကိုသီဟက ကျောင်းမသွားပဲနေမယ်ဆိုရင် ကျွန်မလည်း ကိုသီဟရဲ့အနားမှာပဲ တစ်နေကုန်တဲ့အထိနေမယ်..."

ခွာညို စကားကြောင့် သီဟ ရုတ်တရက်အံ့သြသွားရသည်။

တကယ်တော့ ခွာညိုသည် သူများနှင့်မတူသည့်မိန်းကလေးတစ်ယောက်ဖြစ်သည်။



www.burmeseclassic.com

ပြောရဖ်ပြောသလို လုပ်တတ်သည်။

ဒါကို သီဟ သိနေသည်။

ခွာညို လာခေါ်လို့ကျောင်း မသွားဘဲအိမ်မှာနေလျှင် မေမေက အပြစ်တင်နိုင်သည်။

ကျောင်းမတက်တာကို မေမေ မသိသည့်အတွက် တော် သေးသည်။

မေမေသာ သိသွားလျှင် ကြီးမားသည့်ပြဿနာတက် နိုင်သည်။

ခွာညို၏စကားကြောင့် သီဟ ဘာလုပ်ရမှန်းမသိအော ဖြစ်သွားသည်။

"ကျွန်တော် ကျောင်းမသွားဘဲ၊ တစ်နေရာကိုသွား ဆိုရင်ကော..."

"ကျွန်မ ပြောထားပြီးသားပဲလေ၊ ကိုသီဟ သော အမြဲလိုက်နေမှာပဲ၊ သွားချင်တဲ့နေရာသွားပေါ့..."

"မင်း မကြောက်ဘူးလား ခွာညို..."





"မကြောက်ပါဘူး၊ ကျွန်မအနားမှာ ကိုသီဟ ရှိနေတာ ..."

ခွာညို၏စကားကြောင့် သီဟ ဘာပြောရမှန်းမသိအောင် စ်သွား၏။

သီဟသည် ခွာညိုကို တစ်ချက်ကြည့်လိုက်၏။

ဘာလုပ် ရမလဲစဉ်းစားလိုက်၏။

စိတ်ကူးတစ်ခုပေါ်လာသည်။

"ခဏနေဦးနော်၊ ကျွန်တော် အဝတ်လဲလိုက်ဦးမယ်..."

"ရပါတယ်၊ ကျွန်မ စောင့်နေပါ့မယ်..."

သီဟသည် အဝတ်လဲရန်ထွက်သွားလိုက်၏။

ခွာညို သည် ကောဖီနှင့်မုန့်ကိုစားရင်း စောင့်နေ၏။

ဧည့်ခန်းအတွင်းမှာ လူသူကင်းသလို တိတ်ဆိတ်မှုတွေ ည် လွှမ်းမိုးနေ၏။

မိနစ်ပိုင်းလောက်အကြာတွင် အပေါ်ထပ်က ပြန်ဆင်း ည်။



www.burmeseclassic.com

www.burmeseclassic.com



သီဟတို့ နေသောအိမ်သည် နှစ်ထပ်အိမ်ဖြစ်နေသ… အပေါ်ထပ်သို့တက်ရာတွင် အတွင်းလှေကားကတက်လည်းရ…

ပထမဆုံး ဧည့်ခန်းကိုရောက်သည်။

ဧည့်ခန်းကိုလည်း လခြမ်းပုံဆောက်ထားသည်။

သီဟသည် ဧည့်ခန်းတွင်းသို့ ပြန်ရောက်လာသည်။

"ကဲ..ခွာညို သွားကြမယ်..."

"မေမေရေ ကျွန်တော် သွားတော့မယ်..."

"ကောင်းပြီ သားငယ်..."

မိခင်သည် ဧည့်ခန်းအတွင်းသို့ရောက်ရှိလာပြီး ခွာ… ပြုံးရွှင်စွာ နှုတ်ဆက်နေသည်။

ထို့နောက်...

"သားငယ် သားကြီးကားနဲ့လိုက်ပို့မယ်လေ..."

"ရပါတယ် မေမေ၊ ကျွန်တော်အဖော်ရှိလို့ သူနဲ့ပဲသွားတော့မယ်..."

"ဒါဆိုလည်းပြီးရော..."





သီဟနှင့်ခွာညိုတို့သည် ဧည့်ခန်းအပြင်ကို ထွက်ခဲ့ကြသည်။

ခွာညိုသည် ပျော်ရွှင်သွားသည်။

ထိုနေ့သည် သီဟသည် ခွာညိုနှင့်ကျောင်းပြန်တက်ခြင်းကြောင့်ပင်ဖြစ်သည်။ ။

ØØØ ØØØ ØØØ



www.burmeseclassic.com

www.burmeseclassic.com

- တစ်ဆယ့်လေး -

အခုမှစတွေ့တာပဲ…

သီဟာသည် ကျောင်းကိုသွားခြင်းမဟုတ်၊ အင်းလျားကန်ကိုထွက်ခဲ့သည်။

"ဘယ်ကိုသွားနေတာလဲ ကိုသီဟ…"

"ကျွန်တော် သွားရာကိုလိုက်မယ်ဆို…"

"ကျောင်းကိုသွားမယ် ထင်နေတာ…"

"ဒါဆို မပြောနဲ့တော့၊ ကျွန်တော့်နောက်ကလိုက်ဟိုရောက်ရင် အဖြေပေါ်လာလိမ့်မယ်…"

နှစ်ယောက်သား စကားပြောပြီး ထွက်ခဲ့သည်။





အင်းလျားကန်သို့ ရောက်ခဲ့၏။

သီဟာသည် အင်းလျားကန်ဘောင်ရှိ ထိုင်ခုံပေါ်တွင် ထိုင်လိုက်၏။

ခွာညိုသည် မကျေနပ်သည့်မျက်နှာနှင့်ရပ် ကြည့်နေ၏။

"ဒါ ဘာလုပ်တာလဲ ကိုသီဟ၊ ဒီနေရာဟာ ချစ်သူရည်းစားတွေထိုင်တဲ့နေရာ…"

"အဲဒါတွေကို ကျွန်တော် မသိဘူး ခွာညို၊ ကျွန်တော် ကျောင်းမတက်ဖြစ်တဲ့ရက်တွေမှာ ဒီနေရာမှာပဲ အချိန်တွေဖြုန်းနေခဲ့တာပဲ…"

"ရှင်ဟာလေ တော်တော်ပြောရခက်တဲ့လူတစ်ယောက်ပဲ…"

"ဒီစကားကို ခွာညိုပဲပြောဖူးတယ်၊ ကျွန်တော့်မိသားစုနဲ့သူငယ်ချင်းတွေက အဲဒီလိုမပြောကြဘူး…"

"ဟာ…"

"အို…"



www.burmeseclassic.com

www.burmeseclassic.com



"အမေ့…"

ရုတ်တရက်ထွက်လာသည့်အသံပင် ဖြစ်သည်။ ခွာညို [illegible]

သည် ဟန်ချက်ပျက်ကာ အနောက်ကိုယိမ်းယိုင်သွားသည့်အတွက် [illegible]

သီဟသည် ရုတ်တရက်ထ၍ ခွာညိုကိုယ်ကို ထိန်းလိုက်ရသည်။

သူ၏ထိန်းချုပ်မှုသည်က ရင်ခုန်စရာတွေဖြစ်သွားသည် [illegible]

အနောက်သို့လှန်သွားသည့် ခွာညိုကို သီဟက ရုတ်တရက်ဆွဲဖက် [illegible]

လိုက်ရာ ရင်ချင်းအပ်လိုက်သည့်အမူအရာမျိုး ဖြစ်သွားသည်။

အကြောင်းမှာ ခွာညိုသည် ဒေါက်ဖိနပ်စီးထားသည် [illegible]

အတွက် ကျောက်ခဲအမာတစ်လုံးကို နင်းလိုက်မိသည့်အတွက် [illegible]

ကြောင့် ထိုသို့ဖြစ်သွား၏။

သီဟသည် ခွာညိုကို ယောင်ယောင်မှားမှားနှင့်ပင် [illegible]

ထားဖြစ်လိုက်လေ၏။

အချစ်၏နှီးနှောတူးဖော်မှုတွေကြောင့် ရင်ခုန်သံတွေ [illegible]

စွာ ထွက်ပေါ်လာကြလေ၏။

ရုတ်တရက်စကားတွေမပြောဖြစ် အောင်ဖြစ်နေသည် [illegible]





တစ်ယောက်မျက်နှာတစ်ယောက် မျက်တောင်မခတ်ကြည့်နေကြသည်မှာ နာရီမိနစ်တွေဘယ်လောက် အချိန်တွေကြာနေသည်ဆိုတာ မသိအောင်ဖြစ်နေသည်။

"ကိုသီဟ ကျွန်မကို လွှတ်ပါတော့လေ…"

"မလွှတ်သေးဘူး ခွာညို…"

"အို…ရှင်…"

ခွာညိုသည် ဘာမှမတတ်နိုင်တော့ပေ၊ ရုန်းထွက်ဖို့ဆန္ဒရှိနေသော်လည်း မသိစိတ်တွေက သူ့ရင်ခွင်ထဲမှာပဲဆက်လက်နေချင်သည်။

မှန်သည်။

တကယ်တော့ ခွာညိုသည်လည်း သီဟအား တိမ်းညွတ်ယိုယ်တာနေမိပါ၏။

ယခု သီဟ၏ရင်ခွင်ထဲမှာ နေရသည့်အတွက် စိတ်ထဲမှာ ငြိမ်းမှုပ်သလိုဖြစ်နေသည်။

နှစ်ယောက်သား အကြည့်ချင်းဆုံနေကြ၏။



www.burmeseclassic.com

www.burmeseclassic.com



ရင်ခုန်သံတွေ ဆူညံစွာထွက်ပေါ်လာသည့်အချိန်၌ ကြည်နူးမှုတွေသည် ဘဝအတွက် အေးချမ်းသည်ဟု ထင်နေမိ၏။

တစ်ယောက်နှင့်တစ်ယောက် စကားမပြောနိုင်ကြသေး ပတ်ဝန်းကျင်ကို သတိမထားမိအောင် ဖြစ်နေကြသည်။

လေနုအေးလေးတွေသည် ညင်သာစွာတိုက်ခတ်၍ သူ ကိုကောင်းချီးပေးနေသလို ထင်နေရသည်။

"ကိုကို ခွာညိုကို လွှတ်တော့လေ..."

"ဘယ်လိုခေါ်လိုက်တယ်၊ ပြန်ခေါ်ပါဦး ခွာညို..."

"ဟင်..ခေါ်ချင်ပါဘူး..."

"ဒါဆို မလွှတ်ဘူး၊ ဖက်ထားမှာပဲ..."

"အို..."

သီဟသည် ခွာညိုကို တင်းကျပ်စွာတို့း၍ဖက်ထားလိုက် တော့သည်။

ခွာညို၏ကိုယ်လုံးလေးသည် ယိမ်းနွဲ့ခြင်းများစွာနှင့်အ ရင်ခွင်ထဲကို ဝင်ရောက်သွား၏။





"ခွာညို ကိုကို့ကိုချစ်တယ်မဟုတ်လား..."

"အို..ကိုကိုကလဲကွယ်..."

ခွာညို မွှန်းကျပ်လာပြီ...။

"မသိဘူးကွာ၊ အဖြေမပေးရင်မလွှတ်ဘူး၊ အဖြေပေး တယ်မဟုတ်လား..ပြော..."

"ကဲ..ပေးတယ်..ပေးတယ်၊ လွှတ်တော့..."

"ဟာ..ပျော်လိုက်တာ..."

"အို..."

"ကိုကို..."

သီဟသည် ပျော်ရွှင်မှုတွေနှင့်အတူ ခွာညိုကို ညင်သာစွာ နမ်းလိုက်လေ၏။ ထိုအနမ်းအတွက် ခွာညို ကျေနပ်သည်ပါ..။

သီဟသည် ခွာညိုကို လွှတ်ပေးလိုက်သည်။ နှစ်ယောက် လုံး၏မျက်နှာတွေသည် ပျော်ရွှင်နေသည်။

"အင်းလျားကန်ကြီးရေ ကျွန်တော့်ကို ခွာညိုက ချစ်သတဲ့..."



www.burmeseclassic.com

www.burmeseclassic.com



အဟောင်း..အဟောင်း...

သီဟ၏စကားကို ထောက်ခံခြင်းနှင့်အတူ ခွာညို့ နှစ်သက်စွာရယ်မောနေဖြစ်သည်။

လောကသည် တကယ်ဆန်းကျယ်သည်။

မှန်သည်။

ဘယ်လိုမှပေါင်းစပ်လို့မရကော့ဘူးဟု ထင်နေသည့်ရှု သားနှစ်ယောက်သည် ကြည်နူးခြင်းများစွာနှင့်အတူ ပေါင်းစပ် သွားကြသည်။

"ခွာညို..."

"ရှင်..ကိုကို..."

"ကိုကို့ကို တကယ်ချစ်တယ်နော်..."

"တကယ်ပေါ့ ကိုကိုရဲ့..."

ကြည်နူးစရာတွေနှင့်အတူ ကြည့်နေသည်။ သီဟသည် ခွာညို၏လက်ကို ဆုပ်ကိုင်လိုက်ပြီး...

"လာ ခွာညို..."





"ဘယ်ကိုလဲ ကိုကို..."

"ကျောင်းကိုသွားမလို့..."

"တကယ်လား ကိုကိုရဲ့..."

"တကယ်ပေါ့..."

ခွာညိုသည် သီဟကို ညာဘက်လက်လေး ကမ်းလိုက်သည်။ သီဟသည် ကျေနပ်ခြင်းများစွာနှင့်အတူ ခွာညို၏လက်ကို နိုင်မာခြင်းများစွာနှင့် ညင်သာစွာဆုပ်ကိုင်လိုက်၏။

ထို့နောက်...

နှစ်ယောက်သားရောက်ရှိနေသည့် နေရာလေးအား ကျောနိုင်းကာ ထွက်ခဲ့လိုက်လေတော့၏။



www.burmeseclassic.com

www.burmeseclassic.com

- တစ်ဆယ့်ငါး -

ရင်ဆိုင်မှုတစ်ခုကြောင့် စိတ်ထဲတွင်ပျော်ရွှင်နေမိလေ၏ တခြားကြောင့်မဟုတ်...။

ထိုနေ့၊ ထိုအချိန်သည် သီဟနှင့်ခွာညိုတို့ နှစ်ယောက်တွဲ၍ ကျောင်းသို့ထွက်ခဲ့သည်ကို တွေ့လိုက်ရသည့်အတွက်ကြောင့် သူငယ်ချင်းများက ပျော်ရွှင်မှုတွေနှင့် အံ့သြစွာကြိုဆိုကြသည်။

တစ်ဆက်တည်းလည်း မှတ်ချက်တစ်ခုကို ပြတ်သားစွာချလိုက်၏။

သီဟနှင့်ခွာညိုတို့ ချစ်သူတွေဖြစ်သွားကြပြီဟူ၏။

မှန်သည်။





သူတို့သည် ချစ်သူအဖြစ်နှင့်ကျောင်းကို ရောက်ခဲ့ကြပြီး ပြုံးပျော်ရွှင်သည့်မျက်နှာလေးတွေသည် သူငယ်ချင်းတွေအတွက် ကျေနပ်စရာဖြစ်သွား၏။

"အံ့သြစရာပဲ ခွာညိုရယ်၊ ဒီလိုဖြစ်ချင်လို့ ဒီလိုဇာတ်လမ်းခင်းလိုက်တာမဟုတ်လား..."

"နင်တို့ကလည်းဟာ ပြောလိုက်မှဖြင့်..."

"အောင်မာ ရှက်မနေပါနဲ့၊ ငါတို့သိပါတယ်..."

အဟင်း...အဟင်း...

ရွှေဇင်သည် လွတ်လပ်စွာရယ်လိုက်သည်။ သူငယ်ချင်းတွေသည် ကျောင်းတက်ချိန်ကိုစောင့်၍ လက်ဖက်ရည်ဆိုင်ထိုင်နေကြသည်။

အားလုံး၏မျက်နှာတွေသည် ပြုံးရွှင်နေ၏။

"လက်စသတ်တော့ဒီလိုကိုး၊ ငါတို့မှာတော့ ကျောင်းမတက်တဲ့အကြောင်းကို အဖြေထုတ်လိုက်ရတာ ကမ္ဘာတစ်ခုသည်နေသလိုပဲ..."



www.burmeseclassic.com

www.burmeseclassic.com



"စိုးဝင်းစကားကို လက်ခံတယ်ကွာ၊ ငါလည်း အဲဒီလို ပဲထင်နေတာ၊ လက်စသတ်တော့..."

ကျော်ရဲဦးသည် စကားကိုအကုန်မပြော၊ တစ်ပိုင်းတစ်စ နှင့်ရပ်ထားလိုက်၏။

ဒါကို သောင်းထိုက်နှင့်သီဟတို့က မကျေမနပ်ဖြစ်နေ သည်ကို တွေ့လိုက်ရင်း ကျော်ရဲဦးသည် ရေနွေးကြမ်းခွက်ကို အသာယူ၍သောက်နေ၏။

"ဟေ့..ကျော်ရဲဦး၊ စကားကိုဘာလို့ အကုန်မပြောဘဲ ချန်ထားရတာလဲ...

ပြောပါကွာ စကားပြောတာပဲ မှတ်စုတင်ဖို့မလို ပါဘူး ကွာ..."

"မင်းတို့ကလဲကွာ၊ ဘာလို့အဲဒီလောက် လောနေရတာ လဲ ပြောမှာပေါ့...

ဒီလိုဟေ့..သိချင်ရင်ပြောမယ်၊ ဘီဟာ ကျောင်း မတက် တာကို ဘာကြောင့်လဲလို့ထင်နေတာ အခုတော့အဖြေပေါ်





သွားပြီ..."

"မင်းစကားကလဲကွာ၊ သွယ်ဝိုက်နည်းနဲ့ပြောလိုက်တာပဲ တိုး..."

သီဟ၏စကားကို အားလုံးကသဘောပေါက်သွားကြပြီး ပြုံးစိစိမျက်နှာလေးတွေဖြစ်သွား၏။

"ဒါတွေထားလိုက်ပါတော့ကွာ၊ တစ်ခုတော့မှာချင်တယ်၊ မင်းတို့နှစ်ယောက် စာမေးပွဲနောက်ဆုံးနှစ်အထိတော့ စောင့်ပါဦး ကွာ..."

"ဘာမှလုပ်မနေပါနဲ့ သောင်းထိုက်ရာ၊ မင်းတို့လည်း စာမေးပွဲလေးတော့ ပြီးအောင်ဖြေသွားပါဦး..."

အားလုံးသည် ကျော်ရဲဦးကို ကြည့်လိုက်သည်။

ကျော်ရဲဦးသည် ရယ်ချင်သည့်စိတ်ကို ထိန်းချုပ်ပြီးခပ် တည်တည်နေလိုက်ပြီး...

"ငါလည်း အားကျလာသလိုပဲ၊ စိုးဝင်းနဲ့ငါလည်း အဆောင် ရှာဖို့အချိန်တန်ပြီကွာ..."



www.burmeseclassic.com

www.burmeseclassic.com



"ကောင်းတယ်၊ ရှာတွေ့ရင်ပြော ကျွန်မကိုယ်တိုင် အောင်သွယ်လုပ်ပေးမယ်…"

"နှင် တကယ်ပြောတာလား ရွှေဇင်…"

"ဒီသူငယ်ချင်းတွေပဲရှိတာ၊ လုပ်ပေးရမှာပေါ့၊ ဟုတ်တယ်နော် ခွာညို…"

"ဟုတ်တယ်‥ဟုတ်တယ်…"

အဟင်း‥ဟင်း…ဟင်း…

အားလုံးလွတ်လပ်စွာ ရယ်မောလိုက်ကြသည်။

တခြားဝိုင်းမှလူတွေသည် သူတို့ဝိုင်းကို ကြည့်နေကြ၏။ သောင်းထိုက်တို့အဖွဲ့သည် သူငယ်ချင်းတွေဆုံသည့်အတွက် ပျော်ရွှင်စရာကောင်းနေသည်။

"ဒါတွေထားလိုက်တော့၊ ဒီနှစ်ငါတို့သူငယ်ချင်းအားလုံးအောင်ကြဖို့အရေး**ကြီးတယ်**…"

"**စိုးဝင်းပြောတာ မှန်တယ်၊ စာမေးပွဲ**ကလည်း တစ်လပဲလိုတော့တယ်ဆိုတော့ ကြိုးစားရတော့မယ်၊ ကျောင်းသိပ်မပြေးနဲ့တော့…"

"ကောင်းပါပြီ ဆရာကြီး ကျော်ရဲထွန်း…"

ကျော်ရဲထွန်း၏ စကားကိုထောက်ခံလိုက်ကြ၏။

အားလုံးသည် လက်ဖက်ရည်ဆိုင်ကို ကျောခိုင်းပြီးစာခန်းဆီသို့ ဦးတည်ခဲ့ကြလေပြီတည်း…။ ။

ØØØ ØØØ ØØØ







www.burmeseclassic.com

www.burmeseclassic.com

## - တစ်ဆယ့်ခြောက် -

စာမေးပွဲဖြေဆိုရန် ရပ်ပိုင်းမျှသာလိုတော့သည်။ အတွက် ရွှေဇင်ကို သူငယ်ချင်းများသည် စာကိုအသဲအသန် စားနေကြရ၏။

စာသည် ခေါင်းထဲမှာအလွတ်ရအောင် ကျက်မှတ် သည်။ သူတို့အတွက် တခြားစိတ်ညစ်စရာတွေ ခေါင်းထဲ မထည့်ထားနိုင်ကြတော့ပါ…။

သို့သော် စိတ်ညစ်စရာတစ်ခုနှင့်ကြုံတွေ့လိုက်ရ၏။ တွေ့ရသူမှာ တခြားမဟုတ်၊ ရွှေဇင်ပင်ဖြစ်သည်။





ရွှေဇင်သည် ကျောင်းကပြန်ပြီး အိမ်သို့အရောက်တွင် ရေမိုးချိုး၊ အနားယူ၊ စာကျက်နေသည့်အချိန်တွင် မိခင် ဒေါ်နွယ်နွယ်က ခေါ်သည်။

ရွှေဇင်ကို လာရောက်ခေါ်သူမှာ တခြားသူမဟုတ်၊ မိခင်ဖြစ်သူ ဒေါ်နွယ်နွယ်သာ ဖြစ်သည်။

ထို့ကြောင့်…

ရွှေဇင်သည် မိခင် ဒေါ်နွယ်နွယ်ရှိရာ ဧည့်ခန်းအတွင်းသို့ ရောက်ရှိလာ၏။

"မာမီ ပြောစရာရှိတယ်ဆိုလို့…"

"ဟုတ်တယ် သမီး၊ ခဏတော့ မာမီကို အချိန်ပေးပါ"

ရွှေဇင်သည် ခေါင်းလေးကိုတစ်ချက်ညိတ်၍ ဆိုဖာကုလားထိုင်တွင် ထိုင်လိုက်၏။

မိခင် ဒေါ်နွယ်နွယ်သည် လက်ထဲရှိစရင်းစာအုပ်ကို စားပွဲပေါ်တင်လိုက်ပြီး မျက်မှန်ကိုပါချွတ်လိုက်၏။

တစ်ဆက်ထဲ ရွှေဇင်ကို ကြည့်လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



“ဒီအချိန်မှာ သမီးကို ဒီစကားမပြောသင့်ဘူးဆို

သိရက်နဲ့ပြောရမှာပဲ သမီး...”

“ဘာများလဲ မာမီ...”

“မောင်မောင်နိုင် မြန်မာနိုင်ငံကို ပြန်ရောက်လာ

သမီး...”

“ရှင်..မာမီ...”

ဒေါ်နွယ်နွယ်၏ စကားကြောင့် ရွှေဇင် အံ့သြသွား

မိခင် ဒေါ်နွယ်နွယ်ကို တစ်ချက်ကြည့်လိုက်၏။

ကိုကိုနိုင် မြန်မာနိုင်ငံကို ပြန်ရောက်လာပြီတဲ့...

ဒီလူ မြန်မာနိုင်ငံပြန်ရောက်ရင် ရွှေဇင်နဲ့ လက်ထပ်

ဖြစ်သည်။

ထိုစကားကို မိခင် ဒေါ်နွယ်နွယ် ပြောလာလိမ့်မည်ဆို

ကြိုတင်သိနေသည်။

ကိုကိုနိုင် မြန်မာနိုင်ငံကို ပြန်ရောက်လျှင် ကိုကိုနိုင်

လက်ထပ်ရန် သဘောတူထားသည်။





ထိုလူ၏အသံကိုသာ ကြားဖူးသည်။ လူချင်းကတော့

အစ်ခါမှမတွေ့ဘူးသလို ဓာတ်ပုံတောင် မြင်ထားဖူးခြင်းမရှိ...။

“အဲဒါ သမီးနဲ့မိတ်ဆက်ပေးဖို့ရှိတယ်၊ အလုပ်အားတဲ့နေ့

ာ အိမ်ကိုလာလည်မယ်...”

“ကျွန်မနဲ့လက်ထပ်ဖို့ လာကြည့်တဲ့သဘောလား မာမီ”

“အဲဒါကအဓိကပဲ သမီး၊ သမီးက လက်မထပ်ချင်ဘူး

လား...”

“ကျွန်မမှာချစ်သူရှိနေတယ်ဆိုရင် ဘယ်လိုလုပ်မလဲ

မီ...”

“ဘယ်လို သမီး...”

ဒေါ်နွယ်နွယ်သည် ရွှေဇင်ကို တစ်ချက်စိုက်ကြည့်လိုက်

သည်။ မိခင်၏အကြည့်သည် မကျေနပ်သည့်အကြည့်များပါ။

“ဟုတ်တယ် မာမီ၊ ကျွန်မ လက်ထပ်ဖို့ရည်ရွယ်ထားသူ

တယ်၊ သူ့ကိုလက်ထပ်ဖို့ဆုံးဖြတ်ထားလို့ပါ...”

“မာမီကို နောက်နေတာတော့မဟုတ်ဘူးနော် သမီး...”



www.burmeseclassic.com

www.burmeseclassic.com



"မာမီကို ဘယ်နှစ်ခါမဟုတ်တာပြောဖူးလို့လဲ၊ အမှန် အတိုင်းပြောရရင် ကျွန်မမှာချစ်သူရှိနေပြီ မာမီ..."

ဒေါ်နွယ်နွယ် ရွှေဇင်ကို တစ်ချက်ကြည့်လိုက်သည်။ အကြည့်တွေက အတန်ကြာ၏။

မိခင်အကြည့်သည် စိတ်မကောင်းခြင်းသာဖြစ်သည်။ ဒေါ်နွယ်နွယ်သည် ရွှေဇင့်အတွက် လက်ထပ်ပေးရန်စီစဉ်ခဲ့သော်လည်း သမီးဖြစ်သူ၏လက်ဦးမှုကြောင့် စိတ်အတော်ညစ်သွားရ၏။

"မာမီ သဘောမတူဘူးဆိုရင်ကော သမီး..."

"အဲဒါကတော့ မာမီသဘောပဲ၊ အဲဒီအတွက် ကျွန်မဘာမှမပြောလိုဘူး...

တစ်ခုတော့ပြောမယ် မာမီ အလည်ခေါ်လာတဲ့ ကိုကိုနိုင်ကိုတော့ ရိုင်းရိုင်းစိုင်းစိုင်းမဆက်ဆံဘူးဆိုတာ သမီး ကတိပေးပါတယ်..."

"ကောင်းပြီ၊ မာမီ အလုပ်အတွက် လူကြီးချင်းမျက်နှာ





[illegible]ချင်ဘူး..."

ထိုစကားကို အပြီးပြတ်ပြောပြီးနောက် ရှေ့မှာချထားသည့်[illegible]မှန်နှင့်အတူ စာရင်းစာအုပ်ကိုပါတစ်ခါထဲ ယူလိုက်ပြီးနောက်[illegible]မှန်ကိုပါတပ်လိုက်သည်။

ဒေါ်နွယ်နွယ်သည် စာရင်းစာအုပ်ကိုတစ်ဖျပ်ဖျပ်လှန်နေ[illegible] အခိုက်မှာ ရွှေဇင်ကို ပြောစရာမရှိအောင်ဖြစ်ရ၍ သွားလို့[illegible]ပြီဟု ပြောလိုက်ခြင်းသဘောပါ...။

ရွှေဇင်သည် မိခင် ဒေါ်နွယ်နွယ်ကို တစ်ချက်ကြည့်လိုက်[illegible] နေရာမှထသွားလိုက်လေတော့၏။

ဒေါ်နွယ်နွယ်သည် ရွှေဇင်ကို တစ်ချက်ကြည့်ပြီး စာရင်း[illegible]အုပ်မှငွေစာရင်းတွေကို မငြိမ်သက်သောစိတ်တွေနှင့် ကြည့်နေ[illegible]ရလေ၏။ ။

ØØØ ØØØ ØØØ



www.burmeseclassic.com

www.burmeseclassic.com

- တစ်ဆယ့်ခုနစ် -

စာမေးပွဲနောက်ဆုံးနေ့ဖြစ်သည်။ ကျောင်းသားအား[illegible] သည် စာမေးပွဲကိုဖြေဆိုရာတွင် ရခြင်းမရခြင်းသည် အဓိကမဟု[illegible] ဖြေဆိုရန်သာဖြစ်သည်။

ထိုအထဲတွင် စာမေးပွဲဖြေဆိုရသည်မှာ စိတ်မပါသ[illegible] မဖြေချင်သလိုဖြစ်နေသူမှာ ရွှေဇင်ပင်ဖြစ်သည်။

ရွှေဇင်သည် မိခင် ဒေါ်နွယ်နွယ်၏စကားကြောင့် [illegible] အတော်ညစ်နေသည်။

မိခင် ဒေါ်နွယ်နွယ်က တခြားတစ်ယောက်နှင့်လက်[illegible] ပေးမည်ဆိုသည့်စကားကြောင့်ဖြစ်သည်။ စိတ်ထဲတွင် စာ[illegible]





ကျပါစေဟု အကြိမ်ကြိမ်ဆုတောင်းနေမိသည်။

ရွှေဇင် စိတ်ညစ်နေသည်ကို သောင်းထိုက်က သိသည်။ သောင်းထိုက်က မေးသော်လည်း ရွှေဇင် စိတ်ညစ်မှာစိုးသောကြောင့် မပြောပဲကြိတ်မှိတ်ခံစားနေရသည်။

ထိုနေ့မနက် ရွှေဇင် ကျောင်းကိုသွားသည့်မျက်နှာသည် ရွှင်လန်းမှုမရှိ…။

“ရွှေဇင်ကိုကြည့်ရတာ စိတ်မရွှင်လန်းသလိုပဲ…”

“ဟုတ်တယ် အစ်ကို၊ ဒီနေ့ ကျွန်မ စိတ်ထဲမှာနေရတာ မရွှင်လန်းဘူး…”

“စာတွေကို ဘာလို့အဲဒီလောက် ကျက်နေရတာလဲ၊ အစ်ကို ပြောထားတယ်မဟုတ်လား…”

“အဲဒီကိစ္စကြောင့် မဟုတ်ဘူး အစ်ကို၊ ကျွန်မ စိတ်ထဲမှာတစ်ခုခုဖြစ်နေတယ်၊ ဘာကြောင့်ဆိုတာတော့ မပြောတတ်ဘူး အစ်ကိုရယ်…”

ရွှေဇင်သည် သောင်းထိုက်၏လက်မောင်းကို ညင်သာစွာ



www.burmeseclassic.com

www.burmeseclassic.com



ဆုပ်ကိုင်ထားလျှက်မှ၊ ချစ်သူမျက်နှာဆီ မော့မော့လေး ကြည့်ကာ ဆို၏။ ရွှေဇင်၏အကြည့်သည် ကြင်နာမှုနှင့်တစ်ခုခုကို စိုးရိမ်ကြောင့်ကျနေဟန်နှယ် ရှိနေသလိုပါ…။

စိတ်ထဲတွင် ချစ်သူနှင့်လမ်းခွဲရမှာကို စိုးရိမ်သောက ရောက်နေမိသည်။

"ကျွန်မလေ အစ်ကိုနဲ့လမ်းခွဲရမှာကို ကြောက်တယ်၊ အစ်ကိုနဲ့မခွဲချင်ဘူး…"

"ဘာလို့ခွဲရမှာလဲ ရွှေဇင်ရယ်၊ အစ်ကိုလည်း ရွှေဇင်နဲ့ မခွဲနိုင်ပါဘူး၊ အခု ခွဲနေရတယ်ဆိုတာက ကျောင်းတွေမှမပြီးသေးတာပဲ…

ကျောင်းပြီးရင် အတူတူနေနိုင်ဖို့ကို အစ်ကို စဉ်းစားဆုံးဖြတ်ထားပြီးသားပါ အချစ်ရေ၊ သိလား…"

"ဝမ်းသာလိုက်တာ အစ်ကိုရယ်…"

ရွှေဇင်သည် သောင်းထိုက်၏လက်မောင်းကို တင်းကျပ်စွာဆုပ်ကိုင်ပြီး ပခုံးထက်၌ ခေါင်းလေးမှီတင်ကာ ငြိမ်သက်စွာရှိနေ





လေ၏။

သောင်းထိုက်သည်လည်း ချစ်သူ၏နူးညံ့သော ပခုံးလေးဆီ သိုင်းဖက်ထားဖြစ်သည်။

နွေးထွေးသော ချစ်သူတို့၏အတွေ့၌ ရင်ခုန်မှုများတိုးကာ သာယာမိန်းမောဖြစ်ရလေ၏။

သောင်းထိုက်သည် ချစ်သူလှလှလေး၏ မျက်နှာဖူးဖူးလေးအား သူ့လက်ဖဝါးတွေနှင့်ညင်သာစွာ ဖေးမမော့စေကာ ငေးငေးလေး အတန်ကြာကြည့်နေပြီးမှ…

"အစ်ကိုလည်း အမြဲလိုဆုတောင်းမိတယ် အချစ်…"

"ဘာကိုလဲဟင် အစ်ကို…"

"အစ်ကိုတို့ ကျောင်းပြီးလို့ဘွဲ့ယူပြီးတာနဲ့ လက်ထပ်ကြ ယ်လို့၊ အဲဒီစိတ်ကူးတွေ အကောင်အထည်ဖော်နိုင်ဖို့အတွက်ပေါ့ အချစ်ရယ်…"

"အစ်ကိုနဲ့တွေ့လိုက်ရင်လေ ရွှေဇင် အရမ်း[illegible] တယ်၊ အခုလိုစိတ်တွေညစ်နေတဲ့အချိန်မှာ အစ်ကို[illegible]



www.burmeseclassic.com

www.burmeseclassic.com



ကြားရင် အရမ်းပျော်ရွှင်တယ်...

ပြီးတော့ အရမ်းအားတက်တယ်၊ ဖြစ်နိုင်ရင် အစ်ကို့ရဲ့ အသံလေးကို ကက်ဆက်လေးနဲ့ဖမ်းယူပြီး အမြဲနားထောင်ချင်တယ်။ ဒါမှ အမြဲအားရှိနေအောင်လို့ပါ အစ်ကို..."

"အစ်ကိုလည်း အဲဒီလိုပါပဲ ရွှေဇင်ရယ်၊ စာကျက်နေချိန်မှာလေ ရွှေဇင်ရဲ့လှပပြုံးရွှင်တဲ့မျက်နှာလေးကိုပဲ အမြဲမြင်နေတယ်..."

"ဒါနဲ့ခဏလေးနေဦး..."

သောင်းထိုက်သည် စကားကိုတစ်ဝက်တွင်ဖြတ်လိုက်၏။

ထို့နောက်...

လွယ်အိတ်ထဲလက်နှိုက်လိုက်သည်။ ရွှေဇင်သည်က သောင်းထိုက် လုပ်သမျှနားမလည်သော အကြည့်လေးတွေနှင့် စောင့်ကြည့်နေဖြစ်၏။

သောင်းထိုက်၏လက်ထဲတွင် အရာဝတ္ထုလေးတစ်ခုပါလာသည်။ အရာဝတ္ထုလေးသည် ဘာဆိုတာကို ရွှေဇင် သိချင်





စိတ်များပေါ်လာသည်။

"အဲဒါဘာလဲ အစ်ကို..."

"မျက်စိလေးကို ခဏမှိတ်လိုက်လေ..."

ရွှေဇင်သည် မျက်စိလေးကိုမှိတ်လိုက်သည်။

သောင်းထိုက်သည် ရွှေဇင်၏လက်ထဲတွင် အရာဝတ္ထုလေးတစ်ခုကို လက်ဝါးထဲထည့်ပေးလိုက်၏။

"ရပြီ ရွှေဇင်၊ မျက်လုံးဖွင့်လိုက်တော့..."

"ဟင်..."

ရွှေဇင် အရမ်းကိုအံ့ဩသွားသည်။

မျက်နှာလေးသည် ပြုံးရွှင်သွားသည်။

"အစ်ကို ဒါ ရွှေဇင့်ဓာတ်ပုံလေ၊ ဘယ်ကရတာလဲ၊ ဒီဘက်က အစ်ကို့ရဲ့ဓာတ်ပုံလေးပဲ..."

"အံ့ဩသွားလား ရွှေဇင်..."

"အရမ်းအံ့ဩတာပေါ့ ကိုရဲ..."

သောင်းထိုက်သည် ရွှေဇင်၏လက်လေးတွေကို တင်းကျပ်



www.burmeseclassic.com

www.burmeseclassic.com



စွာဆုပ်ကိုင်လိုက်ပြီး တစ်ချက်မျှနမ်းလိုက်ရင်းက…

"သိပ်ချစ်လို့ပေါ့ ရွှေဇင်၊ အဲဒီအတွက် ကင်မရာမင်းကို ခေါ်ပြီး ရိုက်ခိုင်းလိုက်တာပဲ၊ အဲဒါက ရွှေဇင့်အတွက်၊ အစ်ကို့မှာက တစ်ပုံရှိသေးတယ်၊ အဲဒီပုံက အစ်ကိုရဲ့အခန်းထဲမှာသိမ်းထား တယ်…"

ရွှေဇင်သည်လည်း ချစ်စိတ်တို့ဒီရေအလား တိုးလာလေ၍ ချစ်သူကိုယ်လုံးလေးအား တင်းကျပ်စွာထွေးဖက်ပြီး နဖူးလေးထက် ညင်သာစွာနမ်းလိုက်လေ၏။

"အစ်ကို…ရွှေဇင့်ကို တကယ်ချစ်တာပါနော်…"

"မေးရက်လိုက်တာ အချစ်ရယ်…"

ချစ်သူတို့၏ကြင်နာစွာပြောနေသည့် စကားတွေသည် ကမ္ဘာလောကအား သာယာလှပစေသော တန်ဆာကိုဆင်နေကြ သလိုပါတည်း…။ ။

၀၀၀ ၀၀၀ ၀၀၀



- တစ်ဆယ့်ရှစ် -

ပျော်ရွှင်ရသည့်အချိန်သည် ဘာမျှမရှိလိုက်သလိုပါ၊ သောကသည် အဆင့်ဆင့်ပြင်ဆင်ကာ စောင့်နေကြသလိုရှိလေ၏ မှန်သည်။

အဘယ်ကြောင့်ဆိုသော်…

ရွှေဇင်သည် ချစ်သူ သောင်းထိုက်နှင့်ပျော်ရွှင် စကားများ ပြောခဲ့သည်။

သောင်းထိုက်၏ စကားများသည် ရွှေဇင်အတွက် အား ဆေးတစ်ခွက်ကဲ့သို့ လန်းဆန်းတက်ကြွနေသည်။

အသက်လောက်ချစ်ရသူနှင့် ရာသက်ပန်လက်တွဲရမည်



www.burmeseclassic.com

www.burmeseclassic.com



သောင်းထိုက် ပြောထားသည်။

ရွှေဇင်သည် သောင်းထိုက်ကို လက်ထပ်ရန်စိတ်ထဲမှာ အကြိမ်ကြိမ်စွဲမှတ် ဆုံးဖြတ်ထားပြီးသားပါ…။

သို့သော်…

ရွှေဇင်သည် နေထိုင်ရာအိမ်သို့ ရောက်ရှိလာသည် မတော့…

အိမ်ထဲသို့ဝင်လိုက်သည်နှင့် အံ့သြစရာမြင်ကွင်းတစ်ခုနှင့် ကြုံတွေ့လိုက်ရ၏။

ကိုကိုနိုင်…

မှန်သည်။

ရွှေဇင်နှင့်လက်ထပ်မည့်သူ ကိုကိုနိုင်နှင့်မိသားစုတို့ ရောက်ရှိနေကြသည် မဟုတ်ပါတကား…။

ရွှေဇင်သည် ပျော်ရွှင်နေသည့်မျက်နှာလေးမှာ ရုတ်ချည်း ပုတ်သင်ညိုတစ်ကောင်ကဲ့သို့ အရောင်ပြောင်းသွားရလေ၏။

ရွှေဇင်သည် ဧည့်ခန်းအတွင်းကို ဝင်လိုက်သည်နှင့်မိခင်





ဒေါ်နွယ်နွယ်၏စကားသံသည် ထွက်ပေါ်လာ၏။

"သမီး အဝတ်အစားလဲပြီး ပြန်ထွက်လာဦး၊ ဒီမှာ အထူး ဧည့်သည်တွေနဲ့မိတ်ဆက်ပေးစရာရှိလို့…"

"ဟုတ်ကဲ့ပါ မာမီ…"

ပြောသာပြောလိုက်ရပေမယ့် စိတ်ထဲတွင်ဆို့နင့်နင့်ခံစား လိုက်ရလေ၏။

ရင်ခုန်သံတွေ ပလောင်ဆူပွက်နေသလို၊ နာကျင်၍နေ သလိုပါ…။

မိခင် ဒေါ်နွယ်နွယ်၏ မိတ်ဆက်ပေးမည်ဆိုသည့်လူအား ရွှေဇင် သိနေသည့်အတွက် ထွက်တွေ့ချင်စိတ်မရှိတော့သလို…

ဟန်ဆောင်ရမည့် ပင်ပန်းမှုတွေကိုလည်း မခံချင်သေး ခြင်ကို အထင်သေးမှာကြောင့်သည့်အတွက်ကြောင့်သာ ထွက် တွေ့ရန်ဆုံးဖြတ်လိုက်ရလေ၏။

ရွှေဇင်သည် လွယ်အိတ်ကိုစာရေးစားပွဲထက် သို့ပစ် တင်လိုက်ပြီး အဝတ်တွေကိုလဲလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



ပြီးတော့ မှန်တင်ခုံရှေ့မှာ ခေတ္တထိုင်နေလိုက်၏။

မှန်ထဲမှဖူးဖူးလေး လှပနုနယ်လွန်းသည့် မိမိမျက်နှာလေး

ကိုပင် ငေးငေးလေးပြန်ကြည့်နေမိ၏။

ဆံနွယ်လေးတွေက ကပိုကရို၊ မျက်ဝန်းလေးအစုံသည်

က တောက်ပ၍နေလေ၏။

သို့သော် ထိုမျက်ဝန်းလေးတွေထဲတွင် အရည်ကြည်တို့

ပြည့်နေသယောင်ပါ…။

ဟင်း…

မျက်တောင်လေးကို တဖျတ်ဖျတ်ခတ်လိုက်ပြီး သက်

မောလေးအားချဖြစ်လိုက်၏။

သည့်နောက်မတော့ ထိုင်ရာမှထကာ အခန်းထဲမှထွက်

လိုက်လေ၏။

အောက်ထပ်သို့အရောက် ဧည့်ခန်းတွင်းလှမ်းဝင်လိုက်

သည်မတော့…

ဧည့်ခန်းအတွင်းရှိသူများသည် အလှနတ်သမီးလေးတ





ပါး ထွက်ပေါ်လာသကဲ့သို့ အံ့သြစွာကြည့်နေဖြစ်ကြရလေ၏။

ရွှေဇင်သည် မိခင် ဒေါ်နွယ်နွယ်၏ဘေးတွင် ဝင်ထိုင်

လိုက်၏။

"မမဆင့် ဒါ ကျွန်မ သမီးလေးပါ၊ နာမည် ရွှေဇင်လေ

…ကဆုံးနှစ်စာမေးပွဲဖြေနေတယ်…"

"မမနွယ် သမီးလေးက တကယ့်ကိုချောမောလှပတာပဲ

…ယ်…"

မိခင်တွေက စကားတွေဆိုကြသည်။

နိုင်ငံခြားပြန် ကိုကိုနိုင်ဆိုသူက ခေါ်တောကြည့်နှင့်ကြည့်

…ည်။

ရွှေဇင်သည်က မတည်မတင်းမျက်နှာလေးနှင့်မသိကျိုး

…ရှိ၏။

"မမဆင့်ရေ ကျွန်မမှာလည်း ဒီသမီးတစ်ယောက်ပဲရှိတာ

… သမီး ဒီဘက်က မမဆင့်ရဲ့သား မောင်ကိုကိုနိုင်တဲ့၊ သခင့်

…တ်ဆင့်ကတော့ အရမ်းကိုသဘောကောင်းတာကွဲ…"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ကဲ့ မာမီ…"

အေးဆေးစွာပင် ရွှေဇင် ဆိုသည်။

ဒေါ်ခင်ခင်ဆင့်နှင့်ကိုကိုနိုင်တို့သည် ရွှေဇင်ကို အပြုံးမျ

နှင့်ကြည့်နေကြသည်။

သားအမိနှစ်ယောက်၏ အကြည့်သည် ချီးကျူးသည်

အကြည့်များပါ…။

အထူးသဖြင့် ကိုကိုနိုင်သည်က ရွှေဇင်ကို ပိုင်ဆိုင်

သည့်အကြည့်များနှင့် ကြည့်နေကြောင်း ရွှေဇင် မကြည့်ဘဲ

သိနေ၏။

ကိုကိုနိုင်၏ စိတ်ထဲတွင် ရွှေဇင်သည် တကယ်ချော

မိန်းကလေးဟု မှတ်ချက်ချနေဖြစ်၏။

အရှာအဖွေတော်သည့် မိခင်ကိုလည်း ကိုကိုနိုင် ကျေး

တင်နေဖြစ်ရလေ၏။

ရွှေဇင်သည် လှန်စွာလှပသည့် မိန်းကလေးတစ်ယော

ဖြစ်သလို၊ တွေ့လိုက်ရသည့်ယောကျ်ားတွေ၏ အတွင်းစိတ်တွေ





လှုပ်ရှားစေသည်ကလည်းအမှန်…။

"မမနွယ်ရဲ့သမီးကတော့ အမေတူသမီးမို့လားတော့

သိဘူး၊ တကယ့်ကိုချောတာပဲ…"

အဟင်း…ဟင်း…

ဒေါ်ခင်ခင်ဆင့်သည် သားဖြစ်သူ ကိုကိုနိုင်ကိုကြည့်ပြီး

နှစ်သက်စွာ ရယ်မောပြောဆိုလိုက်ခြင်းပါ…။

သည်လောက်ချီးမွမ်းနေ၍ ရွှေဇင် နေပင်မနေတတ်တော့၊

မိန်းကလေးတို့သဘာဝ၊ မိမိအားလှပသည်ဟုဆိုလျှင် ရှက်ရှက်နှင့်

င် နှစ်သက်တတ်သည်ကတော့အမှန်ပါ…။

ခုလည်း ရွှေဇင်သည် ရှက်လည်းရှက်၊ အနေလည်းခက်

နေရ၏။

"ဒီလိုပဲပေါ့ မဆင့်ရယ်၊ ဒီသမီးချောလေးရှိလို့လည်း

အစစအရာရာ ဂရုစိုက်နေရတာပေါ့…"

"ဟုတ်တာပေါ့ သမီးရှင်တွေက သမီးကို ဘယ်လောက်

ဂရုစိုက်ရတယ်ဆိုတာ ကြားဖူးတယ်၊ ဒီထဲမှာ ဒီလောက်



www.burmeseclassic.com

www.burmeseclassic.com



ယောက်လည်း ပါနေတာပေါ့…"

"အဲဒါတော့ လက်ခံတယ် မမဆင့်၊ မမဆင့်တို့က သမီး မိန်းကလေးမှ မရှိဘဲ…"

ဒေါ်နွယ်နွယ်၏စကားကို ဒေါ်ခင်ခင်ဆင့် လက်ခံသည့် အပြုံးနှင့်ပြုံးလိုက်၏။

ဒေါ်နွယ်နွယ် ဧည့်ခံကျွေးမွေးသည့်စားစရာတွေကိုလည်း နှစ်သက်စွာ စားသောက်ဖြစ်ကြသည်။

သားရေးသမီးရေးအကြောင်းတွေ ပြောလိုက်ကြသည်မှာ အချိန်တွေမည်မျှကုန်သွားမှန်းပင် မသိလိုက်ကြ၊ အတန်ကြာမှ အိမ်ပြန်ရန် နှုတ်ဆက်လိုက်ကြသည်။

ဒေါ်ခင်ခင်ဆင့်နှင့်ကိုကိုနိုင်တို့ကို ဒေါ်နွယ်နွယ်နှင့်သမီး ရွှေဇင်တို့သည် ဆင်ဝင်အောက်သို့လိုက်ပို့ကြသည်။

ကိုကိုနိုင်သည် ကားပေါ်သို့အရောက်တွင် ကားစက်ကို မနှိုးသေးဘဲ၊ ရွှေဇင်ကို ကြည့်လိုက်သည်။ သူ့အကြည့်သည် တပ်မက်မှုတွေလွှမ်းမိုးနေသည့်အကြည့်မျိုးပါ…။





ဒေါ်ခင်ခင်ဆင့်သည် ဒေါ်နွယ်နွယ်နှင့်ပျော်ရွှင်ရယ်မော မှာ နှုတ်ဆက်မဆုံးရှိဆဲမှ…

ဒေါ်ခင်ခင်ဆင့်သည် ရွှေဇင်ထံ ကြည့်လာရင်း…

"သမီးရွှေဇင် အန်တီတို့ပြန်လိုက်ဦးမယ်၊ အန်တီတို့ အိမ်ကိုလည်း လာလည်နော်၊ သမီးအတွက် အန်တီတို့မိသားစုက အမြဲတမ်းကြိုဆိုနေပါတယ်…"

"ဟုတ်ကဲ့ပါ အန်တီ…"

"မမနွယ် သွားမယ်နော်…"

"ကောင်းပြီ မမဆင့်…"

ဒေါ်ခင်ခင်ဆင့်သည် လက်ပြနှုတ်ဆက်ပြီး ကားပေါ်သို့ တ်သွား၏။

ဒေါ်နွယ်နွယ်သည် ပြုံးရွှင်စွာပြန်လည်၍ နှုတ်ဆက်နေ ည်။ ထိုအတူ ကိုကိုနိုင်သည် ကားစက်ကိုနှိုးပြီးနောက် ရွှေဇင် တ်ကို မျက်နှာမူလိုက်ပြီး…

"ရွှေဇင် ကိုယ် သွားမယ်နော်…"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ကဲ့..."

ရွှေဇင်သည် ခေါင်းညိတ်ရင်း ထိုမျှသာဆိုလိုက်သည်။

ထို့နောက်...

ချက်ချင်းမျက်နှာလွှဲလိုက်၏။ ကိုကိုနိုင်သည် ပျော်ရွှင်သည့်အပြုံးနှင့်အတူ ကားလေးကိုနေရာမှမောင်းထွက်သွားလေ၏။

ဟင်း...

ခြံစောင့်ကြီးသည် ခြံတံခါးကိုဖွင့်ပေးပြီးနောက် ခြံတံခါးကို ပြန်ပိတ်လိုက်၏။ ရွှေဇင်သည် သက်မမောလေးကိုချရင်းမှ ဘာရယ်မဟုတ် မျက်စိတစ်ဆုံးကြည့်နေဖြစ်ရပါသတည်း...။

ØØØ ØØØ ØØØ



- တစ်ဆယ့်ကိုး -

အောင်မြင်သောနေ့...

ပျော်ရွှင်သောနေ့ဖြစ်သည်။

မှန်သည်။

ထိုနေ့သည် ရွှေဇင်တို့သူငယ်ချင်းများ စာမေးပွဲနောက်ဆုံးနေ့ဖြေဆိုပြီးသည့် အချိန်ဖြစ်သည်။

သူငယ်ချင်းများသည် စာမေးပွဲအခန်းထဲကထွက်လာကြသည်။

အားလုံးသည် ပျော်ရွှင်နေကြသည်ကို စိတ်အထွေး ရွှင်...



www.burmeseclassic.com

www.burmeseclassic.com



တော့ဖြင့်မပါ…။

ရွှေဇင်သည် သောင်းထိုက်၏လက်ကလေးကို တင်းကျပ်စွာဆုပ်ကိုင်ပြီး သောင်းထိုက်၏ပခုံးလေးကို မှီတွယ်ကာ လိုက်ပါလာ၏။

"ဒီနေ့တော့ ငါတို့ရဲ့ဘဝမှာ အပျော်ဆုံးပဲဟော့…"

သီဟ ဆိုသည်။

သီဟသည် နွာညို၏လက်လေးကို တင်းကျပ်စွာ ဆုပ်ကိုင်ထားလေ၏။

သီဟ၏အနောက်တွင် စိုးဝင်းနှင့်ကျော်ရဲဦးတို့ လိုက်လာကြသည်။

သူတို့၏အနောက်တွင် သောင်းထိုက်နှင့်ရွှေဇင်တို့ လိုက်ပါလာ၏။

"ရွှေဇင်..ဒီနေ့ အစ်ကိုတို့အတွက် ပျော်ရွှင်ဆုံးနေ့ပဲနော်၊ ရွှေဇင်ရော ပျော်ရဲ့လား…"

"ပျော်ပါတယ် အစ်ကိုရယ်…"





"တို့များလည်းပျော်ပါတယ် ကိုကိုရယ်…"

"တို့လည်းပျော်တယ်နော်…"

စိုးဝင်းနှင့်ကျော်ရဲဦးတို့က ဝင်နောက်ကြသည်။

ရွှေဇင်၊ သောင်းထိုက်နှင့်သီဟတို့သည် စိုးဝင်းနှင့်ကျော်ရဲဦးကို ကြည့်လိုက်ကြသည်။

သူတို့သည် သူငယ်ချင်းတွေ၏ ကြင်နာမှုတွေအတွက် ကျေနပ်နေကြ၏။

သိပ်ချစ်ကြသည့် သူငယ်ချင်းများဖြစ်သည့်အတွက် တစ်ယောက်ကောင်းစားရင် ပြန်လည်ကူညီတတ်ကြသည်။

ထို့အတွက် သူတို့သည် ရန်ဖြစ်စကားများသည်ဆိုတာ မရှိကြ…။

စိုးဝင်းနှင့်ကျော်ရဲဦးတို့သည် သူတို့ရှေ့ကနေလက်ချင်းယှက်ပြီး တားလိုက်ကြသည်။

သီဟနှင့်နွာညိုတို့ ရုတ်တရက် ရပ်တန့်သွားသလို သောင်းထိုက်နှင့်ရွှေဇင်တို့သည်လည်း ရပ်တန့်သွားပြီး နားမလည်



www.burmeseclassic.com

www.burmeseclassic.com



သလို ကြည့်လိုက်ကြသည်။

"ဒါဘာလုပ်တာလဲကွာ..."

"ကြိုးတားတာလေကွာ..."

"ဘာလို့တားရတာလဲ၊ မင်းတို့လုပ်ပုံကတစ်မျိုးပါလား"

"ဟုတ်တယ်လေ၊ ဒီနေ့စာမေးပွဲနောက်ဆုံးနေ့လေကွာ၊ **တစ်ယောက်**နဲ့တွေ့ဆုံဖို့ဆိုတာ မလွယ်ဘူးလေ...

လုပ်ငန်းခွင်ဝင် ကြရတော့မှာ၊ အဲဒီတော့ခွဲကြတဲ့အနေနဲ့ကြိုးတားတာ..."

"ကျော်ရဲဦးပြောတာ မှန်တယ်၊ အခုတော့ မင်းတို့ကို ကြိုးတားတာပဲ..."

သူတို့၏စကားကြောင့် လေးယောက်သား တစ်ယောက်မျက်နှာတစ်ယောက် ကြည့်လိုက်ကြသည်။

ကျော်ရဲဦးတို့၏ လုပ်ရပ်ကို သဘောပေါက်လိုက်ကြသည်။

သီဟလည်း သဘောပေါက်သွား၍...





"တစ်ခုခုကျွေးရမယ်ဆိုတဲ့ သဘောလား..."

"ကျွေးလည်းကျွေးရမယ်၊ တိုက်လည်းတိုက်ရမယ်..."

"ကျွေးပါ့မယ်ဟာ၊ ရိုးရိုးသားသားပြောလည်းရပါတယ်"

"သီဟ ငါတို့လုပ်ရပ်ကမကောင်းဘူး၊ မရိုးသားဘူးလို့ ပြောနေတာလား ခွာညို..."

"ငါ စကားမှားသွားရင် တောင်းပန်တယ်ဟာ၊ အဲဒီအတွက် နင်တို့စားချင်တာကို ငါတို့ ကျွေးမယ်၊ ကဲကျေနပ်လား"

စိုးဝင်းနှင့်ကျော်ရဲဦးသည် တစ်ယောက်မျက်နှာတစ်ယောက် ကြည့်ပြီးနောက် ခြိမ့်တူခေါင်းကိုခါလိုက်ကြ၏။ ပြီးမှ---

စိုးဝင်းက...

"အဲဒီလိုလုပ်လို့မရဘူး၊ ဒီပွဲမှာ နင်တို့လေးယောက်ထဲ အနိုင်ရသူတွေဆိုတော့ လေးယောက်လုံးကျွေးရမှာပဲ..."

"စိုးဝင်းပြောတာကို လက်ခံတယ်မဟုတ်လား---"

"လက်ခံတယ်ကွာ၊ အဲဒီတော့ ဘယ်ဆိုင်ကိုသွား[illegible] မင်းတို့ကြိုက်တဲ့ဆိုင်ကိုပြော..."



www.burmeseclassic.com

www.burmeseclassic.com



"ဒီလိုမှပေါ့ . . ."

ကျော်ရဲဦးနှင့်စိုးဝင်းတို့ ကျေနပ်စွာပြုံးလိုက်ကြ၏။ သူငယ်ချင်းတွေထဲမှာ သီဟနှင့်သောင်းထိုက်တို့သာ ချစ်သူတွေရှိတယ်လို့ ထင်နေကြပေမယ့် တကယ်တမ်းကြတော့ ထိုကဲ့သို့မဟုတ် . . .။

စိုးဝင်းနှင့်ကျော်ရဲဦးတို့လည်း ချစ်သူတွေကိုယ်စီရှိနေကြသည်ပါ . . .။

သို့သော်လည်း သူတို့နှစ်ယောက် ချစ်သူရှိနေသည်ကို သူငယ်ချင်းတွေမသိကြ၊ သူတို့ကလည်း ပြောထားခြင်းမရှိ . . .။

ထို့အတွက်ကြောင့် စိုးဝင်းနှင့်ကျော်ရဲဦးတို့၏ ပြောစကားတို့ကို လက်ခံလိုက်ကြခြင်းပါ . . .။

"ကဲ . . ဒီနေ့အလှူရှင်တွေကတော့ မောင်သောင်းထိုက်နဲ့ မရွှေဇင်၊ မောင်သီဟနဲ့မခွာညို့တို့ဖြစ်ပါတယ်ခင်ဗျာ၊ ဒီအတွက် ဘဝခရီးကို အောင်မြင်စွာလျှောက်လှမ်းနိုင်ပါစေလို့ ဆုတောင်းပါတယ်ဗျာ . . ."

ပြောပြီးသည်နှင့်သူတို့နှစ်ယောက်သည် တားထားသည့်





လက်တွေကို ပြိုင်တူဖြုတ်လိုက်၏။

ထို့အတွက်ကြောင့် လေးယောက်သား၏မျက်နှာတွေသည် ပြုံးရွှင်သွားကြ၏။

အချစ်ကိုမက်မောသူများသည် အချစ်အတွက် ကောင်းတာတွေကို ဆုတောင်းပေးသည့်အတွက် ကျေနပ်နေသည်မှာ အမှန်ပင်ဖြစ်သတည်း . . .။ ။

ØØØ ØØØ ØØØ



www.burmeseclassic.com

www.burmeseclassic.com

## - နှစ်ဆယ် -

အချစ်သည် လူသားတွေအတွက် တန်ခိုးရှင်၊ တန်ဘိုး မဖြတ်နိုင်သည့်အရာ...

အချစ်အတွက်ဆို တားဆီးပိတ်ဆို့မှုတွေ ဘယ်လောက်ပင် များပါစေ၊ ရင်ဆိုင်ရဲသည်ဟု စာဆိုရှိခဲ့ဖူး၏။

ထို့အတွက်ကြောင့် ရွှေဇင်သည် သောင်းထိုက်၏ခေါ်ရာ နောက်ကို လိုက်ခဲ့ပေပြီ...။

သောင်းထိုက်သည် ရွှေဇင်ကို မိမိ၏နေအိမ်သို့ အလည် ခေါ်ခဲ့ခြင်းပါ...။

သောင်းထိုက်၏မိဘများသည်လည်း တော်ရုံတန်ရုံခြင်း





မဟုတ်၊ တကယ့်စီးပွားရှင်ကြီးတွေပါ...။

ရွှေဇင်သည် သောင်းထိုက်တို့ နေထိုင်ရာတိုက်ကို ရောက် ပါပြီ...။

ခြံကြီးသည် ကြီးမားကျယ်ဝန်းသလောက် တိုက်ကြီးသည် လည်း ခမ်းနားထည်ဝါလှပါပေ၏။

တိုက်ကြီး၏ဆင်ဝင်အောက်သို့ ကားဆိုက်ရောက်သည် တွင် အသံတစ်ခုထွက်ပေါ်လာသည်...။

"ကိုကိုလေး ပြန်လာပြီ..."

"အေး..ဟုတ်တယ်၊ မေမေ ရှိလား..."

"ရှိတယ် ကိုကိုလေး၊ ဘုရားခန်းထဲမှာ၊ စုလေးခေါ်ပေး မယ်..."

ဆိုရင်း အိမ်ဖော်မလေး အပေါ်ထပ်သို့တက်သွား၏။

ရွှေဇင်နှင့်သောင်းထိုက်သည် ဧည့်ခန်းထဲတွင်ထိုင်လိုက် သည်။

ဧည့်ခန်းသည် ကြီးကျယ်ခမ်းနားခြင်းဖြင့် တင့်တယ်

www.burmeseclassic.com



နေ၏။

ညှော့ခန်းကြီး၏ပြင်ဆင်ထားမှုသည် အမြင်ရှင်း၍စိတ်ကို ကြည်လင်စေသည်။

"သားငယ် ပြန်လာပြီကိုး၊ အို..ညှော့သည်ပါလာတယ်"

"ဟုတ်ကဲ့ မေမေ..."

အသံနှင့်အတူ လှေကားကိုတစ်ထစ်ချင်းနင်းပြီး ဆင်းလာ၏။

သောင်းထိုက်၏ မိခင် ဒေါ်ဆွေဆွေဖြစ်သည်။

ဒေါ်ဆွေဆွေ၏တစ်ကိုယ်လုံးတွင် ရတနာတွေနှင့်ဝေနေ၏။

ဒေါ်ဆွေဆွေ၏မျက်နှာသည် ပြုံးရွှင်နေသလို၊ သဘောကောင်းသည့်လက္ခဏာတွေ ပေါ်လွင်နေသည်။

ဒေါ်ဆွေဆွေသည် သားနှင့်မိန်းမချောလေးရှိ ဆိုဖာပေါ်ထိုင်လိုက်၏။

"ညှော့သည်ကို ဘာမှညှော့မခံရသေးဘူးလား၊ စုလေးရေ





တစ်ခုခုစီစဉ်ခဲ့ပါကွယ်..."

"မေမေ ဒါ..သားရဲ့..."

သောင်းထိုက်သည် စကားစကိုဖြတ်လိုက်၏။

မိခင် ဒေါ်ဆွေဆွေကို ဘယ်လိုပုံစံနှင့်မိတ်ဆက်ပေးရမည်ဆိုတာ မသိအောင်ဖြစ်နေ၏။

ချစ်သူလိုလား၊ သူငယ်ချင်းလိုလား...

မည်သို့ပင်ဖြစ်စေကာမူ ဒေါ်ဆွေဆွေသည် ကောင်းစွာသဘောပေါက်သွား၏။

သောင်းထိုက်နှင့်ရွှေဇင်တို့ကို ကြည့်လိုက်၏။

"မေမေ သဘောပေါက်ပြီ သားငယ်၊ သမီးက သားငယ်နဲ့အတန်းတူပဲလား..."

"ဟုတ်ကဲ့ တူပါတယ်ရှင့်..."

"အေး..ကောင်းတယ်ကွယ်၊ သမီးကချစ်စရာလေးပါ၊ အန်တီတော့တွေ့တွေ့ချင်းပဲ သမီးအရင်းတစ်ယောက်လိုချစ်မိသွားပြီ..."



www.burmeseclassic.com

www.burmeseclassic.com



ရွှေဇင်သည် ခေါင်းလေးကို ဖြည်းညင်းစွာငုံ့ချလိုက်၏။

စိတ်ထဲတွင် ပျော်သလို၊ ရှက်သလိုဖြစ်နေ၏။

ရင်ထဲမှာ ရှိတာတွေကို အဖြေထုတ်မရပေ…။

ထို့နောက် အိမ်ဖော်မလေးသည် အအေးနှင့်စားစရာများ လာချပေး၏။

"ကဲ..သားနဲ့သမီးတို့ အေးအေးဆေးဆေး စကားပြောကြဦး၊ အန်တီ ဘုရားဝတ်ပြုလိုက်ဦးမယ်…"

"ဟုတ်ကဲ့ မေမေ…"

"သား သမီးကို ထမင်းစားပြီးမှလိုက်ပို့နော်၊ သမီး အေးဆေးပဲမဟုတ်လား…"

"ဟုတ်ကဲ့ပါ အန်တီ…"

ဒေါ်ဆွေဆွေသည် ထိုသို့ပြောပြီး အပေါ်ထပ်ဘုရားခန်းကို ဦးတည်၍ထွက်သွားလေပြီ…။

ဧည့်ခန်းအတွင်းရှိ သောင်းထိုက်နှင့်ရွှေဇင်သည် စားစရာများကို စားကြရင်း စကားများကို ပျော်ရွှင်စွာပြောနေကြ၏။





"အစ်ကိုတို့မိသားစုက အေးဆေးပါတယ် ရွှေဇင်၊ မေမေကလည်း သဘောကောင်းပါတယ်၊ ပြီးရင် ရွှေဇင် သွားချင်တဲ့နေရာကို လိုက်ပို့ပေးမယ်…"

"ဒါနဲ့အစ်ကို့ရဲ့အစ်ကို ရှိတယ်ဆို…"

"ရှိတယ် ရွှေဇင်၊ ဒါပေမဲ့ မရှိတော့ဘူး…"

"ဘယ်လို…"

"ဟုတ်တယ် ရွှေဇင်၊ ကိုကိုက မြန်မာနိုင်ငံမှာမရှိဘူး၊ အမေရိကားမှာ…"

"သူ့နာမည်က ဘယ်သူလဲ အစ်ကို…"

"ကိုယ့်ကိုကိုရဲ့နာမည်က ကိုစိုးထိုက်ပါ…"

ကြားလိုက်ရသည့်စကားကြောင့် ရွှေဇင် အရမ်းကိုအံ့သြသွား၏။

"ကိုစိုးထိုက်…"

ထိုနာမည်ကို ရွှေဇင် ကြားဖူး၏။

ရင်းရင်းနှီးနှီးကို ကြားဖူး၏။



www.burmeseclassic.com

www.burmeseclassic.com



ဘယ်မှာကြားဖူးသည်ကို ရုတ်တရက်စဉ်းစား၍မရ…

ရွှေဇင်၏မျက်နှာလေးသည် မသိမ်သာမှသိသိသာသာ တွေးဟန်ပေါက်နေတော့သည်။

ရင်ခုန်သံတွေဆူညံလာ၏။

စိတ်ကိုထိန်းနေသည့်ကြားမှ စိတ်ကလွတ်ချင်လာသည်။

မျက်ရည်တွေလည်း ရုတ်ချည်းဝဲချင်လာသည်။

နာကြင် မှုသည် ရင်ဝယ်ပြည့်လျှံချင်နေတော့၏။

စိတ်သည် လှုပ်ရှားနေသည့်ဖြစ်ခြင်းပါ…။

"ကိုကို့ကို သိလို့လား ရွှေဇင်…"

"ဩော်··ဟင်၊ အင်း··မသိပါဘူး အစ်ကိုရဲ့…"

"ကိုကို့ရဲ့ဓာတ်ပုံကို အစ်ကို ပြမယ်နော်၊ တွေ့ဖူးတယ်ရှိ တာပေါ့…"

ရွှေဇင်သည် ခေါင်းကိုတစ်ချက်ညိတ်လိုက်၏။

သူတို့သည် ထိုင်ရာကထပြီး ထွက်ခဲ့ကြ၏။

သောင်းထိုက် နှင့်ရွှေဇင်သည် အခန်းတစ်ခုသို့ ဦးတည်





လာနေ၏။

"ဒါ အစ်ကို့ရဲ့အခန်းပဲ ရွှေဇင်၊ ဟိုဘက်အခန်းက ဘိုးဘိုး ကြီးအခန်း၊ ကိုကို့အခန်းကို အရင်သွားမယ်…"

သောင်းထိုက်သည် မိမိအစ်ကိုအခန်းဆီသို့ အရင်ထွက်ခဲ့ ၏။

နှစ်ယောက်သား အခန်းထဲကိုဝင်လိုက်ကြသည်။

အခန်းသည် လူမနေတာကြာပြီဖြစ်ကြောင်း ထင်ရှား သည်။

အခန်းသည် နေ့စဉ်သန့်ရှင်းရေးလုပ်ထား၍ သန့်ရှင်းသပ် ရပ်၍နေ၏။

စာရေးစားပွဲပေါ်တွင် ဓာတ်ပုံတစ်ပုံနှင့်နံရံတွင်ဓာတ်ပုံ ခြောက်ပုံ ချိတ်ဆွဲထား၏။

ထိုအထဲတွင် နှစ်ယောက်တွဲဓာတ်ပုံကို တွေ့လိုက်ရ[illegible] ဟင်…

အံ့သြစရာကောင်းသည့်မြင်ကွင်းတစ်ခု ရင်[illegible]



www.burmeseclassic.com

www.burmeseclassic.com



လှုပ်ချောက်ချားသွား၏။

ကြေကွဲမှုတွေအလိတ်လိုက် တက်လာသည်။

ရွှေဇင် သည် စာရေးစားပွဲပေါ်ရှိ နှစ်ယောက်တွဲဓာတ်ပုံထံ ဦးတည်သွား၏။

ရွှေဇင့်ရင်ထဲမှာ ဘာတွေဖြစ်နေသည်ကို သောင်းထိုက် မသိ…။

"အဲဒါ ကိုကိုရဲ့ဓာတ်ပုံပဲ ရွှေဇင်၊ ဒါက ကိုကိုရဲ့ချစ်သူလို့ ကြားဖူးတယ်…"

ရွှေဇင်သည် ဓာတ်ပုံလေးကိုသေချာစိုက်ကြည့်နေမိသည်။

ရင်ထဲတွင်မတော့ ကြေကွဲနေရပါပြီ…။

သောင်းထိုက်၏အစ်ကို စိုးထိုက်နှင့်တွဲလျှက် ရိုက်ထား သည့်မိန်းကလေးသည် တခြားလူမဟုတ်…

ရွှေဇင်၏အစ်မ ငွေဇင် ဖြစ်သည်။

မျက်ဝန်းအိမ်မှထွက်လာမည့် မျက်ရည်တွေကို ထိန်း ချုပ်ထားရ၏။





"သူ့ကိုသိလို့လား ရွှေဇင်…"

"မသိပါဘူး အစ်ကို…"

ရွှေဇင်သည် ဓာတ်ပုံလေးကို စာရေးစားပွဲပေါ် တင်လိုက် ၏။

ရင်ထဲမှာပိတ်ဆို့တင်းကျပ်စွာ ခံစားနေရမှုတွေကို ဝ[illegible] ကြီးစွာ ထိန်းချုပ်နေရ၏။

ထို့အတူ ကိုစိုးထိုက်၏အကြောင်းတွေကို သိချင်ပေမယ့် မသိချင်အောင်ထိန်းချုပ်နေရသည်။

ဘဝ၏တစ်ဆစ်ချိုးတွင် မေ့ပျောက်ဖျက်ဆီးပစ်လို့မရ သည့်အရာဝတ္ထုများစွာရှိနေ၏။

ထို့အတူ ရွှေဇင်၏ရင်ထဲက ဝေဒနာဟောင်းတွေသည် ဓာတ်ပုံကိုတွေ့မှအသစ်ပြန်ဖြစ်သွားသည်။

"ကျွန်မ ပြန်တော့မယ်…"

"ဘာဖြစ်လို့လဲ ရွှေဇင်…"

"ဘာဖြစ်မှန်းမသိဘူး အစ်ကို၊ [illegible]

www.burmeseclassic.com



နည်းနည်းမူးနောက်လာသလိုဖြစ်လာလို့ပါ…”

“အစ်ကို လိုက်ပို့ပေးမယ်လေ…”

“ရပါတယ်၊ အစ်ကို နေခဲ့ပါ…”

ရွှေဇင်သည် စိုးထိုက်၏အခန်းကို ကျောခိုင်း၍ထွက်လာခဲ့၏။

သောင်းထိုက်သည် အနောက်ကလိုက်လာခဲ့သည်။

သောင်းထိုက်ကို စကားမပြော၊ ရင်ထဲကဝေဒနာတွေကို ကြိတ်မှိတ်၍ဖြေသိပ်နေရ၏။

မိသားစုအရေးနှင့်ပတ်သက်လာတော့လည်း ရွှေဇင့်ရင်ထဲရှိသောအချစ်သည် မြူမှုံလေးမျှသာဖြစ်သွားလေပြီတကား…။

ØØØ ØØØ ØØØ



\- နှစ်ဆယ့်တစ် -

အိပ်၍မရသောညများ…။

ထိုညကို ရင်မောစွာဖြတ်သန်းနေရ၏။

ရွှေဇင်သည် မိမိ၏ခုတင်ပေါ်တွင် မြွေတစ်ကောင်ကဲ့သို့ လူးလိမ့်နေ၏။

ရင်ထဲတွင်ပိတ်ဆို့နေသည့် ခံစားမှုများသည် ဖွင့်အံထွက်လာသည်။

မျက်ဝန်းအိမ်မှထွက်လာသည့် မျက်ရည်များသည် ခေါင်းအုံးတစ်ခုလုံး ရွဲရွဲစိုနေ၏။

“မမရယ်··ဘာကြောင့်များတိုက်ဆိုင်နေရသလဲ၊ မေတို့



www.burmeseclassic.com

www.burmeseclassic.com



သတ်လိုက်တဲ့သူကို ကလဲ့စားချေမယ်လို့ဆုံးဖြတ်ထားပေမယ့်၊ တကယ်တမ်းကြုံတွေ့လာတော့ အခက်ဆုံးဖြစ်နေတယ်...

တကယ်တော့ မမချစ်တဲ့သူနဲ့ကျွန်မ အသက်လောက်ချစ်ရသူက မိသားတစ်ရပ်ထဲဖြစ်နေတယ်...

ကိုစိုးထိုက်ဆိုတဲ့လူကို မမ ဘယ်လောက်မုန်းတယ်ဆိုတာ ကျွန်မ မသိပေမယ့်...

ကျွန်မ ချစ်တဲ့အစ်ကို့ကို ဘယ်လောက်ထိ ချစ်တယ်ဆိုတာ ကျွန်မတစ်ယောက်ထဲ အသိဆုံးပါ၊ ကျွန်မလေ အစ်ကို့ကို မုန်းဖို့ခက်နေတယ်...."

ရွှေဇင်သည် ပြောရင်းငိုနေရ၏။

မှန်သည်။

တကယ်တော့ ရွှေဇင်သည် မမငွေဇင်ကို အရမ်းချစ်သည်။

မမငွေဇင် မရှိသည့်အချိန်တွင် ရွှေဇင့်ဘဝသည် သစ်ခြောက်တစ်ပင်ကဲ့သို့ ဖြစ်ခဲ့ရ၏။





မမငွေဇင်သည် ကိုစိုးထိုက်ကို အရမ်းချစ်တဲ့အကြောင်း ပြောခဲ့ဘူးသည်။

နောက်ပြီး ကိုစိုးထိုက်ကို အရမ်းမုန်းတဲ့အကြောင်းလည်း ပြောခဲ့ပြန်သည်။

အကြောင်းကရှင်းနေသည်။

စိုးထိုက်သည် ငွေဇင်နှင့်ချစ်သူဖြစ်ခဲ့ကြသည်။

တစ်ယောက်နှင့်တစ်ယောက် မခွဲနိုင်အောင်ချစ်ခဲ့ကြသည်။

နှစ်အတန်ကြာအောင် ချစ်ခဲ့ကြသည်။

လက်ထပ်ဖို့အဆင့် ထိချစ်ခဲ့သည်။

လက်ထပ်ခါနီးမှ မင်္ဂလာပွဲကိုဖျက်သိမ်းလိုက်သည်။

ထို့အတွက် ငွေဇင်သည် ကြေကြေကွဲကွဲခံစားရပြီး အိပ်ရာထဲလဲသည်အထိ ဖြစ်လာ၏။

ပင်ကိုယ်က ရောဂါဝေဒနာတစ်ခု ထပ်ဆင့်တိုးလာပြီး သေပွဲဝင်သည်အထိ ဖြစ်သွား၏။



www.burmeseclassic.com

www.burmeseclassic.com



နှလုံးရောဂါဝေဒနာရှင် မမငွေဇင်အတွက် ရွှေဇင် ယူကြုံးမရဖြစ်ခဲ့၏။

ဒါဟာ ရွှေဇင်အတွက် ဖျက်၍မရသည့် ကြီးမားသည့် ဝေဒနာအစိုင်အခဲကြီးပင်...။

"ညီမလေးကို တစ်ခုမှာခဲ့မယ်၊ မမကို တကယ်ချစ်တယ် ဆိုရင် အဲဒီလူနဲ့ပတ်သက်ပြီးမပြောပါနဲ့...

ညီမလေးကလည်း အဲဒီအသိုင်းအဝိုင်းထဲက လူယုတ်မာ တွေနဲ့ဘယ်တော့မှ မပတ်သက်အောင် ခပ်ကင်းကင်းနေပါ...

မမကို အရှက်ရစေခဲ့တာ အဲဒီမိသားစုပဲ၊ မမရဲ့ဘဝကို လူ့လောကထဲမှာဘယ်လို မျက်နှာနဲ့ပြရမှာလဲ ညီမလေးရယ်..."

မမငွေဇင်၏ စကားသည်အရှမ်းမှန်သည်။

တစ်ယောက်နှင့်တစ်ယောက် ချစ်ကြပြီး လူကြီးတွေကို မတိုင်ပင်ဘဲ နှစ်ဦးသဘောတူစေ့စပ်ကြောင်း သတင်းစာမှာကြော်ငြာထည့်လိုက်၏။

ထို့အတွက် လူကြီးတွေက မင်္ဂလာကိစ္စစီစဉ်နေချိန်တွင်





စေ့စပ်ပွဲကိုဖျက်သိမ်းကြောင်း သတင်းစာမှာထပ်မံပါလာပြန်သည်။

ထို့အတွက် မမငွေဇင်မှာ အရူးတစ်ယောက်ဖြစ်သွား၏။

အကြောင်းစုံကိုမသိလိုက်ရသူက မမငွေဇင်ဖြစ်သလို ကိုစိုးထိုက်သည်လည်း မပြောပြခဲ့၊ မမငွေဇင်က တွေ့ခွင့်တောင်းတာတောင်မရခဲ့ပေ...။

ထိုကိစ္စနှင့်ပတ်သက်ပြီး မမငွေဇင် သေဆုံးခဲ့ရ၏။

ထို့အတွက် ရွှေဇင်နှင့်အတူ မိသားစုအားလုံး ကြေကွဲခဲ့ကြသည်။

ရွှေဇင်သည် အစ်မဖြစ်သူ ငွေဇင်၏အကြောင်းကို တွေးရင်း မျက်ရည်များအား ဖယ်ရှားမနိုင်အောင်ဖြစ်နေရသည်ပါ...။

နေထိုင်ရာအခန်းထဲတွင် အရူးမီးဝိုင်းသလိုလူးလိမ့်ခံစားနေရသည်။

ထို့အတွက် ဘာဆက်လုပ်ရမည်ဆိုသည်ကို စဉ်းစား၍ရေ...။

အချစ်ရေးနှင့်မိသားစုအရေး၊ မည်သည့်အရာကို ဦးစား



www.burmeseclassic.com

www.burmeseclassic.com



ပေးရမည်ဆိုသည့်ကို စဉ်းစားရခက်နေသလို၊ စိတ်ထဲတွင် လူ့လောကနှင့်ဝေးရာကို ထွက်ပြေးချင်နေသည်။

"ကျွန်မလေ အစ်ကိုကို အရမ်းချစ်ပါတယ်၊ အစ်ကိုက လွဲပြီး ဘယ်သူကိုမှမချစ်ခဲ့တာလည်း အမှန်ပါ…

ဒါပေမဲ့ အစ်ကိုရယ် မဖြစ်နိုင်တဲ့အကြောင်းအရာတွေကြောင့် ချစ်လျှက်နဲ့မုန်းရတော့မယ်ကွယ်…"

ရွှေဇင်သည် ထိုသို့ပြောနေချိန်တွင် မျက်ရည်ပေါက်ကြီးများသည် အလိတ်လိုက်ပြိုဆင်း၍နေလေ၏။

ရွှေဇင် ဆုံးဖြတ်လိုက်ရပါပြီ…။

ထို့နောက် စိတ်ကူးတစ်ခုပေါ်လာ၏။ စာအုပ်လေးကို တစ်ဖျတ်ဖျတ်လှန်ပြီး စာရေးလိုက်သည်။

ထိုစာသည် အသက်လောက်ချစ်ရသူ သောင်းထိုက်အတွက် သီးသန့်စာလေးတစ်စောင်သာ ဖြစ်သည်။

မိမိရေးလိုက်သည့်စာကိုဖတ်ပြီး သောင်းထိုက်သည် ကြေကွဲသွားမလား၊ ပျော်ရွှင်သွားမလားဆိုတာ သောင်းထိုက်နှင့်



ရွှေဇင်တို့နှစ်ယောက်ကလွဲပြီး မည်သူမှမသိနိုင်တော့ပြီတကား။

အချစ်ဆိုသည်မှာ တစ်ချို့ရယူခြင်း…

တစ်ချို့ကပိုင်ဆိုင်ခြင်း…

ရွှေဇင် အတွက်တော့ စွန့်လွှတ်ခြင်းလား….

မည်သို့ပြောရပါမည်နည်း…။

သေချာခြင်းတစ်ခုကဖြစ်…

မဖြစ်နိုင်တော့သောကြောင့် ပြောင်းလဲပစ်လိုက်ရပါတော့ပြီတည်း…။ ။

ပြီးပါပြီ…

သိဂ်ါရ,ရသအပေါင်းနှင့်ပြည့်ဝနိုင်ပါစေ…

စောပြည့်ရတနာ

www.burmeseclassic.com